## အပိုင်ကြီး (၅) – အသင်းတော်နှင့်မွဲတော်မင်္ဂလာများ(The Church and The Sacraments)

### အသင်းတော်အကြောင်း(The Church)

ကျမ်းစာက အသင်းတော်အကြောင်းကို မကြာခဏပြောပြသောကြောင့်၊ အသင်းတော်အကြောင်းကို သီအိုလော်ဂျီတွင် သီးသန့်ကဏ္ဍတရပ်ခွဲ၍ စနစ်တကျလေ့လာရခြင်းဖြစ်သည်။ အချို့သောဓမ္မသစ်ကျမ်းစာအုပ်များက အသင်းတော်အကြောင်းကိုသာ အဓိကထားလေ့ရှိကြသည်။ တမန်တော်ဝတ္ထုက ဓမ္မသစ်အသင်းတော်များ၏ စုစည်းခြင်း အကြောင်းကိုပြောပြသည်၊ ကောရိန္သုဩဝါဒစာပထမဆောင်က ဘုရားသခင်သည် မိမိအသင်းတော်ကို သစ္စာရှိတော်မူသည်ဆိုသည့်အကြောင်း ပြောပြသည်(၁း၉)၊ ဧဖက်ဩဝါဒစာက အသင်းတော်သည် ခရစ်တော်၏ခန္ဓာဖြစ်သည် ဆိုသည့်အဓိကအချက်မှနေ၍ အသင်းတော်အကြောင်းပြောပြသည် (၁း၂၂၊ ၂၃၊ ၅း၃၀-၃၂)၊ ကောလောသဲဩဝါဒစာက ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းဖြစ်သည်ဆိုသော ခန်းနားလှသည့်အမှန်တရားအကြောင်းပြောပြသည် (၁း၁၈၊ ၂း၁၀)၊ တိမောသေဩဝါဒစာ ပထမဆောင်က အသင်းတော်ထဲတွင် တင့်တယ်စွာ မည်သို့ပြုမူရမည့်အကြောင်း ပြောပြသည် (၃း၁၅)၊ တိတုဩဝါဒစာက အသင်းတော်သည် စနစ်တကျရှိခြင်းကို အဓိကထားရမည့်အကြောင်း ပြောပြပါသည် (၁း၅)။

ထို့ကြောင့် အသင်းတော်အကြောင်းကို လစ်လျူရှုခြင်း၊ အရေးမကြီးဟု ယူဆခြင်းတို့ကို မလုပ်သင့်ပါ။ သို့သော် ယနေ့ခေတ်တွင် အသင်းတော်နှင့်ပတ်သက်၍ ကျမ်းစာက မည်သို့သင်ပေးကြောင်း သိသူ အလွန်နည်းနေပါသည်။ ထို့အတူ အသင်းတော်၏ အရေးကြီးမှုကို အလေးထားသူလည်း အလွန်နည်းလာပါသည်။

ကျမ်းစာရေးရာတွင်သုံးသော ဂရိဘာသာစကားက အသင်းတော်ဆိုသည့်စကားလုံးကို "ခေါ်ထားသူများ"ဟု ပြောပါသည်။ ထို့ကြောင့် အသင်းတော်ဆိုသည့်စကားလုံးကို အမြင့်ဆုံး၊ အကောင်းဆုံးအဓိပ္ပါယ်ဖြင့်ပြောရလျှင် ကယ်တင်ခြင်းရသူများကိုသာ ရည်ညွှန်းသည်ဟု နားလည်ရပါသည်။ ထိုစကားလုံးက မည်သူတို့သည် အသင်းသူ/သားများ ဖြစ်ကြသည်ကို သတိရစေပါသည်။ "အမှောင်ထုထဲမှနေ၍ အံ့ဩဖွယ်ရာအလင်းတော်သို့ ခေါ်ထားခြင်းခံရသူများ"ဖြစ်ကြပါသည် (၁ပေ ၂း၉)။ ထို့ကြောင့် သူတို့ အသင်းတော်တွင် နေရာရကြရခြင်းသည် ကျေးဇူးတော်သက်သက်ကြောင့် ဖြစ်ပါသည် ဆိုသည်ကိုလည်း သတိပြုမိစေပါသည်။ သူတို့၏ ရွေးချယ်မှုကြောင့်၊ လုပ်ကိုင်မှုကြောင့် အသင်းသူ/သားများ ဖြစ်လာကြသည်မဟုတ်၊ ဘုရားသခင်၏ခေါ်တော်မူခြင်းကြောင့်သာ ဖြစ်ပါသည်။

အသင်းတော်၏အသင်းသူ/သားများကို ခေါ်တော်မူထားသည်ဟု ဆိုခြင်းသည်၊ ၎င်းတို့ကို အပြစ်မှကယ်တင်ထားခြင်း (အမှောင်ထုမှခေါ်ထုတ်ခြင်း)ကိုသာ ရည်ညွှန်းသည်မဟုတ်ပါ၊ ၎င်းတို့၏ ကမ္ဘာကြီးနှင့်ကမ္ဘာကြီး၏ ဒုစရိုက်ဆိုးညစ်ခြင်းများမှ သီးသန့်ခွဲထားခြင်းကိုလည်း ရည်ညွှန်းပါသည် (၂ကော ၆း၁၄-၁၈)။ ထို့ကြောင့် အသင်းတော် ဆိုသည့်အမည်က အသင်းသူ/သားများ၏ နာခံခြင်း၊ သန့်ရှင်းခြင်းတို့ကို ရှင်းပြစရာမလိုဘဲ သဘောပေါက်နေစေပါသည်။ အသင်းသူ/သားများဟု ပြောနေလျှက် မသန့်ရှင်းသူများသည် အသင်းတော်ဆိုသည့်အမည်နှင့် မထိုက်တန်ပါ။

သန့်ရှင်းခြင်းသည် အသင်းတော်၏ တကယ့်ဖြစ်တည်ဖို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။ သန့်ရှင်းခြင်းသို့ အသင်းသူ/သားများကို ခေါ်ထားခြင်းဖြစ်ပါသည်၊ ရွေးကောက်ခြင်းဖြစ်ပါသည် (ဧဖက် ၁း၄)၊ ကယ်တင်ခံရဖို့ ခေါ်ထားခြင်းဖြစ်ပါသည် (ကော ၁း၂၁၊၂၂)။ အသင်းတော်၏သန့်ရှင်းခြင်းသည် အလွန်အရေးကြီးပါသည်၊ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် အသင်းတော်ထဲ၌ ဘုရားသခင်ထားရှိသော ရည်ရွယ်ချက်နှင့်ဆိုင်၍ဖြစ်ပါသည်။ အသင်းတော်ဖြစ်တည်နေရခြင်း၏ အကြောင်းအရင်းမှာ ဘုရားသခင်၏ ဘုန်းတော်အတွက်ဖြစ်သည် (ဧဖက် ၁း၆၊ ၁၂)။ အသင်းတော်၏ သန့်ရှင်းခြင်း၊ အသင်းသူ/သားများ၏သန့်ရှင်းခြင်းဖြင့် ထိုရည်ရွယ်ချက် အကောင်အထည်ပေါ်လာပါသည်။ မသန့်ရှင်းသော အသင်းတော်၊ မသန့်ရှင်းသောအသင်းသူ/သားများနှင့် ပြည့်နေသောအသင်းတော်က ဘုရားသခင့်ဘုန်းတော်ကို မထင်ရှားစေပါ၊ မထင်ရှားစေနိုင်ပါ။ အထူးသဖြင့် အသင်းတော်၏သန့်ရှင်းခြင်းမှနေ၍ ဘုရားသခင်၏ဘုန်းတော်သည် ထွန်းလင်းတောက်ပနေပါသည်။

ယနေ့ခေတ်အသင်းတော်၏အသင်းသူ/သားများ "ခေါ်ထားခြင်း"ခံရသူများအနေနှင့် အသက်မရှင်ကြတော့ခြင်းသည် အသင်းတော်အတွက် ရှက်စရာဖြစ်ပါသည်၊ နစ်နာရမှုဖြစ်ပါသည်။ အကယ်၍အသင်းတော်သည် မိမိ၏သင်ကြားပေးမှု၌၎င်း၊ အသင်းသူ/သားများ၏ နေထိုင်ပုံ၌၎င်း လက်တွေ့ပြုမူမှု၌၎င်း ကမ္ဘာကြီးနှင့် ဘာမှမခြားနားတော့လျှင် အသင်းတော်၏ သက်သေခံခြင်းသည် မည်သို့မျှ သက်ရောက်မှု ရှိတော့မည်မဟုတ်ပါ။ အသင်းတော်၏ဂုဏ်ကျက်သရေ လမ်းပျောက်နေသောကမ္ဘာကြီးသို့ အသင်းတော်၏သက်သေခံခြင်း၏ ဂုဏ်ကျက်သရေသည် "ခေါ်ထားခြင်းခံရသူများ"

ဆိုသည့်အမှန်တရားအပေါ်၊ သီးသန့်ဖြစ်ခြင်း၊ သန့်ရှင်းခြင်းအပေါ် တည်မှီနေပါသည်။ သို့မှသာ ကမ္ဘာကြီးနှင့်ခြားနားသည်ဟု မြင်နိုင်ပါမည်။

ထို့ကြောင့် ခရစ်တော်၏အသင်းတော်၏ အသင်းသူ/သားများအားလုံး ဘုရားသခင့်ရှေ့တော်မှောက်တွင် သန့်ရှင်းသူများ၊ အပြစ်တင် မခံထိုက်သူများ ဖြစ်နိုင်ကြရန် ဆုတောင်းကြရပါမည် (ဧဖက် ၁း၄၊ ၆)။ ထိုနည်းလမ်းဖြင့်သာ အသင်းတော်၏လုပ်ဆောင်ခြင်းများ၊ သက်သေခံခြင်းများသည် တိုးပွားမည်ဖြစ်ပါသည်။

**ဒေသန္တရအသင်းတော်နှင့်ကိုယ်ခန္ဓာအခိုင်ဒီယာအကြောင်း**(Congregation and Body)

အသင်းတော်အကြောင်းကို ပြောသည့်အခါ၊ ကျမ်းစာသည် အသင်းတော် ဆိုသည့်စကားလုံးကို အမြဲတမ်း ပုံစံတမျိုးထဲနှင့် သုံးလေ့မရှိပါ။ ဝတ်ပြုခြင်းပြုလုပ်ကြသည့် အဆောက်အဦးကို ဘယ်တော့မှ အသင်းတော်ဟု မခေါ်ပါ။ ကျမ်းစာက အသင်းတော် ဆိုသည့်စကားလုံးကို နေရာဒေသတခု၌နေထိုင်ကြသည့် ယုံကြည်သူ အစုကို ရည်ညွှန်းလေ့ရှိပါသည် (၁ကော ၁း၂၊ ဗျာ ၂း၁၊ ၈၊ ၁၂)၊ (သို့) လူ့သမိုင်းတလျှောက်၌ရှိသော ဘုရားသခင်၏ရွေးကောက်ခြင်းခံရ၍ ကယ်တင်ခြင်းရသူများပါဝင်သည့် အုပ်စုကြီးကို (ကိုယ်ခန္ဓာဟုလည်း ပုံဆောင်၍ခေါ်တတ်ပါသည်)ရည်ညွှန်းပါသည် (ဧဖက် ၁း၂၃)။

အသင်းတော်ကို ခရစ်တော်၏ကိုယ်ခန္ဓာ ဟုလည်းခေါ်သလို၊ ဒေသန္တရအသင်းတော်(နေရာတခုတွင်ရှိနေသည့် ယုံကြည်သူ အစုအဝေး)ဟုလည်း ခေါ်ပါသည်။ ၎င်းတို့နှစ်ခုကြားရှိ ခြားနားမှုကို ပုံစံအတော်များများနှင့် ပြော၍ရပါသည်။ တခါတရံ အသင်းတော် ဒေသန္တရအသင်းတော်အနေနှင့် တည်ထောင်ထားသောအသင်းတော်(institute)ဟု ခေါ်ပါသည်။ (သို့) မြင်ရသောအသင်းတော်(visible)ဟုခေါ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် မြင်ရ၍ဖြစ်သည်။ ကမ္ဘာပေါ်တွင် တည်ထောင်ထားသည့်ပုံစံဖြင့် မြင်နေရသည်။ ထို့အတူ ကယ်တင်ခြင်းခံရသူများ အစုအဝေးကိုလည်း မမြင်ရသောအသင်းတော်(invisible) (သို့) အသင်းတော်၏ဩဂဲန်းနစ်ဇင်ဟု ခေါ်ပါသည်။(organism= ဩဂဲန်းနစ်ဇင် ဆိုသည်မှာ အသက်ရှင်သောသတ္တဝါဟု အဓိပ္ပါယ်ရပါသည်)။ ထိုသို့ခေါ်ရခြင်းမှာ အသင်းတော်သည် ခရစ်တော်၌အသက်ရှင်နေ၍ ဖြစ်ပါသည်။ မမြင်ရသောအသင်းတော်ဟု ပြောရခြင်းမှာ အသင်းတော်၏အဆုံးသတ် နယ်နိမိတ် မည်သည့်နေရာအထိဖြစ်သည်ကို မမြင်နိုင်၍ဖြစ်ပါသည်။

အသင်းတော်ကို ကိုယ်ခန္ဓာတခုအနေနှင့်ကြည့်သည့်အခါ ၎င်းတွင် ဘုရားသခင်က ရွေးကောက်ကယ်တင်ထားသူများသာ ပါဝင်ပါသည် (၁ပေ ၂း၉)။ သို့သော် ဒေသန္တရအသင်းတော်ထဲတွင်တော့ အမြဲတမ်း အယောင်ဆောင်များပါတတ်ပါသည် (ဗျာ ၂း ၁၄-၁၅၊ ၃း၁၇-၁၈)။ အသင်းတော်ကို ကိုယ်ခန္ဓာတခုအနေနှင့်ကြည့်လျှင် ၎င်းတွင် သေပြီးယုံကြည်သူများ၊ အသက်ရှင်နေဆဲ ယုံကြည်သူများ၊ ခရစ်တော်၌ ရွေးကောက်ထားပြီးဖြစ်သော်လည်း မမွေးဖွားကြသေးသူများ၊ ကယ်တင်ခြင်းကို မရကြသေးသူများ ပါဝင်ကြပါသည်။ အသင်းတော်အား ဒေသန္တရအသင်းတော်အနေနှင့် ကြည့်သောအခါ ၎င်းတွင် မြေကြီးပေါ်ရှိ အချိန်အပိုင်းအခြားတခုတွင် အသက်ရှင်နေကြသည့် လူတစုသာ ပါဝင်ပါသည်။

ထိုသို့ ဒေသန္တရဆိုသည်နှင့်ကိုယ်ခန္ဓာတခုဆိုသည်ကို ခြားနားလျှက် နားလည်ခြင်းသည် အရေးကြီးပါသည်။ ကမ္ဘာပေါ်တွင် ဒေသန္တရအသင်းတော် အများအပြားရှိမည် မှန်သော်လည်း(ဗျာ ၂၊ ၃)၊ ခရစ်တော်၏ခန္ဓာမှာ တခုတည်းသာ ရှိပါသည်(၁ကော ၁၂း၁၂)။ ထိုခန္ဓာကို ၎င်း၏ရန်သူများက မနာကျင်စေနိုင်၊ မဖျက်ဆီးနိုင်ပါ (မဿဲ ၁၆း၁၈)။ သို့သော် ဒေသန္တရအသင်းတော်ကိုမူ လုံးဝပျောက်သွားအောင် ဖျက်ဆီးနိုင်ပါသည်၊ ဖျက်လည်းဖျက်ဆီးလေ့ရှိပါသည် (၁ကော ၁း၁၁၊ ဗျာ ၃း၁၊ ၁၆)။ ထို့အပြင် ဒေသန္တရအသင်းတော်တခုသည် ခရစ်တော်၏အသင်းတော်အဖြစ်မှ ရွေ့လျောသွားနိုင်ပါသည် (ဗျာ ၂း၅)။ အသင်းတော်အား ထိုအနှစ်သာရနှစ်မျိုးဖြင့် ခြားနားစွာနားလည်ရပါမည်၊ ထိုအခါ ရှုပ်ထွေးမှုများ မရှိနိုင်တော့ပါ။

အသင်းသူ/သားများနှင့်ပတ်သက်၍ပြောရလျှင်၊ အသင်းတော်ကို ဒေသန္တရအနေနှင့်၎င်း၊ (ခရစ်တော်၏)ကိုယ်ခန္ဓာအနေနှင့်၎င်း နားလည်ခြင်းသည် အရေးကြီးပြန်ပါသည်။ ကျွန်တော်တို့အနေနှင့် ဒေသန္တရအသင်းတော်တခုတွင် ပါဝင်ဖို့ရန် တာဝန်ရှိကြသော်လည်း(ဟေဗြဲ ၁၀း၂၅)၊ ခရစ်တော်၏ကိုယ်ခန္ဓာသို့ ပါဝင်ရခြင်းအခွင့်ကိုမူ ဘုရားသခင်က ရွေးကောက်ခြင်းဖြင့်၎င်း၊ ကရာနိကုန်းပေါ်သွန်းသော အသွေးတော်အားဖြင့်၎င်း လုပ်ပေးခြင်းဖြစ်ပါသည်(ကော ၁း၁၂-၁၄)။

မည်သို့ပင်ဖြစ်ပါစေ၊ အသင်းတော်ဆိုသောစကားလုံးတခုကို ထိုသို့အဓိပ္ပါယ်နှစ်မျိုးဖြင့် ခြားနား၍ရသော်လည်း တခါတရံတွင်မူ နှစ်ခုစလုံးသောအနှစ်သာရဖြင့် တကြိမ်ထဲတွင် အသုံးပြုတတ်ပြန်ပါသည်။ ခရစ်တော်၏ကိုယ်ခန္ဓာ တစိတ်တပိုင်းကို ဒေသန္တရအသင်းတော်တွင် တွေ့ရသောကြောင့်ဖြစ်ပါသည်။ ထိုသို့ခရစ်တော်၏ကိုယ်ခန္ဓာ တစိတ်တပိုင်းရှိနေ၍သာ ဒေသန္တရအသင်းတော်ကို အသင်းတော်ဟု ခေါ်နိုင်ရခြင်းဖြစ်သည်။

ကျွန်တော်တို့ ဘာကိုပြောနေကြသနည်းဆိုသော်၊ အသင်းတော်ဆိုသည့် စကားလုံးကို အမှန်နိုင်ဆုံး အဓိပ္ပါယ်နှင့် ဖွင့်ဆိုရလျှင် ကယ်တင်ခြင်းရသောလူတစုသာလျှင် ပါဝင်သောအစုအဝေးတခု ဟူ၍ဖြစ်ပါမည်။ အချို့သော ဒေသန္တရအသင်းတော်များကို ကျမ်းစာထဲ၌ အသင်းတော်ဟု မှန်ကန်စွာခေါ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ကယ်တင်ခြင်းခံရသူများ ပါဝင်နေ၍ဖြစ်သည်၊ ဘာနှင့်တူသနည်းဆိုသော် ဓမ္မဟောင်းကာလ အစ္စရေးနိုင်ငံကို စစ်မှန်သောအစ္စရေးများပါဝင်၍ အစ္စရေးဟု ခေါ်ခဲ့သည်နှင့်တူပါမည် (ရော ၂း၂၈-၂၉၊ ၉း၆၊ ဂလာတိ ၃း၂၉)။

ထို့ကြောင့် အသင်းတော်နှင့်ပတ်သက်သည် ကျမ်းစာ၏သင်ပေးမှုများကို လေ့လာကြပါမည်၊ ထိုသို့ဖြင့် အသင်းတော်ကို ခရစ်တော်၏ကိုယ်ခန္ဓာအနေဖြင့်၎င်း၊ ဖွဲ့စည်းတည်ထောင်ထားသောအဖွဲ့အစည်းအနေနှင့်၎င်း ချစ်မြတ်နိုးကာ၊ ရိုသေလေးစားလာကြပါမည်။

## အသင်းတော်၏အမည်များအကြောင်း(The Names of the Church)

ကျမ်းစာထဲတွင် အသင်းတော်အတွက် အမည်အမျိုးမျိုးကို များပြားစွာသုံးထားပါသည်။ ထိုနာမည်များသည် ဘုရားသခင်က အသင်းတော်နှင့်ပတ်သက်၍ ကျွန်တော်တို့ကိုသိစေချင်သော ဗျာဒိတ်ဖွင့်ပြချက်များဖြစ်ကြပါသည်။ နာမည်တခုစီက အသင်းတော်၏အရေးကြီးမှု တခုစီကို ပြောပြကြပါသည်။

အသင်းတော်ဆိုသောအမည်သည် “ခေါ်ထုတ်ထားသူများ”ဟု အဓိပ္ပါယ်ရသည်၊ ဘုရားသခင်က သူ၏လူများကို အမှောင်ထဲမှ အံ့သြဖွယ်အလင်းသို့ မိမိ၏နှုတ်ကပတ်တော်ဖြင့် ခေါ်ထုတ်ထားသည်၊ ထို့နောက် ထူခြားသောလူတစုအဖြစ် ဖွဲ့စည်းလိုက်သည် ဆိုသည့်အကြောင်းကိုပြောပြသည် (၁ပေ ၂း၉)။ အသင်းတော်ဆိုသည့်အမည်အား ကျမ်းစာတွင် အများဆုံးသုံးသည်ကို အံ့သြစရာမရှိပါ။ ၎င်းနာမည်က အသင်းတော်၏ဖြစ်တည်မှုနှင့် ကောင်းချီးမင်္ဂလာများ ခံစားနေရမှုတို့သည် ဘုရားသခင်၏ ခေါ်တော်မူခြင်းနှင့် အစိုးရတော်မူသော ကျေးဇူးတော်ကြောင့်သာဖြစ်ခြင်းကို ဖေါ်ပြနေပါသည်။

အသင်းတော်ကို ခရစ်တော်၏ကိုယ်ခန္ဓာဟုလည်းခေါ်ပါသည် (၁ကော ၁၂း၁၂-၂၇)။ ဤနာမည်က အသင်းတော်၏ ဦးခေါင်းအဖြစ် ခရစ်တော်၏ဘုန်းကျက်သရေကို ကျွန်တော်တို့အား သတိရစေပါသည်။ ခရစ်တော်နှင့် ညီညွှတ်စွာ အသက်ရှင်နေခြင်း၊ အသင်းသူ/သားများ တဦးနှင့်တဦးကြား ဆက်နွယ်နေမှုတို့ကို သတိရစေပါသည်။ အသင်းတော်ဆိုသည့် ခရစ်တော်၏ကိုယ်ခန္ဓာတွင် ခရစ်ယာန်တို့သည် တဦးနှင့်တဦး အင်္ဂါများဖြစ်ကြသည်၊ ထို့အပြင် ခရစ်တော်၏အင်္ဂါများလည်း ဖြစ်ကြပါသည်။

ထို ခရစ်တော်၏ကိုယ်ခန္ဓာဆိုသည့်အမည်ကို အထူးသဖြင့် ဧဖက်ဩဝါဒစာနှင့် ကောလောသဲဩဝါဒစာတို့တွင် အသုံးပြုပါသည်။ အထူးပြုချက် အနည်းငယ်ကွဲပြားလျှက် သုံးကြသည်။ ဧဖက်ဩဝါဒစာတွင် အသင်းတော်သည် အဘယ်နည်း ဆိုသည်နှင့် ခရစ်တော်ကြောင့်ရသော အသင်းတော်၏ဘုန်းကျက်သရေကို အထူးပြုပါသည်။ ကောလောသဲဩဝါဒစာတွင်မူ ခရစ်တော်သည် အသင်းတော်၏ ဘုန်းကျက်သရေပြည့်ဝသော ဦးခေါင်းဖြစ်သည်ဟု အထူးပြုပါသည်။

ကျမ်းစာက အသင်းတော်ကို စပျစ်နွယ်ပင်နှင့်လည်းနှိုင်းပါသည် (ယော ၁၅း၁-၆)။ သစ်ပင်အနေနှင့်လည်းဖေါ်ပြပါသည် (ရောမ ၁၁း၁၆-၂၄)။ ဓမ္မဟောင်းကျမ်းစာတွင်လည်း ထိုနှစ်မျိုးကိုသုံးထားသည်ကိုတွေ့ရပါသည် (ဆာလံ ၈၀း၈၊ ယေရှာ ၅း၁-၇)။ ထို့ကြောင့် အစ္စရေးနှင့်အသင်းတော်သည် တခုတည်းဖြစ်ကြောင်း ပြောနေခြင်းဖြစ်သည်။ ထိုသို့သော နှိုင်းယှဉ်မှုများက ခရစ်တော်နှင့်အသင်းတော်ကြား ညီညွှတ်မှု၊ ဆက်နွယ်မှုသည် မည်မျှနီးကပ်လှသည်ကို ပြောနေခြင်းဖြစ်သည်။ ထို့အပြင် အသင်းတော်၏ ခရစ်တော်အပေါ် လုံးလုံးလျှားလျှား မှီခိုနေရမှုကိုလည်း ပြောပြပါသည်။ သူသည် (စပျစ်)နွယ်ပင်ဖြစ်သည်၊ ကျွန်တော်တို့သည် အကိုင်းအခက်များဖြစ်ကြပါသည်။

နောက် ခြားနားသော အမည်တခုမှာ ဘုရားသခင်၏ဗိမ္မာန်တော် ဆိုသည့်အမည်ဖြစ်သည် (၁ကော ၃း၁၆-၁၇၊ ၂ကော ၆း၁၆၊ ဧဖက် ၂း၂၀-၂၁) (သို့) ဘုရားသခင်၏အိမ် ဟုလည်းခေါ်ပါသည် (၁တိ ၃း၁၅၊ ဟေဗြဲ ၃း၆၊ ၁ပေ ၂း၄-၉)။ သတိပြုရမည်မှာ အသင်းတော် တွေ့စုံသောနေရာ အဆောက်အဦးကို ခေါ်ခြင်းမဟုတ်ဘဲ၊ ယုံကြည်သူများ စုဝေးနေခြင်းကို ဘုရားသခင်၏အိမ် ဟုခေါ်ခြင်းဖြစ်သည်။ အသင်းတော်ကို ဗိမ္မာန်တော်ကဲ့သို့သော အဆောက်အဦနှင့် ခိုင်းနှိုင်းသောအခါ၊ ၎င်း၏လှပခြင်း (သို့) မြတ်နိုးစရာကောင်းခြင်း၊ ညီညွှတ်နေခြင်းတို့ကို သတိရစေပါသည်။ ထိုဝိညာဉ်ရေးရာအဆောက်အဦးတွင် ယုံကြည်သူ တဦးစီတိုင်းအတွက် နေရာရှိပါသည်။ ထို့အပြင် အဆောက်အဦတခုတွင် မျိုးစုံသောပစ္စည်းများ ဆင်ယင်ထားသကဲ့သို့ တဦးနှင့်တဦး မတူကြသော အသင်းသူ/သားများသည် အသင်းတော်တွင် နေရာမျိုးစုံ

ကို ဝင်ယူကြရပါသည် (၁ကော ၁၂)။ သို့သော် အသင်းသူ/သားအားလုံးသည် ဘုရားသခင်ကပိုင်ဆိုင်သော ထိုအဆောက်အဦး၏ အစိတ်အပိုင်းများ ဖြစ်ကြပါသည်။

အိမ်၊ အဆောက်အဦး၊ ဗိမာန်တော်ဟု အသင်းတော်ကိုခေါ်သည့်အခါ၊ အဓိကအဓိပ္ပါယ်မှာ ထိုနေရာသည် ဘုရားသခင် သူ့လူများနှင့်အတူ နေသောနေရာဖြစ်သည်ဟု ပြောနေခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ့လူများနှင့်အတူ သူတို့၏ဦးခေါင်းဖြစ်သော ခရစ်တော်အားဖြင့် တမိုးရိပ်အောက်တွင် မိသားစုကဲ့သို့ နေထိုင်တော်မူပါသည်။ ထိုနေရာတွင် ဘုရားသခင်နှင့် သူ့လူများ ရင်းနှီးစွာဆက်ဆံကြသည်၊ သူတို့ထံတွင် မိမိ၏ပဋိညာဉ်ကိုပြုတော်မူသည်၊ သူတို့ကို ထာဝရကောင်းချီးပေးတော်မူပါသည်။

## အသင်းတော်၏အခြားအမည်များအကြောင်း(Other Names for Church)

ကျမ်းစာက အသင်းတော်အတွက် အမည်အမြောက်အများ သုံးစွဲသည်ကို တွေ့ခဲ့ကြပြီဖြစ်သည်။ ထိုသို့ သုံးခြင်းသည် အသင်းတော်ဆိုသည်မှာ အဘယ်နည်းဆိုသည်ကို သိရန်နှင့် အသင်းတော်ကို ချစ်တတ်ရန်ဖြစ်သည်။ ထိုအမည်များကို ကြည့်ခြင်းဖြင့် အသင်းတော်သည် ဘုရားသခင်၏ မျက်လုံးတော်များရှေ့တွင် မည်မျှအရေးကြီးသည်ကို သိနိုင်ပါမည်၊ ထိုသို့ပင် ကျွန်တော်တို့ မျက်လုံးများရှေ့တွင်လည်း ဖြစ်သင့်ပါသည်။

ထိုနာမည်များကို စုဝေးလျှက် ဟေဗြဲဩဝါဒစာ ၁၂း၂၂-၂၄ တွင်တွေ့ရပါသည်။ ထိုစာပိုဒ်များတွင် အသင်းတော်ကို ဇိအုန်တောင်၊ အသက်ရှင်တော်မူသော ဘုရားသခင်၏မြို့တော်၊ ကောင်းကင်ဂျေရုဆလင်မြို့၊ အထွေထွေအစည်းအဝေးကြီး၊ ဆိုလိုသည်မှာ၊ ကောင်းကင်ဘုံ၌ရေးသားထားသော သားဦးတို့၏အသင်းတော် ဟူ၍ခေါ်ထားပါသည်။ အသင်းတော်သည် ဓမ္မသစ်ကာလ၏ သန့်ရှင်းသောနိုင်ငံတော်လည်းဖြစ်ပါသည် (၁ပေ ၂း၉)။

ဤနေရာမှနေ၍ အသင်းတော်နှင့်အစ္စရေးသည် အတူတူပင်ဖြစ်ကြောင်း သင်ရပါသည်။ အစ္စရေးဆိုသည်မှာ ဓမ္မဟောင်းကာလအသင်းတော်ဖြစ်ပြီး၊ အသင်းတော်သည် ဓမ္မသစ်ကာလအစ္စရေးဖြစ်ပါသည်။ မိမိနေထိုင်ရာအဖြစ် ဘုရားသခင်က ရွေးချယ်သော၊ အစ္စရေးနိုင်ငံ၏မြို့တော်အတွက် အသုံးပြုသော နာမည်များကို ဓမ္မသစ်ကျမ်းစာတွင် အသင်းတော်၏အမည်အဖြစ် သုံးထားပါသည်။ ထိုသို့ပင် ဗျာဒိတ်ကျမ်း ၂၁ ၌ ကောင်းကင်တမန်က ယောဟန်ကို ဘုရားသခင်၏မြို့တော်၊ ယေရုရှလင်မြို့သစ်၊ သိုးသငယ်၏ဇနီးဟု အသင်းတော်ကို ပြခဲ့ချိန်တွင်လည်း တွေ့ရပါသည်။

ဤနေရာတွင် အဆုံးသတ် နိဂုံးချုပ် သက်သေခံခြင်းတမျိုးကို တွေ့ရပါမည်။ ထိုသက်သေခံခြင်းမှာ အသင်းတော်သည် (စပျစ်)နွယ်ပင်(ယော ၁၅း၁-၆ နှင့် ဆာလံ ၈၀း၈ တို့ကိုနှိုင်းယှဉ်ကြည့်ပါ)၊ ဘုရားသခင်၏ဗိမာန်တော်၊ ဘုရားသခင်၏အိမ်၊ ဇိအုန်တောင်၊ ယေရုရှလင်၊ အသက်ရှင်သောဘုရားသခင်၏မြို့တော် စသည်တို့ဖြစ်ပါသည်ဟု ပြောနေသဖြင့် ဓမ္မသစ်ကာလ၏အသင်းတော်သည် ဓမ္မဟောင်းကာလရှိအစ္စရေးတို့နှင့် ဘာမဆိုတူကြောင်း သံသယမဖြစ်အောင် သဘောပေါက်စေခြင်း ဖြစ်သည်။

ထိုအချက်ကို ကျွန်တော်တို့ပို၍မပြောခင်၊ ထိုနာမည်များ၏အရေးပါမှုကို ဂရုပြုစေချင်ပါသည်။ အသင်းတော်ကို မြို့တော်၊ နိုင်ငံတော် အဖြစ်ဖော်ပြနေရာ၊ ၎င်းသည် ဘုရင်တပါးရှိသော၊ ဥပဒေများ၊ ယဉ်ကျေးမှုများ၊ ဘာသာစကားများ အသီးသီးပိုင်ဆိုင်ကြသည့် ဝိညာဉ်ရေးရာ မနေဿဟာယ နိုင်ငံတော်တမျိုးဖြစ်ကြောင်းကို ဖော်ပြနေခြင်းဖြစ်ပါသည်။ အသင်းသူ/သားများသည် ထိုနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြပါသည်၊ နိုင်ငံသားတို့၏ရပိုင်ခွင့် အခွင့်အရေး အားလုံးကို ပိုင်ဆိုင်ကြသော နိုင်ငံသားများဖြစ်ကြပါသည်။ ထိုနိုင်ငံတော်ထဲတွင် ၎င်းတို့ကို ရန်သူများ၏ရန်မှ ဘုရင်တကာတို့၏ ဘုရင်က ကာကွယ်ပေးကာ သေချာစွာအုပ်ချုပ်တော်မူပါသည်။

သို့သော် အသင်းတော်သည် ဝိညာဉ်ရေးရာနိုင်ငံတော် မြို့တော် ဖြစ်ပါသည်။ ယွင်ကလည်းထိုသို့ဖြစ်သလို ယခုလည်း ထိုသို့ပင်ဖြစ်ပါသည်။ ၎င်း၏တံတိုင်းများသည် ကယ်တင်ခြင်းဖြစ်သည်၊ ၎င်း၏အဝင်တံခါးများသည် ချီးမွမ်းခြင်းဖြစ်ပါသည် (ဟေရှာ ၆၀း၁၈)။ ၎င်း၏ "သော့"များမှာ ဧဝံဂေလိတရားဟောခြင်းနှင့် ခရစ်ယာန်တို့၏ စည်းကမ်းထိန်းသိမ်းခြင်းကို လက်တွေ့ကျင့်သုံးခြင်းတို့ ဖြစ်ကြပါသည် (မဿဲ ၁၆း၁၉၊ ၁၈း၁၅-၂၀)။ အသင်းတော်၏ အခြေခံအုတ်မြစ်များမှာ တမန်တော်များ၏သွန်သင်မှု၊ ပရောဖက်များ၏ သွန်သင်မှုတို့ဖြစ်ကြပါသည်။ ဆိုလိုသည်မှာ ကျမ်းစာတော်မြတ်ကိုဖြစ်ပါသည် (ဧဖက် ၂း၂၀-၂၂၊ ဗျာ ၂၁း၁၄)။

အသင်းတော်ကို နောက်တခါ ခံတပ်ဖြစ်သော ဇိအုန်တောင်နှင့်ဖော်ပြပါသည်။ ပြောချင်သည်မှာ အသင်းတော်သည် မိမိဘုရင်၏အုပ်ချုပ်မှုအောက်တွင် မည်သူမှ မနိုင်အောင် ခိုင်မာသော ခံတပ်ကြီးဖြစ်သည် ဆိုသည့်အကြောင်းဖြစ်သည်(ဆာလံ ၄၈း၁၂-၁၄)။ ထိုသို့သော တံတိုင်းများ၊ အဝင်တံခါးများ၊ သော့များရှိလျှက်နှင့် မည်သူက နိုင်နိုင်ပါမည်

နည်း? ထို့ကြောင့် ငရဲ၏တံခါးများကပင် အသင်းတော်ကို ဆန့်ကျင်၍ အနိုင်မရနိုင်ဟု ပြောသည့်အခါ အံ့ဩစရာ မဟုတ်တော့ပါ (မဿဲ ၁၆း၁၈)။

သို့သော် ထိုအဖြစ်မှန်များကို ယုံကြည်ခြင်းဖြင့်သာ တွေ့မြင်နိုင်ပါမည်။ ကမ္ဘာကြီး၏မျက်လုံးများရှေ့တွင်တော့ အသင်းတော်သည် အမြဲတမ်း သေးငယ်လှပါသည်၊ အထင်သေးခံအကြွင်းအကျန်၊ အုပ်စုငယ်ကလေးအဖြစ်သာရှိပါသည် (လုကာ ၁၂း၃၂)၊ ဥယျာဉ်ထောင့်မှ တဲငယ်လေး၊ သခွားခြံထဲရှိတင်းကုပ်ကလေး၊ ရန်သူအဝိုင်းခံနေရသော မြို့တော်မျှသာ ဖြစ်ပါသည် (ဟေရှာ ၁း၈)။ ယုံကြည်ခြင်းဖြင့်သာ အသင်းတော်သည် "တည်ငြိမ်လှပသောဂျေရုရှလင်မြို့၊ ကြောက်လန့်ဖို့ကောင်းသော အလံတော်များဖြင့်တပ်မတော်ကြီး"အဖြစ် မြင်တွေ့နိုင်ပါသည် (ရှောလမုန်သီချင်း ၆း၄၊ ၁၀)။ ထို့ကြောင့် ကျွန်တော်တို့သည် ယုံကြည်ခြင်းနှင့် ဇိအုန်အနား၌ သွားလာကြပါမည်၊ ၎င်း၏မျှော်စင်များအကြောင်းကို သေချာပြောကြပါမည်၊ ၎င်း၏အကာအကွယ်တံတိုင်းများကို သေချာစွာမှတ်သားကြပါမည်၊ ၎င်း၏နန်းတော်ရာများကို သေချာစွာ စဉ်းစားဆင်ခြင်ကြပါမည်။ ထိုသို့ပြုလျှင် ဘုရားသခင်သည် အသင်းတော်၏ဘုရားသခင် ဖြစ်သည်ဟု သေချာစွာ သိလာပါမည် (ဆာလံ ၄၈း၁၂-၁၄)။

**အသင်းတော်နှင့်အစ္စရေးအကြောင်း**(Church and Israel)

ကျမ်းစာထဲတွင် အစ္စရေးနှင့်အသင်းတော်ကို အတူတူဖြစ်သည်ဟုဖေါ်ပြသော နာမည်အများအပြား၊ ဖေါ်ပြချက်အများအပြားကို ကျွန်တော်တို့ ပြသခဲ့ကြပြီးဖြစ်သည်။ အသင်းတော်သည် ဇိအုန်တောင်ဖြစ်သည်၊ အသင်းတော်သည် ကောင်းကင်နှင့်ဆိုင်သော၊ သန့်ရှင်းသော ယေရုရှလင်မြို့ဖြစ်သည် (ဟေဗြဲ ၁၂း၂၂-၂၄၊ ဗျာ ၂၁း၉-၁၀)၊ အသင်းတော်သည် သန့်ရှင်းသောနိုင်ငံဖြစ်သည် (၁ပေ ၂း၉)၊ စပျစ်နွယ်ပင်ဖြစ်သည် (ယော ၁၅း၁-၆၊ ဆာလံ ၈၀း၈)၊ အသင်းတော်သည် ဘုရားသခင်၏သတို့သမီးဖြစ်သည် (ဧဖက် ၅း၃၁-၃၂၊ ဗျာ ၂၁း၉-၁၀)။ အသင်းတော်သည် ဓမ္မဟောင်းကာလက အစ္စရေးဖြစ်ခဲ့သမျှကို ပိုင်ဆိုင်သည်။

အသင်းတော်နှင့်အစ္စရေးတို့၏ တထပ်တည်းဖြစ်ခြင်းကို ပို၍မှန်စေသောစကားစုမှာ ကျမ်းစာက အစ္စရေးကို "သဲကန္တာရထဲရှိအသင်းတော်"ဟု ခေါ်နေခြင်းကဖြစ်သည် (တမန် ၇း၃၈၊ ဆရာယုဒသန်ကျမ်းတွင် မထင်ရှားပါ)။

ထိုကဲ့သို့ပင် နိုင်ငံများထဲမှ ဘုရားသခင်ရွေးကောက်ထားသူများကို စစ်မှန်သောအစ္စရေး၊ ဂျူးအစစ်ဟုခေါ်ပါသည် (ရောမ ၂း၂၈-၂၉၊ ၉း၈၊ ဂလာတိ ၃း၂၉၊ ဖိ ၃း၃)။ ထို့အပြင် ပရောဖက်ကျမ်းများ၌ အစ္စရေးနိုင်ငံကို ရည်ညွှန်းသကဲ့သို့ ပရောဖက်ပြု ရေးသားထားသည်များကို ဓမ္မသစ်ကျမ်းတွင် အသင်းတော်ဖြစ်သည်ဟု ပြောထားသည်ကိုတွေ့ရပါသည် (ဟောရှေ ၁း၁၀ သည် ရောမ ၉း၂၄-၂၆ တွင်ပြည့်စုံကြောင်း နှိုင်းယှဉ်ဖတ်ကြည့်ပါ၊ အာမုတ် ၉း၁၁-၁၅ နှင့် ၎င်း၏ပြည့်စုံခြင်း တမန် ၁၅း၁၃-၁၇)။

ထိုအချက်သည် အသင်းတော်အကြောင်းလေ့လာရာတွင် အရေးကြီးဆုံးဖြစ်ပါသည်။ ဤရှုထောင့်မှနေ၍သာ ဓမ္မဟောင်းကိုကြည့်ရမည်၊ ထိုအခါ ၎င်း၏သမိုင်း၊ သတိပေးခြင်းများ၊ ကတိပေးခြင်းများသည် အသင်းတော်အတွက် ဖြစ်လာပါသည်။ အကယ်၍ ဓမ္မဟောင်းကျမ်းစာများသည် အသင်းတော်နှင့်တထပ်တည်းမဟုတ်သော လူတမျိုးအတွက်သာ ရေးခဲ့သည်မှန်လျှင်၊ ယနေ့ခေတ် ကျွန်တော်တို့ယုံကြည်သူများအတွက် ဘာတခုမှပြောနိုင်မည်မဟုတ်ပါ၊ ထိုသို့ဖြစ်လျှင် ဓမ္မဟောင်းကျမ်းစာဆိုသည်မှာ စပ်စုလိုသော ကျွန်တော်တို့၏စိတ်အတွက်သာ ဖတ်စရာကောင်းမည့် စာတအုပ် ဖြစ်လာပါမည်။

ထိုအချက်ကိုသေချာတွေးပါ။ အစ္စရေးနှင့်အသင်းတော်ကို ခြားနားသောလူနှစ်စုဟုပြောကြသူများ၊ ဓမ္မဟောင်းကျမ်းစာအပေါ် မိမိတို့၏သွန်သင်ခြင်းဟောပြောခြင်းများတွင် မှန်ကန်စွာသုံးနိုင်မည်မဟုတ်ပါ။ သူတို့က ဓမ္မဟောင်းသည် ၎င်းတို့နှင့် ဘာမှမဆိုင်သောစာအုပ်ဟု ပြောပါသည်။ သို့သော် အကယ်၍ အစ္စရေးနှင့်အသင်းတော်သည် အတူတူဟုပြောလျှင်၊ ဓမ္မဟောင်း၏သမိုင်းကို အသင်းတော်၏သမိုင်းအဖြစ် ဟောကြားတော့မည် ဖြစ်ပါသည်။ ဓမ္မဟောင်း၏ ကတိများ၊ သတိပေးခြင်းများသည် အသင်းတော်အတွက် ဖြစ်လာပါသည်။

ထိုသို့ အသင်းတော်နှင့်အစ္စရေးသည် တစုတည်းဖြစ်ပါသည်ဟုသိမြင်ခြင်းသည် ဗတ္တိဇံကိုနားလည်ဖို့ အခြေခံကျသောအချက်လည်းဖြစ်ပါသည်။ ပဋိညာဉ်များ၏ထပ်တူကျခြင်း၊ ကတိတော်များထပ်တူကျခြင်း၊ အစ္စရေးနှင့်အသင်းတော် ထပ်တူကျခြင်း စသည့်အချက်များသည် ကျမ်းစာကသင်ပေးသည့် ကလေးငယ်များအား ဗတ္တိဇံပေးရခြင်းကိုနားလည်ဖို့ အခြေခံအရင်းအမြစ်များ ဖြစ်ကြပါသည်။ ကလေးငယ်များကို ဗတ္တိဇံမပေးရ၊ "ယုံကြည်သူ(လူကြီး)များကိုသာ ဗတ္တိဇံပေးရမည်"ဆိုသောအယူကို ထိန်းသိမ်းဖို့ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကို ခွဲထုတ်ပစ်မှဖြစ်နိုင်ပါမည်။ ထို့အတူ ပဋိညာဉ်များ မတူ

ကြပါ၊ ကတိတော်များလည်း မတူကြပါ၊ ထို့ကြောင့် အသင်းတော်နှင့်အစ္စရေးလည်းမတူပါဟု ခွဲပစ်ရပါမည်။ (ထိုသို့မဖြစ်နိုင်ပါ)

အစကပင် ကျွန်တော်တို့က ရွေးကောက်သောသူများကိုသာ အစ္စရေး (သို့) အသင်းတော်ဟုခေါ်ကြောင်း ပြောခဲ့သည်ကို အမှတ်ရကြပါမည်။ ကျန်သောသူများမှာ စစ်မှန်သောအစ္စရေး (သို့) စစ်မှန်သောအသင်းတော်မဟုတ်ကြပါ (ရောမ ၂း၂၈-၂၉၊ ၉း၆ -၈)။ ထိုသူများသည် မိမိတို့နာမည်များကို အစ္စရေးများထဲ၌ (သို့) အသင်းတော်အမည်စာရင်း၌ထားရှိကြသော်လည်း၊ အပြင်းပန်းမျှသာဖြစ်ပါသည်။

အသင်းတော်၌မွေးဖွားခြင်း၊ အစ္စရေးကြားထဲမွေးဖွားခြင်းကြောင့် လူတဦးသည် စစ်မှန်သောယုံကြည်သူ ဖြစ်မလာသေးပါ။ ဗတ္တိဇံပေးသူယောဟန်က "ဘုရားသခင်သည် ဤကျောက်တုန်းများမှနေ၍ အာဗြဟံ၏သားသမီးများကို မွေးထုတ်နိုင်ပါသည်"ဟု ပြောခဲ့ပါသည် (မဿဲ ၃း၉)။ စစ်မှန်သောအစ္စရေးဖြစ်လာဖို့ တစုံတဦးသည် ကတိတော်၏ မွေးဖွားခြင်း၊ ဘုရားသခင်၏မွေးဖွားပေးခြင်း ခံရပါမည်။ ထိုသို့သော စစ်မှန်သည့်အစ္စရေးများမှနေ၍ ဘုရားသခင်သည် ဂျူးများဖြစ်စေ၊ တပါးအမျိုးသားများမှဖြစ်စေ၊ ကတိတော်၏တန်ဖိုးအားဖြင့် အာဗြဟံ၏ဝိညာဉ်ရေးရာသားသမီးများကို ပေါ်ထွက်လာစေပါသည်။ သင်သည်လည်း အားဗြဟံ၏ မျိုးနွယ်မှန်ဖြစ်ပါသလော?

## အသင်းတော်နှင့်နိုင်ငံတော်အကြောင်း(The Church and the Kingdom)

ယနေ့ခေတ်တွင် ခရစ်တော်၏နိုင်ငံတော်အကြောင်း လူအများက ပြောဆိုနေကြပါသည်။ အများအားဖြင့် ကျမ်းစာနှင့်မညီစွာ ပြောနေကြခြင်းဖြစ်သည်။ ထိုနိုင်ငံတော်သည် သခင်ခရစ်တော်ပြန်မလာခင်၊ ဤကမ္ဘာကြီးတွင် ပေါ်ထွန်းလာမည်ဟု ပို၍ပြောလာနေကြပါသည်။ သို့သော် ထိုကဲ့သို့ ကျမ်းစာက ပြောမထားပြန်ပါ။ ခရစ်တော်၏နိုင်ငံတော်သည် ကောင်းကင်နှင့်ဆိုင်သော နိုင်ငံတော်ဖြစ်ပါသည် (မဿဲ ၂၆း၂၉၊ ယော ၆း၁၅၊ ၁၈း၃၆)။ ၎င်းသည် ကောင်းကင်မှလာပါမည်။ ၎င်း၏သဘောသဘာဝသည် ကောင်းကင်နှင့်သာဆိုင်မည်၊ ဝိညာဉ်ရေးရာနိုင်ငံဖြစ်ပါမည် (ယော ၃း၃-၅၊ လုကာ ၁၇း၂၀-၂၁)။ ၎င်း၏လက်တွေ့ဖြစ်လာခြင်းသည်လည်း ကောင်းကင်နှင့်သာဆိုင်ပါမည် (ဗျာ ၁၂း၁၀)။

ခရစ်တော်၏နိုင်ငံတော်ဟု ကျွန်တော်တို့ပြောကြသည့်အခါ၊ ကျွန်တော်တို့သည် သူ၏ကျေးဇူးတော်နိုင်ငံကို ပြောနေကြခြင်းဖြစ်သည်။ ထိုနိုင်ငံတွင် အရာအားလုံးကို သူ၏ကယ်တင်သော ကျေးဇူးတော်တန်ခိုးက အုပ်ချုပ်သည်၊ အစီစဉ်တကျ အမိန့်ပေးပါသည်။ တကယ်တမ်းပြောရလျှင် တလောကလုံးကို၊ ဖန်ဆင်းခြင်းတခုလုံးကို ခရစ်တော်ကပိုင်ပါသည်၊ သူက အစိုးရတော်မူစွာ အနန္တတန်ခိုးတော်နှင့် အုပ်ချုပ်ပါသည် (မဿဲ ၂၈း၁၈၊ ဖိ ၂း၉-၁၁)။ သို့သော် သူ၏နိုင်ငံတော်ကို အတိအကျပြောရလျှင် သူ၏ကျေးဇူးတော် တည်ရှိသောအရပ်ဖြစ်ပါသည်၊ ထိုကျေးဇူးတော်တည်ရာအရပ်၊ ကျွန်တော်တို့က နိုင်ငံတော်ဟုခေါ်သောနေရာသည် အသင်းတော်ဖြစ်ပါသည်။ နိုင်ငံတော်သည် အသင်းတော်ပြင်ပ၌ မဟုတ်ပါ၊ ကွဲပြား၍လည်းမနေပါ၊ အသင်းတော်ပင်ဖြစ်ပါသည်။ ထိုနေရာတွင်သာ ကျေးဇူးတော်က အုပ်ချုပ်ပါသည်။ အသင်းတော်နယ်နိမိတ်ပြင်ပသို့ ကျေးဇူးတော်သည် ပြန့်မနေပါ။ ထို့ကြောင့် "အများနှင့်ဆိုင်သောကျေးဇူးတော်"(common grace)ဆိုသည် မရှိပါ။

အသင်းတော်တွင် ကျေးဇူးတော်အားဖြင့် ခရစ်တော်၏နိုင်ငံတော်၏နိုင်ငံသူ/သားများကို တွေ့ရပါသည်။ ထိုနိုင်ငံတော်သို့ သူတို့သည် ကျေးဇူးတော်နှင့်ဝိညာဉ်တော်ကြောင့် စုစည်းရောက်ရှိကြပါသည် (ကော ၁း၁၃)။ ထိုနိုင်ငံတော်ထဲတွင် သူတို့သည် သူ၏ ကျေးဇူးတော်နှင့်ပြည့်ဝသော တန်ခိုးတော်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း ခံကြရပါသည်။ ထိုနိုင်ငံတော်၏ နိုင်ငံသူ/သားများအဖြစ် သူတို့သည် ကောင်းကင်ဘုံသို့ ပြောင်းလဲခြင်းကို ခံကြရသည်၊ ခရစ်တော်၏ နိုင်ငံတော် ပြည့်ဝစွာ အကောင်ထည်ပေါ်လာလျှင် ထိုနိုင်ငံတော်၏ဘုန်းကျက်သရေသို့ ဆက်လက်ဝင်စားကြရပါဦးမည်။ ထိုနိုင်ငံတော် ရောက်လာရန် ခရစ်တော်သင်ပေးသော ဆုတောင်းခြင်းဖြင့် ကျွန်တော်တို့ ဆုတောင်းကြပါသည်။ ထိုနိုင်ငံတော်(အသင်းတော်)က ခရစ်တော်ပြောပြသော သော့များကို ပိုင်ဆိုင်ပါသည် (မဿဲ ၁၆း၁၉)။ ထိုနိုင်ငံတော်၏ တံတိုင်းများသည် ကယ်တင်ခြင်းဖြစ်သည်၊ ၎င်း၏ အဝင်တံခါးများသည် ချီးမွမ်းခြင်းဖြစ်ကြပါသည်။ ၎င်းကို ဟေရှာယက ရှေးယွင်ကပင် ပြောခဲ့ပြီးဖြစ်သည် (ဟေရှာ ၆၀း၈)။

ထိုနိုင်ငံတော်သည် ဤကမ္ဘာလောကပေါ်တွင် ရှိနေပါသည်၊ သို့သော် ရန်သူ့နယ်မြေထဲမှ ရှေ့တန်းစခန်းကဲ့သို့ရှိနေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤကမ္ဘာပေါ်ရှိနေစဉ် အသင်းတော်သည် စစ်ပွဲထဲရောက်နေသော စစ်တပ်တခုနှင့် အမြဲတူနေပါသည်။ ရန်သူအဝိုင်းခံနေရသော မြို့တော်တခုနှင့် တူနေတတ်ပါသည် (ဟေရှာ ၁း၈၊ မဿဲ ၁၆း၁၈၊ ဗျာ ၂၀း၉)။ ဤကမ္ဘာလောကထဲ အသင်းတော်ရှိနေသမျှကာလပတ်လုံး၊ အသင်းတော်သည် တိုက်ပွဲဝင်အသင်းတော်ဖြစ်ပါ

သည်၊ ထိုသို့ပင် ဆက်လက်ဖြစ်နေပါမည်၊ တိုက်ပွဲဝင်အသင်းတော်ဆိုသည်မှာ စစ်ပွဲထဲရောက်နေသော အသင်းတော်ဟု ဆိုလိုခြင်းဖြစ်သည်။

အသင်းတော်သည် ခရစ်တော်၏နိုင်ငံဖြစ်သောကြောင့်၊ ထိုနိုင်ငံသည် ကောင်းကင်နှင့်ဆိုင်သောနိုင်ငံ၊ ဝိညာဉ်ရေးရာနိုင်ငံ ဖြစ်သောကြောင့် အသင်းတော်သည် မည်သောအခါမျှ ဤကမ္ဘာလောကကြီး၏လက်နက်များကို အသုံးမပြုပါ၊ အသုံးမပြုသင့်ပါ။ အချို့ခရစ်ယာန်တို့က ဆန္ဒရှိကြသလို အသင်းတော်သည် ဤကမ္ဘာကြီးအား လွှမ်းမိုးနိုင်ခဲ့သည်ဆိုဦးတော့၊ ထိုသို့ပြုခြင်းဖြင့် ခရစ်တော်၏နိုင်ငံတော်ကို တည်ထောင်ခြင်းတော့ လုံးဝဖြစ်မလာနိုင်ပါ။ နိုင်ငံတော်သည် တည်ငြိမ်သော၊ သေးငယ်သော ဧဝံဂေလိစကားဖြင့်သာ တိုးတက်နေပါသည်။ ထိုဧဝံဂေလိစကားကြောင့်သာ တချိန်က ဤကမ္ဘာလောကနိုင်ငံကြီး၏ နိုင်ငံသူ/သားများ ဖြစ်ခဲ့ကြသော၊ စာတန်၏ကျွန်များဖြစ်ခဲ့ကြသူများသည် ချီသာစွာဖြင့် အောင်နိုင်ခြင်းကို ခံကြလျှက်၊ ခရစ်တော်နှင့်မိတ်ဆွေဖွဲ့ခြင်းထဲသို့ ဆောင်ယူခြင်းကို ခံကြပါသည်၊ သန့်ရှင်းသူများနှင့်အတူ နိုင်ငံတော်သူ/သားများဖြစ်ရခြင်းအခွင့်ကို ပိုင်ဆိုင်ကြပါသည်၊ ယုံကြည်ခြင်းအိမ်ထောင်စု၏ တစိတ်တပိုင်းလဲ ဖြစ်လာကြပါသည် (ဧဖက် ၂း၁၉)။ ထိုသို့ဖြစ်ခြင်းသည်၊ ခရစ်တော်၏နိုင်ငံတော် အောင်ပွဲခံပုံ ဖြစ်ပါသည်၊ လက်ဝါးကပ်တိုင်တွင် ရခဲ့ပြီးသော အောင်ပွဲဖြစ်ပါသည် (ကော ၂း၁၅)။ ကမ္ဘာလောကကြီး၏စွမ်းအင်တန်ခိုးက ထိုအောင်ပွဲကို မခုခံနိုင်ပါ၊ ထို့အပြင် နိုင်ငံတော်သူ/သားများ၏ အပြစ်အားနည်းခြင်းများကလည်း ထိုခရစ်တော်နိုင်ငံတော်၏အောင်ပွဲကို ခဏလေးမျှပင် မခုခံမတားဆီးနိုင်ပါ (မဿဲ ၁၆း၁၈)။

ခရစ်တော်၏နိုင်ငံတော်သည် ထိုကဲ့သို့ ဝိညာဉ်ရေးရာသဘောသဘာဝရှိသောနိုင်ငံတော် ဖြစ်လွန်းသဖြင့် ဒုတိယမွေးခြင်း မခံရသူများက မြင်ပင်မမြင်နိုင် ဖြစ်ကြရပါသည်။ ထိုနိုင်ငံတော်သို့ ကျေးဇူးတော်အားဖြင့် ခေါ်တော်မူခြင်း ခံရသူအားလုံး ပါဝင်ကြပါသည်၊ သို့သော် ချီးမြှောက်ခြင်းကိုတော့ မခံကြရသေးပါ။ ထိုနိုင်ငံတော်တွင် သူတို့သည် သခင်ခရစ်တော်အားဖြင့် အောင်နိုင်သူများထက် ပို၍အောင်နိုင်ကြသူများ ဖြစ်ကြပါသည်။

သင် ထိုကြီးမြင့်လှသောနိုင်ငံတော်၏ နိုင်ငံသားတဦးဖြစ်ပါသလော?

## တိုက်ပွဲဝင်အသင်းတော်အကြောင်း(Church Militant)

ဘုရားသခင်၏အသင်းတော်တွင် ခြားနားသောအုပ်စုသုံးစု ပါဝင်ပါသည်။ သို့သော် နောက်ဆုံးချိန်ရောက်လျှင် ၄င်းတို့အားလုံး ခရစ်တော်အားဖြင့် တစုထဲ ဖြစ်လာကြပါဦးမည်။ ပထမအဖွဲ့မှာ၊ သမိုင်း၏တချိန်တခါတွင် မြေကမ္ဘာပေါ်၌ အသက်ရှင်နေကြဆဲ ရွေးကောက်ခြင်းခံရသူများအားလုံးဖြစ်သည် (ဧဖက် ၁း၁၀)။ ၄င်းတို့ကို တိုက်ပွဲဝင်အသင်းတော်ဟု ရည်ညွှန်းလေ့ရှိသည်။ (တခြားမဟုတ် ရွှေပြည်သာအသင်းတော်တွင် ရှိကြသောအသင်းသူ/သားများကဲ့သို့သော ယုံကြည်သူများကိုဆိုလိုသည်)

ဒုတိယအုပ်စု၊ ရွေးကောက်ခြင်းခံရသောသူများထဲမှ တစိတ်တပိုင်းသည် ကောင်းမွန်စွာအသက်ရှင်ကြလျှက်၊ မိမိတို့တာဝန်များ ပြီးဆုံးပြီး၊ ဂုဏ်ကျက်သရေသို့ ဝင်စားကြပြီးသူများဖြစ်သည်။ ၄င်းတို့ကို အောင်ပွဲရပြီးအသင်းတော်ဟု ခေါ်ပါသည် (၂တိ ၄း၇-၈၊ ဗျာ ၆း၁၀)။

နောက်ဆုံး(တတိယ)အုပ်စုမှာ ရွေးကောက်ခြင်းခံရသူများဖြစ်သော်လည်း မမွေးဖွားကြသေးသူများ၊ နောင်တရခြင်းနှင့် ယုံကြည်ခြင်းသို့ ပို့ဆောင်ခြင်းမခံရသေးသူများဖြစ်သည်။ ၄င်းတို့ကို မပေါ်သေးသော (သို့) ဖုံးကွယ်နေသော အသင်းတော်ဟု ခေါ်ပါသည် (၂ပေ ၃း၉)။

လက်ရှိကမ္ဘာပေါ်တွင် အသက်ရှင်နေဆဲအသင်းတော်ကို တိုက်ပွဲဝင်အသင်းတော်ဟုခေါ်ခြင်းသည် သင့်တော်လှပါသည်၊ တိုက်ခိုက်နေသော အသင်းတော်ဖြစ်ပါသည်။ ကျမ်းစာတွင်၄င်းကို စစ်တပ်တခုသဖွယ်ပြောပါသည် (ရှောလမုန်သီချင်း ၆း၄၊၁၀၊ ဗျာ ၁၉း၁၁-၁၆)။ ၄င်း၏တာဝန်သည် စစ်မှုအတွက်ဖြစ်သည် (၂ကော ၁၀း၃၊၄၊ ၁တိ ၁း၁၈၊ ၂တိ ၂း၄)။ ၄င်း၏အသင်းသားများကို ဘုရားသခင်၏ချပ်ဝတ်တန်ဆာများ ဝတ်ဆင်ခိုင်းပါသည် (ဧဖက် ၆း၁၀-၁၈)။ ခရစ်တော်သည် ၄င်း၏စစ်ဦးစီးဖြစ်သည် (ဟေဗြဲ ၂း ၁၀၊ ဗျာ ၁၉း၁၁-၁၆)။

တိုက်ပွဲဝင်ဆိုသည့်စကားလုံးက အသင်းတော်သည် စစ်ပွဲဝင်ရန်အသင့်ဖြစ်နေသည်သာမက၊ ၄င်းသည် အမြဲတမ်းစစ်ကို တိုက်နေရသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ၄င်းသည် အသင်းတော်၏တာဝန်တခုလုံးကို ခြုံငုံရည်ညွှန်းခြင်း ဖြစ်သည် (၂တိ ၂း၄)။ ထိုစစ်ပွဲသည် ဘယ်တော့မှမပြီးပါ၊ ကျွန်တော်တို့ ယွျဘဝမှထွက်လျှက် ခရစ်တော်နှင့် ဘုန်းကျက်သရေသို့ဝင်စားချိန်မှ စစ်ပြီးပါမည် (၂တိ ၂း၇၊၈)။

အသင်းတော်၏စစ်သည် ကာကွယ်ရေးမျှသာမဟုတ်ပါ။ အသင်းတော်နှင့်၄င်း၏အသင်းသူ/သားများသည် ရန်သူတို့၏ နယ်မြေသို့ဝင်ရောက် တိုက်ပွဲဆင်နွဲရန်လည်း အမိန့်ပေးထားပါသည်။ ထိုးစစ်ဆင်နွဲခြင်းဖြစ်သည်။ ၂ကော ၁၀း

**၄-၅ ၏စကားလုံးများက ထိုအချက်ကိုအတိအကျပြောနေပါသည်၊** "ငါတို့စစ်တိုက်၍ သုံးစွဲသောလက်နက်သည် ဇာတိပကတိလက်နက်မဟုတ်။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ပြတို့ကို ဖြိုဖျက်နိုင်သောလက်နက်ဖြစ်၏။- ထိုလက်နက်အားဖြင့် လူတို့၏အကြံအစည်တို့ကိုင်၊ ဘုရားသခင်ကိုသိသောပညာကို ဆီးတားသော မာန်မာနရှိသမျှတို့ကိုင်၊ နှိမ့်ချမှောက်လှန်၍ ခပ်သိမ်းသောစိတ်တို့ကို ဘမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏စကားကို နားထောင်စေကြ၏။" **ဤကျမ်းပိုဒ်က စစ်ပွဲသည် ဝိညာဉ်ရေးရာစစ်ဟုပြောပါသည်။ ရန်သူများ(ဧဖက် ၆း၁၂)၊ လက်နက်များ(၁၃-၁၇)၊ စစ်ပွဲက ဝိညာဉ်ရေးရာဆိုသောကြောင်း၊ တကယ် မဟုတ်ဟု ပြောခြင်းမဟုတ်၊ တကယ့်ကိုတိုက်နေသည်၊ မပြင်းထန်မခက်ခဲဟု မဆိုလို အင်မတန်ကြမ်းတမ်းခက်ထန်သည်။**

**ရန်သူများမှာ စာတန်၊ ကမ္ဘာလောကကြီးနှင့် ကျွန်တော်တို့၏ကိုယ်ပိုင်အသွေးအသားဖြစ်သည်။ ၄င်းတို့အားဖြင့် အပြစ်နှင့်သွေးဆောင်ဖျားယောင်းခြင်းမျိုးစုံသည် ပုံစံမျိုးစုံဖြင့် ရုပ်ဖျက်လျှက် ဝင်ရောက်လာတတ်သည်၊ ထိုသို့သော အရာအားလုံး ရန်သူဖြစ်သည်။ ထိုသို့သောရန်သူများကို နိုင်ငံရေးလုပ်ခြင်းဖြင့် တိုက်၍မရပါ၊ လူမှုရေး၊ စည်းပွားရေး၊ စစ်အာဏာတန်ခိုးတို့ဖြင့် တိုက်၍မရနိုင်ပါ။ ထိုစစ်ပွဲကို ဘုရားသခင်၏နုတ်ကပတ်တော်နှင့် ယုံကြည်ခြင်းနှင့်သာ တိုက်နိုင်ပါသည် (ဧဖက် ၆း၁၃-၁၇၊ ၁ယော ၅း၄)။**

**ထိုစစ်ပွဲသည် လူသားတို့၏ စိတ်နှင့်ဝိညာဉ်တို့ထဲရှိ တိုက်ပွဲဖြစ်ပါသည်။ မှားယွင်းသောအိုင်ဒီယာများ၊ မှားယွင်းသောသွန်သင်ခြင်းများကို ဆန့်ကျင်သောစစ်ပွဲဖြစ်ပါသည်။ ဆိုးယုတ်ခြင်းနှင့်သွေးဆောင်ခြင်းတို့ကို ဆန့်ကျင်သော စစ်ပွဲဖြစ်ပါသည် (၂ကော ၁၀း၄-၅၊ ယာ ၄း၇)။ ၄င်းစစ်ပွဲသည် ဘုရားသခင်နှင့် သူငယ်ချင်း မဖြစ်ချင်သမျှသော အရာတို့နှင့် တိုက်သောစစ်ပွဲဖြစ်ပါသည်။ ဘုရားသခင်အားသိသောပညာနှင့် သူငယ်ချင်းမဖြစ်ချင်သမျှသောအရာတို့နှင့် တိုက်သောစစ်ပွဲဖြစ်ပါသည်။**

**သို့သော် သိရမည်မှာ၊ ထိုစစ်ပွဲကို အောင်နိုင်ဖို့ တိုက်နေကြသည် မဟုတ်ပါ၊ အောင်နိုင်ခြင်းထဲမှ တိုက်နေကြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့၏သခင်ဘုရားက သူ၏ဝေဒနာခံစားခြင်း၊ သေခြင်း၊ သေရာမှပြန်ထမြောက်ခြင်း၊ ကောင်းကင်သို့တက်ကြွခြင်းဖြင့် ထိုအောင်ပွဲကို ရယူပေးပြီးဖြစ်သည်၊ သူ့အားယုံကြည်သူတို့အားလုံးကို ပေးထားပြီးဖြစ်သည်။ ကျွန်တော်တို့ကို တကယ်ချစ်သော သူ့အားဖြင့် အောင်ပွဲရသူများထက် ပို၍အောင်မြင်သူများဖြစ်ကြသည်ကို အမြဲသိနေရပါမည် (ရောမ ၈း၃၇)။ သို့သော် ကျွန်တော်တို့ ထိုစစ်ကို တိုက်ကိုတိုက်ရပါမည်။ ကျွန်တော်တို့ကို ဇိမ်ခံဖို့ ခေါ်ထားခြင်း မဟုတ်ပါ၊ စစ်သားဖြစ်ဖို့ ခေါ်ထားခြင်းဖြစ်ပါသည် (၂တိ ၂း၃၊၄)**

**သင် တိုက်ပွဲဝင်နေပါသလား (သို့) ဆော့နေပါသလား?**

## **အောင်ပွဲရပြီးအသင်းတော်အကြောင်း(The Church Triumphant)**

**အောင်ပွဲရပြီးအသင်းတော်ဆိုသည်မှာ မိမိတို့၏လုပ်ဆောင်ခြင်းများမှ အနားယူပြီး ဘုန်းကျက်သရေ၌ရောက်နေကြသော အသင်းတော်၏အစိတ်အပိုင်းတခုကို ခေါ်ခြင်းဖြစ်သည်။ အောင်ပွဲရပြီးအသင်းတော်၌ ပါဝင်သူတို့သည် ယုံကြည်ခြင်းဖြင့် ကောင်းစွာတိုက်ပွဲဝင်ခဲ့ကြသူများဖြစ်သည်။ သူတို့သည် မိမိတို့ထမ်းဆောင်ရမည်များကို ပြီးဆုံးစေခဲ့ကြပြီး သခင်ဘုရားထံမှ ဖြောင့်မတ်ခြင်းသရဖူကို ရရှိကြသူများဖြစ်သည် (၂တိ ၄း၇၊ ၈)။**

**အောင်ပွဲရပြီးအသင်းတော်အကြောင်းကို ပြောနေသဖြင့် ကမ္ဘာပေါ်တွင် လက်ရှိတိုက်ပွဲဝင်နေသောအသင်းတော်သည် အောင်ပွဲမရသေးပါဟု ပြောနေခြင်းမဟုတ်ကြောင်းသတိပြုပါ။ ယခုလက်ရှိ ယုံကြည်ခြင်းတိုက်ပွဲကိုဝင်နေကြသူများ၊ ခရစ်တော်အတွက် အခက်အခဲများကို ခံစားနေကြသူများ၊ ရုန်းကန်နေကြသူများသည် သူတို့ကိုချစ်သောသူကြောင့် အောင်ပွဲရသူများထက် ပို၍အောင်နိုင် သူများဖြစ်ကြပါသည် (ရောမ ၈း၃၇)။ ခရစ်တော်က သူ၏ရန်သူများဖြစ်သည့် သေခြင်း၊ အပြစ်၊ စာတန်တို့ကို ခန့်နားစွာ အောင်နိုင်ခဲ့ပြီးဖြစ်ပါသည်၊ ၄င်းတို့ကို အပြတ်အသတ်နှိမ်နင်းပြီး၊ ရှုံးစေပြီးဖြစ်ပါသည် (လုကာ ၁၀း၁၇-၁၈၊ ဧဖက် ၄း၈၊ ကော ၂း၁၅)။ ကျွန်တော်တို့သည် ခရစ်တော်အားဖြင့် အောင်မြင်သူများ ဖြစ်ကြသည်။**

**ထိုအချက်ကို ယနေ့ချိန်တွင် အထူးပြုရန် အလွန်အရေးကြီးပါသည်။ ခရစ်တော်သည် ဘုရင်တကာတို့၏ ဘုရင်အဖြစ် သရဖူဆောင်းပေးခြင်းခံရရန် စောင့်မနေပါ။ သူ့ကို ဘုရားသခင်၏ညာဖက်တွင် ဘုန်းကျက်သရေ၊ ဂုဏ်ရှိခြင်းနှင့် ဘုရင်အဖြစ် သရဖူဆောင်းပြီးဖြစ်ပါသည် (ဟေဗြဲ ၂း၉)။ သူသည် မိမိရန်သူများအလည်တွင် အုပ်စိုးလျှက်ရှိနေပါသည် (ဆာလံ ၁၁၀း၂)။ တိုက်ပွဲသည် ဆက်လက်တိုက်ခိုက်နေပါသော်လည်း ကျွန်တော်တို့သည် ခရစ်တော်နှင့်အတူ အောင်ပွဲရပြီး ဖြစ်နေပါသည်၊ ရှုံးပြီးသားရန်သူကို ဆက်တိုက်နေကြခြင်းဖြစ်သည်။ ဆက်၍တိုက်နေရသောစစ်ပွဲကို စစ်ပညာ စကားအရ၊ "ကောက်သင်းကောက် ရှင်းလင်းချေမှုန်းရေးစစ်"ဟုခေါ်ပါသည်။ နိုင်ငံတော်သည် အောင်နိုင်ပြီးဖြစ်သည်။ ခမည်းတော်ထံ လွှဲပြောင်းပေးရန်သာ ကျန်ပါသည် (၁ကော ၁၅း၂၄)။**

ခရစ်တော်၏အောင်နိုင်ခြင်းသည် ဆိုးယုတ်သူများ ပို၍ဆိုးသည်ထက်ဆိုးလာလျှက်၊ တကမ္ဘာလုံး အမှောင်ထုထဲ ရောက်နေသော်လည်း ဆက်လက်အောင်နိုင်လျှက် ရှိပါသည်။ ဆိုးယုတ်သူများသည် အပြည့်အဝရှုံးနေကြပြီးဖြစ်သဖြင့် ခရစ်တော်သည် သူတို့ကို ဆက်လက်၍ အုပ်ချုပ်ယုံမျှ အုပ်ချုပ်စိုးမိုးသည်သာမကပါ၊ သူ၏အစိုးရတော်မူသော အုပ်ချုပ်ခြင်းဖြင့် ဆိုးယုတ်သူများကို သူ၏ရည်ရွယ်ချက် ပြည့်မြောက်ရန် အသုံးပြုလျှက်ရှိနေပါသည်။

ဂုဏ်ကျက်သရေရှိခြင်းသို့ ရောက်သွားကြပြီဖြစ်သော သန့်ရှင်းသူများကို ကျွန်တော်တို့ အောင်ပွဲရပြီးအသင်းတော်ဟု ရည်ညွှန်းလေ့ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် အောင်နိုင်ခြင်းကို ခံစားရသောအခြေအနေသို့ ရောက်ရှိနေကြပြီဖြစ်သည်။ မြေကြီးပေါ်မှာ ရှိနေကြဆဲဖြစ်သောအသင်းတော်သည် တိုက်ပွဲဝင်နေစဉ်တွင် သူတို့သည် ရုန်းကန်ခြင်းများမှ နားနေကြပြီဖြစ်သည် (ဗျာ ၁၄း၁၃)။ အပြင်သို့မသွားကြတော့ပါ (ဗျာ ၃း၁၂)။ မြေကြီးပေါ်ရှိနေကြဆဲ စစ်သူရဲများက သံချပ်တန်ဆာပလာကို ဝတ်ဆင်ရဆဲဖြစ်ချိန်တွင် သူတို့သည် ထိုသံချပ်ဝတ်စုံကို ချွတ်လိုက်ကြပြီဖြစ်သည်၊ ယ္ခုတွင် ဝတ်ရုံဖြူကိုသာ ဝတ်ဆင်ကြပါတော့သည်။ သူတို့သည် မိမိတို့ရန်သူများ၏မျက်နှာများကို မတွေ့ရတော့ပါ၊ သို့သော် သိုးသငယ်(ခရစ်တော်)၏မျက်နှာကိုသာ မြင်တွေ့ကြပါသည် (ဗျာ ၂၂း၄)။ သူတို့၏မျက်ရည်များကို သုတ်ပေးခဲ့ပြီဖြစ်သည်၊ သူတို့အတွက် သေခြင်း မရှိတော့ပါ၊ ဝမ်းနည်းရခြင်း၊ ငိုကြွေးရခြင်း၊ နာကျင်ရခြင်းများ မရှိတော့ပါ (ဗျာ ၂၁း၄)။

ကောင်းကင်ဘုံသို့ရောက်ပြီးသော အောင်ပွဲရပြီးအသင်းတော်အကြောင်းကို တွေးခြင်းသည် ကျွန်တော်တို့အတွက် ကောင်းပါသည်။ သူတို့၏ဘုန်းကျက်သရေသည် ကျွန်တော်တို့အတွက်သက်သေဖြစ်ပါသည်။ အောင်နိုင်ခြင်းသည် ကျွန်တော်တို့အတွက်လည်း ဖြစ်ပါသည်။ သိပ်မကြာခင်တွင် ကျွန်တော်တို့ သူတို့ရှိရာသို့ရောက်ကြမည်ဖြစ်ပါသည်။ သူတို့နှင့်အတူ အနားရကြပါမည်။ ထိုနေ့သည် မည်မျှကြီးမြတ်သောနေ့ ဖြစ်ပါမည်နည်း! ထိုအချိန်ကို ကျွန်တော်တို့ စောင့်နေကြစဉ်၊ သူတို့သည် ဘုရားသခင်ထံ ကျွန်တော်တို့၏ရန်သူများကို လက်စားချေတော်မူမည်အကြောင်း ဆုတောင်းပေးနေကြပါသည်၊ ဘုရားသခင်က သူတို့ဆုတောင်းကို အသေအချာကြားတော်မူပါသည် (ဗျာ ၆း၉-၁၁)။

နှစ်မျိုးသောအကြောင်းအရာ၌သာ သူတို့သည် မပြည့်စုံကြသေးခြင်းဖြစ်သည်။ ပထမ၊ သူတို့၏ကိုယ်ခန္ဓာများ မထမြောက် ကြသေးပါ။ ထို့ကြောင့် သူတို့သည် ကောင်းကင်ဘုံနှင့်စပ်ဆိုင်သောဘုန်းကျက်သရေကို ဝိညာဉ်နှင့် ထမြောက်ပြီးခန္ဓာ နှစ်ခုလုံးဖြင့် မခံစားကြရသေးပါ။ ဒုတိယ၊ အသင်းတော်တခုလုံး ဘုန်းကျက်သရေသို့မဝင်ရသေး၊ ထို့ကြောင့် ကျွန်တော်တို့မပါသေးဘဲ သူတို့၏ ဘုန်းကျက်သရေသည် မပြည့်စုံနိုင်သေးပါ။ ခရစ်တော်၏ ကိုယ်ခန္ဓာတခုလုံးသည် ခမည်းတော်၏ ဘုန်းကျက်သရေအတွက် တခုတည်းအဖြစ်သို့ စုရုံးရောက်ရှိရဦးမည်ဖြစ်သည်။ ထိုအချိန်ရောက်သည်အထိ ကျွန်တော်တို့က စောင့်နေသလို၊ အောင်ပွဲရပြီးအသင်းတော်သည်လည်း စောင့်နေရပါဦးမည်။

ဘုရားသခင်၏ ထာဝရအမိန့်တော်မြတ်အရ၊ ခရစ်တော်၏အသွေးတော်နှင့်အုပ်ချုပ်တော်မူခြင်း၊ ဝိညာဉ်တော်၏အစိုးရတော်မူစွာ လုပ်ပေးခြင်းတို့ဖြင့် အလွန်သချာစွာရောက်မည်ဖြစ်သော ထိုနေ့ကို သေချာသောမျှော်လင့်ချက်ဖြင့် တိုက်ပွဲဝင်အသင်းတော်သည် ဆက်လက်ရုန်းကန်လှုပ်ရှားနေပါသည်။ အောင်ပွဲရပြီးအသင်းတော် နားနေလျှက်၊ စောင့်နေလျှက်၊ ဆုတောင်းနေစဉ်တွင် တိုက်ပွဲဝင်အသင်းတော်သည် ရုန်းကန်တိုက်ပွဲဝင်လျှက်၊ စောင့်လျှက်၊ ဆုတောင်းနေပါသည်။ မကြာခင် ကျွန်တော်တို့ အတူတူဖြစ်ကြပါတော့မည်။

## မမွေးသေးသောအသင်းတော်အကြောင်း(The Church Unborn)

ကောင်းကင်ဘုံသို့ရောက်ကြလျှက် ဘုန်းကျက်သရေဝင်စားပြီးကြသူများနှင့် ကမ္ဘာပေါ်တွင် ဆက်လက်အသက်ရှင်နေကြသေးသူများသာ မမြင်ရသောအသင်းတော်ဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတွင် ပါကြသည်မဟုတ်ပါ။ မမွေးကြသေးသူများ၊ ကယ်တင်ခြင်းမရသေးသူများ၊ သို့သော် ဘုရားသခင်၏ရွေးကောက်တော်မူခြင်း၌ ပါပြီးကြသူများလည်း ရှိနေကြပါသေးသည်။ သူတို့သည်လည်း ရွေးကောက်ခြင်းကြောင့်၄င်း၊ လက်ဝါးကပ်တိုင်ပေါ်သွန်းသော ခရစ်တော်၏ အသွေးတော်ကြောင့်၄င်း၊ ပြန်လည်မွေးဖွားခြင်းကို မရကြသေးသော်လည်း၊ ယုံကြည်ခြင်းကို မရကြသေးသော်လည်း အသင်းတော်၌ ပါဝင်ကြပါသည်။

ခရစ်တော်က သူ့ကို ခမည်းတော်ကပေးပြီးဖြစ်သော်လည်း ကယ်တင်ခြင်းမရကြသေးသူများအကြောင်း မကြာခဏပြောတတ်ပါသည် (ယော ၆း၃၇၊ ၃၉၊ ၁၀း၁၆၊၂၉၊ ၁၇း၂)။ သူတို့ကို ခရစ်တော်ထံ ကမ္ဘာကြီး၏အုတ်မြစ်မချခင်ကပင် ပေးခဲ့ပြီးဖြစ်သည် (ယော ၁၇း၆၊ ဧဖက် ၁း၄)၊ သူတို့အတွက် ခရစ်တော်ဆုတောင်းပေးသည် (ယော ၁၇း၉)၊ အသေခံပေးသည် (ယော ၁၇း၁၃၊ ၁၉)။ ထို့ကြောင့် သူတို့၏ကယ်တင်ခြင်း၊ အသင်းတော်ရှိသူတို့၏နေရာသည် အာမခံချက်ရှိပြီးဖြစ်ပါသည်။

သူတို့အတွက် ခရစ်တော်ပြန်လာခြင်း နှောင့်နှေးနေခြင်းဖြစ်သည်။ ဘုရားသခင်၏အလိုတော်အတိုင်း ခရစ်တော်ပြန်မလာခင်၊ ထိုသူတို့အားလုံး မွေးဖွားရမည်၊ ကယ်တင်ခြင်း ရကြရမည်ဖြစ်သည်။ ၄င်းကို ၂ပေ ၃း၉ တွင်ဖတ်ရပါသည်။ အချို့က ထိုကျမ်းပိုဒ်တွင်ပါသော "ငါတို့တွင် အဘယ်သူမျှမပျက်စီးဘဲ"ဆိုသည့်ကျမ်းပိုဒ်ကို ဘုရားသခင်က လူသားတယောက်မကျန် ကယ်တင်ခြင်း ရစေချင်သည်ဟုဆိုလိုကြောင်း မှားယွင်းစွာအနက်ဖွင့်ကြပါသည်။ ထိုကျမ်းပိုဒ် ထိုသို့လုံးဝမပြောပါ၊ ထိုကျမ်းပိုဒ်က ပြောချင်သည်မှာ ကျွန်တော်တို့ကို ဆိုလိုပါသည်။ ကျွန်တော်တို့ဆိုသော သူရွေးကောက်သူများ တယောက်မကျန် ကယ်တင်ခြင်းကို ရစေလိုသည်။ အံ့သြစရာကောင်းသည်မှာ ထိုသည်းခံတော်မူသော သူများထဲတွင် နောင်တမရသေးသူများကို ထည့်ပြောခြင်းဖြစ်သည်။ သူတို့သည် နောင်တမရကြသေးသော်လည်း ကျွန်တော်တို့နှင့် တအုပ်စုတည်းဟု ပြောနေခြင်းဖြစ်ပါသည်။

ထိုသူများသည် ခရစ်တော်၌ ရွေးချယ်ခြင်းခံရ၍၊ ခရစ်တော်က ဝယ်ယူ၍ ထိုကောင်းချီးများကို ခံကြရခြင်းဖြစ်ပါသည်။ ယခုအချိန်တွင် သူတို့သည် ခံစားနေကြရပြီဟုမဆိုလိုပါ (မွေးဖွားလာလျှက်၊ အသစ်ပြုပြင်ခြင်းကိုခံရကာ၊ နောင်တရခြင်း၊ ယုံကြည်ခြင်းကို ရရှိခြင်းပြီးမှ လက်တွေ့ခံစားကြရပါမည်)။ သို့သော် ရွေးကောက်ခြင်းနှင့် ခရစ်တော်၏အသွေးတော်တို့က အလွန်သေချာသော အာမခံကို ပေးထားပြီးဖြစ်၍၊ ထိုသူများသည် (မမွေးဖွားကြသေး၊ မပြောင်းလဲကြသေးသော်လည်း) ကျွန်တော်တို့နှင့်အတူ ထိုကောင်းချီးများကို ခံကြရပါသည်ဟု ပြောနိုင်ရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့နှင့် တဖွဲ့တည်းဟု ပြောနိုင်ခြင်းဖြစ်ပါသည်။

ဤရှုထောင့်မှနေ၍သာ ၂ပေ ၃း၉ ကိုနားလည်ရပါမည်။ သို့မဟုတ်ဘဲ၊ ဤကျမ်းပိုဒ်က ဘုရားသခင်သည် လူသားတယောက်မကျန်ကို ကယ်တင်ရန်အလိုတော်ရှိသည်ဟုပြောလျှင် ကျမ်းပိုဒ်သည် ဘာအဓိပ္ပါယ်မှ ရှိတော့မည်မဟုတ်ပါ။ ခရစ်တော်ပြန်လာခြင်းသည် ရွေးကောက်သူများအားလုံး ကယ်တင်ခြင်းကို မရမချင်း ဖြစ်နိုင်ဦးမည်မဟုတ်ပါ။ ဘုရားသခင်သည် ဂရုဏာတော်ဖြင့် ပြီးသည်အထိ စောင့်နေပါသည်။

ထိုသို့မဟုတ်ဘဲ တကမ္ဘာလုံးတယောက်မကျန် ကယ်တင်ခြင်းရပြီးမှ ခရစ်တော်ပြန်လာမည်ဆိုလျှင် ဘယ်တော့မှ ပြန်လာနိုင်တော့မည်မဟုတ်ပါ။ လူသားတယောက်မကျန် ဘယ်တော့မှ နောင်တရမည်မဟုတ်ပါ၊ တယောက်မကျန် ဘယ်တော့မှ ဘုရားသခင့်ထံ လာမည်မဟုတ်ပါ။ အမြဲတမ်း ကယ်တင်ခြင်းမရသူများ ရှိခဲ့ပါသည်၊ ရှိနေဆဲဖြစ်ပါသည်၊ ရှိလိမ့်ဦးမည်ဖြစ်ပါသည်။

ထိုမှခြားနားစွာ ခရစ်တော်၏ပြန်လာခြင်းသည် ရွေးကောက်ထားသော အသင်းတော်တခုလုံး၏ ကယ်တင်ခြင်းရမှုနှင့် ဆက်နွယ်နေပါသည်။ "အခြားသိုး"များကို ငါဆောင်ခဲ့ရဦးမည်ဟု ပြောခဲ့ပါသည်။ အာလုံး ဘုရားသခင့်ကျေးဇူးတော်ဖြင့် နောင်တရခြင်းသို့ ပို့ဆောင်ပြီးသောအခါ၊ ခရစ်တော်ပြန်လာမည်မှာ အသေအချာပင်ဖြစ်ပါတော့သည်။

ထိုအချိန်ရောက်ဖို့ ကောင်းကင်ဘုံတွင်ရောက်နှင့်ပြီးအသင်းတော်က ဆုတောင်းနေပါသည်(ဗျာ ၆း၁၀-၁၁)၊ မြေကမ္ဘာပေါ် ရှိနေဆဲအသင်းတော်ကလည်း သူတို့နှင့်အတူဆုတောင်းနေပါသည် (ဗျာ ၁၂း၂၂)၊ ယနေ့တိုင်အောင် မယုံကြည်ခြင်းနှင့်မှောင်မိုက်ထဲ ရှိနေကြသည့် ဘုရားသခင့်ရွေးကောက်ခြင်းခံရသူများအားလုံး၏ ကယ်တင်ခြင်းသည် မည်သည့်အချိန်တွင် ပြည့်စုံပါမည်နည်းဟု မေးလျှောက်လျှက်ရှိနေကြပါသည်။

### အသင်းတော်အားရွေးကောက်ခြင်းအကြောင်း(The Election of the Church)

ဘုရားသခင်သည် ရွေးကောက်တော်မူခြင်းတွင် တသီးပုဂ္ဂလတဦးချင်းများကိုသာ ရွေးကောက်သည် မဟုတ်ပါ၊ အသင်းတော်ကို ရွေးကောက်ခြင်းဖြစ်ပါသည်။ ထိုရွေးကောက်သောတဦးချင်းကို အသင်းတော်ဆိုသော ခရစ်တော်၏ ကိုယ်ခန္ဓာတွင် နေရာပေးရန်ဖြစ်ပါသည် (ဆာလံ ၁၃၂း၁၃ နှင့် ဟေဗြဲ ၁၂း၂၂၊ ၁ပေ ၂း၉ တို့ကို နှိုင်းယှဉ်ကြည့်ပါ)။ မည်မျှခန်းနားသော အမှန်တရား ဖြစ်ပါသနည်း!

ရွေးကောက်ခြင်းသည် ထင်ရာမြင်ရာ၊ ကြုံရာကျပန်း လုပ်ကိုင်ခြင်းမဟုတ်ပါ၊ ရည်ရွယ်ချက်ရှိရှိ လုပ်ကိုင်ခြင်းဖြစ်သည်။ အသင်းတော်အားရွေးကောက်ခြင်းတွင် သက်သေဖြစ်ပါသည်။ ကျမ်းစာက အသင်းတော်သည် အဆောက်အဦးဖြစ်သည်၊ အိမ်ဖြစ်သည်ဟု သင်ပေးခြင်း၏ အဓိပ္ပါယ်ရှိမှုကို ဤနေရာတွင်တွေ့နိုင်ပါသည်။ အဆောက်အဦး တည်ဆောက်သူက မိမိသုံးမည့် ပစ္စည်းများကို ရွေးသလို၊ ဘုရားသခင်ကလည်း ပုဂ္ဂိုလ်တဦးချင်းစီကို ထိုဝိညာဉ်ရေးရာ အဆောက်အဦး၊ ခရစ်တော်၏ကိုယ်ခန္ဓာ၌ ကိုက်ညီစွာ နေရာချရန် ရွေးချယ်ပါသည် (ဧဖက် ၂း၂၀-၂၂၊ ၁ပေ ၂း၅)။

မည်သည့်အဆောက်အဦး ဆောက်လုပ်သူကမှ ပထမ မည်သို့ဆောက်လုပ်မည်ဟု ဒီဇိုင်းမချမှတ်ဘဲ ဆောက်လုပ်သူ မရှိပါ။ ဘုရားသခင်သည်လည်း ထို့အတူ ဒီဇိုင်းအရင်ချမှတ်ကာ အသင်းတော်ကို တည်ဆောက်ပါသည်။ ထိုအိမ်တွင် မည်သူပါမည်၊ မည်သည့်နေရာကျမည် ဆိုသည်တို့ကို ဆုံးဖြတ်သူသည် လူသားမဟုတ်ပါ၊ ဘုရားသခင်ကိုယ်တိုင်

ဖြစ်ပါသည်။ အဆောက်အဦးအတွက်ဖြစ်သော သစ်သားကျောက်တုံးတို့က သူတို့ အိမ်၏မည်သည့်နေရာတွင် နေမည်ဟု မပြောနိုင်သလို၊ လူသားတို့ကလည်း ဘုရားသခင်၏အိမ်တော်တွင် မည်သည့်နေရာကငါပါမည်၊ နေမည်ဟု ဆုံးဖြတ်နိုင်ခွင့် မရှိပါ။ ရွေးချယ်နိုင်ခွင့်မရှိပါ။

ဘုရားသခင်သည် သူ၏အိမ်တော်အတွက် ပစ္စည်းပစ္စရများကို အရှာထွက်၍ တွေ့ကောင်းတွေ့မည် ဆိုသည့်ပုံစံဖြင့် ထွက်မရှာပါ။ ထိုမှဆန့်ကျင်စွာ ဘုရားသခင်သည် သူ၏ဝိညာဉ်ရေးအိမ်တော်(အသင်းတော်)ကို သေချာစွာ စီမံကိန်းချ ပြင်ဆင်ပါသည်၊ ထာဝရကာလမှနေ၍ စီစဉ်တကျ ပြုတော်မူပါသည်။ လူတဦး၏ဘဝတွင် တွေ့ကြုံရမည်များ၊ သူ့ပတ်ဝန်းကျင်၊ ဖြစ်ရမည့်အဖြစ်အပျက်များ အားလုံးကို ကြိုတင်ချမှတ်ပါသည်။ ဘုရားသခင်သည် သူ၏ရွေးကောက်တော်မူခြင်းတွင် တဦးချင်း မည်သို့ဖြစ်လာမည်၊ သူဆုံးဖြတ်ထားသောနေရာသို့ အံကိုက်မည်သို့နေရာကျမည် စသည်တို့အားလုံးကို အသေးစိတ် ကြိုတင်ဆုံးဖြတ်ချမှတ်သည် (ယာ ကုပ် ၁း၅)။

ထို့အတူ အိမ်ဆိုသည်မှာ နှစ်များစွာခံရန် ခိုင်မာစွာ၊ သေချာစွာ ဆောက်ရမည်ဖြစ်၍ ဘုရားသခင်သည် ခရစ်တော်ကို ထိုအိမ်၏ အခြေခံအုတ်မြစ်အဖြစ် ရွေးပါသည် (၁ပေ ၂း၆)။ တအိမ်လုံးသည် ခရစ်တော်အပေါ်အခြေခံလျှက်၊ ခရစ်တော်နှင့်ဆက်စပ်ကိုက်ညီလျှက်သာ ဆောက်လုပ်ပါသည်။

ရွေးကောက်ခြင်းခံရသူများအားလုံး စုစည်းပြီး၊ ကယ်တင်ခြင်းရပြီဖြစ်သောအခါ၊ ထိုဝိညာဉ်ရေးအိမ်တော်သည် ဘုရားသခင်ကိုယ်တော်တိုင် နေထိုင်သောနေရာဖြစ်လာပါမည်(ဧဖက် ၂း၂၂)။ ၎င်း၏ဂုဏ်ကျက်သရေနှင့် လှပခြင်းအားလုံးသည် သူ၏အရာသာဖြစ်ပါမည်။ ဘုရားသခင်သည် ထိုအိမ်ကို ဒီဇိုင်းဆွဲသူ၊ တည်ဆောက်သူသာမကပါ၊ အဓိကနေထိုင်သူလည်းဖြစ်လာပါမည်။

ပြောစရာကျန်ပါသေးသည်။ ထိုအသင်းတော်ကိုရွေးကောက်ခြင်းက အသင်းတော်၏ညီညွတ်ခြင်းကို အာမခံချက်ပေးသလို ဖြစ်လည်းဖြစ်စေပါမည် (ယော ၁၀း၁၆၊ ဧဖက် ၁း၉-၁၀)။ ရွေးကောက်ခြင်းခံရသူများအားလုံးကို ခရစ်တော်ထံ၌ ရွေးကောက်ခြင်းဖြစ်သည်။ ထို့ကြောင့် သူတို့သည် သူနှင့်တစ်စုတည်းဖြစ်သည်။ ထို့ကြောင့် ပေါလုက ညီညွတ်ကြပါဟု မပြောဘဲ၊ ညီညွတ်ခြင်းကို ထိန်းကြပါဟုသာပြောရခြင်းဖြစ်သည် (ဧဖက် ၄း၃)။ ခရစ်တော်၌ ကျွန်တော်တို့ကို ရွေးကောက်ထားသောကြောင့် ညီညွတ်ခြင်းသည် ပြောစရာမလိုသောကိစ္စဖြစ်ပါသည်။

ရွေးကောက်ခြင်းက အသင်းတော်၏သန့်ရှင်းခြင်းကိုလည်း အာမခံချက်ပေးပါသည် (ဧဖက် ၁း၄)။ ကျွန်တော်တို့သည် သန့်ရှင်းကြသောကြောင့် ရွေးကောက်ခြင်းခံကြရသည်မဟုတ်ပါ၊ သန့်ရှင်းကြရန်ရွေးကောက်ခြင်းဖြစ်ပါသည်။ ထိုသန့်ရှင်းခြင်းသည်လည်း လိုအပ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် အသင်းတော်သည် ဘုရားသခင်နေထိုင်ရာ နေရာဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏ဝိညာဉ်တော်အားဖြင့် ညစ်ညူးသောနေရာ၊ မသန့်ရှင်းသောနေရာတွင် နေမည်မဟုတ်ပါ။ အိမ်၏ပုံသဏ္ဍာန်အားဖြင့် ထပ်ပြောနိုင်သည်မှာ ရွေးကောက်ခြင်းဆိုသည် ကြိုတင်စီမံကိန်းရှိ၍ အိမ်သည် လှကိုလှမည် ဆိုသည့်အာမခံချက်ကိုလည်း ပေးပါသည်။

အသင်းတော်ကို စုစည်းခြင်း၊ တည်ဆောက်ခြင်းဆိုသော ကြီးမြတ်သည့်လုပ်ငန်းသည် အပြီးမသတ်သေးပါ။ ၎င်း၏အဆုံးသတ်ခန်းနားခြင်းများသည် ထိုမမြင်ရသေးသောအရာများအပေါ် တည်မှီလျှက် ရှိနေပါသေးသည်။ ယခု ကျွန်တော်တို့ တွေ့နေရသော အသင်းတော်သည် တနေ့ရောက်လာမည့်အသင်းတော်၏အခြေနေမှန် မဟုတ်သေးပါ။ အသင်းတော်ကို အပြည့်အဝ တည်ဆောက်ပြီးသောအခါ၊ ၎င်းက ရွေးကောက်ခြင်းခံရသူများကို အမိုက်မှောင်မှ အံ့သြစရာအလင်းထဲသို့ ခေါ်ထုတ်တော်မူသောသူအား ချီးမွမ်းရခြင်းများကို ထုတ်ပြမည်ဖြစ်ပါသည်။ ထိုအခါ အသင်းတော်သည် သူ၏တန်ခိုးတော်၊ ဉာဏ်ပညာတော်၊ ကျေးဇူးတော်တို့ကို ဖေါ်ညွှန်းနေသည့် မော်ကွန်းတိုင်အဖြစ် အမြဲ ရပ်တည်နေမည်ဖြစ်ပါသည်။

### အသင်းတော်၏သန့်ရှင်းခြင်းအကြောင်း(The Holiness of the Church)

အသင်းတော်၏သန့်ရှင်းခြင်းအကြောင်းကို ကျွန်တော်တို့ ပြောဆိုကြသည့်အခါ၊ ၎င်း၏ ဂုဏ်လက္ခဏာများထဲမှ တခုကို ပြောနေကြခြင်းဖြစ်သည်။ အခြားသော ဂုဏ်လက္ခဏာများမှာ တခုတည်းဖြစ်ခြင်း(oneness)၊ ကမ္ဘာလုံးဆိုင်ရာဖြစ်ခြင်း(catholicity)နှင့် တမန်တော်များ၏အသင်းတော်ဖြစ်ခြင်း(apostolicity)တို့ဖြစ်ပါသည်။

အသင်းတော်၏သန့်ရှင်းခြင်းဟု ပြောကြသည့်အခါ၊ ၎င်း၏ခရစ်တော်နှင့်ညီညွတ်ခြင်းကြောင့် ရလာသော သန့်ရှင်းခြင်းကို ဆိုလိုပါသည်။ ခရစ်တော်၏ ကိုယ်ခန္ဓာအဖြစ်နှင့် ရရှိခြင်းဖြစ်သည်။ ထို့ကြောင့် အသင်းတော်၏ သန့်ရှင်းခြင်းသည် ခရစ်တော်၏ကိုယ်ပိုင်သန့်ရှင်းခြင်းဖြစ်သည်၊ အသင်းတော်၏သန့်ရှင်းခြင်းသည် ခရစ်တော်၌သာရှိသည်။ အသင်းတော်တွင် ကိုယ်ပိုင်သန့်ရှင်းခြင်း ဆိုသည်မျိုးမရှိပါ (၁ကော ၁း၂၊ ၃း၁၆၊၁၇၊ ၁ပေ ၂း၉)။

ဤသန့်ရှင်းခြင်းကို အသင်းတော်သည် အခြေခံသဘောအရ ပိုင်ဆိုင်သည်။ ဆိုလိုသည်မှာ ခရစ်တော်၏ အသေခံပေးလျှက် ဝယ်ယူပေးထားသောအရာအဖြစ် အသင်းတော်တွင်ပါဝင်သော ရွေးကောက်ခြင်းခံရသူ အသင်းသူ/သားများအားလုံးက ပိုင်ဆိုင်သည်။ ထိုသန့်ရှင်းခြင်းကို ခရစ်တော်၏ကိုယ်ခန္ဓာတွင် ပါဝင်သူတယောက်ဆီတိုင်းသို့ ပေးထားသည်၊ ခရစ်တော်က တဦးချင်းကို ယုံကြည်ခြင်းဖြင့် သူနှင့်ပေါင်းစည်းစေလျှက် ပေးထားသည်၊ ထိုအပြင် ထိုသူတို့ကို သန့်ရှင်းစေပါသည်။

အသင်းတော်၏သန့်ရှင်းခြင်းကို ပုံစံမျိုးစုံဖြင့် မြင်နိုင်သည်။ သန့်ရှင်းခြင်းဆိုသည်မှာ သီးသန့်ခွဲထားခြင်း ဖြစ်သည် ဆိုသည့်အဓိပ္ပါယ်ကို သတိပြုန်ရဖို့လိုပါမည်။ မျက်စိဖြင့်မြင်နေရသောအသင်းတော် ကမ္ဘာလောကကြီးမှနေ၍ သီးသန့်နေခြင်းဖြင့် အသင်းတော်၏သန့်ရှင်းခြင်းကို ကျွန်တော်တို့ မြင်နိုင်ပါသည်။ အသင်းတော်သည် ခြားနားသောဘုရင်ရှိသည့် သီးသန့်နိုင်ငံတော်ဖြစ်သည်။ မတူသောဥပဒေများ၊ ဓလေ့ထုံးစံများနှင့် မတူသောမျှော်လင့်ချက်တို့ ရှိနေပါသည် (၁ပေ ၂း၉)။

မှန်ပါသည်၊ သန့်ရှင်းခြင်းသည် ကမ္ဘာ့အလယ်တွင်ရှိနေသည့် အသင်းတော်၏နယ်နိမိတ်(boundary)ဖြစ်ပါသည်။ အသင်းတော်တွင် နိုင်ငံရေးနှင့်ဆိုင်သောနယ်နိမိတ်မရှိပါ၊ ထို့အတူ လူမျိုးရေးနှင့်ဆိုင်သောနယ်နိမိတ်လည်းမရှိပါ၊ ဘာသာစကားနှင့်ပတ်သက်သော နယ်နိမိတ်လည်း မရှိပါ။ သန့်ရှင်းခြင်းသည်သာ အသင်းတော်နှင့်ကမ္ဘာလောကကို ခြားနားလိုက်သော မျည်းဖြစ်ပါသည်။ ထို့ကြောင့် မသန့်ရှင်းသောသူတို့ကို မျက်စိဖြင့်မြင်ရသောအသင်းတော်မှ ထုတ်ပစ်ရပါမည်၊ ထိန်းသိမ်းရပါမည်။

ထို့အပြင် သန့်ရှင်းခြင်းသည် အသင်းတော် ပါဝင်ပတ်သက်သမျှနေရာများ၌ ဆန့်ကျင်မှု အမြဲတမ်း ဖြစ်စေရသော အကြောင်းအရင်းတခုလည်း ဖြစ်ပါသည်။ အသင်းတော်သည် အမြဲတမ်း မသန့်ရှင်းသည်များကို ဆန့်ကျင်သည်။ ပထမအနေနှင့် ၎င်း၏အသင်းသူ/သားများတွင်ဖြစ်သည်။ အသင်းတော်က မိမိအတွင်း၌ရှိသော ဟန်ဆောင်သူများ၊ ခေတ်ဆန်စွာနေချင်သူများကို ရှုတ်ချပါသည်။ ထို့နောက် အပြစ်၏ကျိန်ခြင်းခံ ကမ္ဘာကြီး၏ ဆိုးယုတ်မှုများအားလုံးကို ရှုတ်ချပါသည်။

အကယ်၍ အသင်းတော်နှင့် ၎င်း၏အသင်းသူ/သားများက သန့်ရှင်းဖို့ရန် ကြိုးပမ်းနေကြသည်မှန်လျှင်၊ အသင်းတော်နှင့် ကမ္ဘာကြီးအကြား ရန်ပွဲပဋိပက္ခသည် အမြဲတမ်းဖြစ်ပေါ်လာပါမည်(ယော ၁၅း၁၈-၂၀)။ အသင်းတော်တွင် သူ၏ကိုယ်ပိုင်သန့်ရှင်းခြင်း မရှိပါ။ ၎င်း၏သန့်ရှင်းခြင်းသည် ဘုရားသခင်ကိုယ်တိုင်၏သန့်ရှင်းခြင်း အသင်းတော်မှနေ၍ တောက်ပနေခြင်းဖြစ်သည် (၁ပေ ၁း၁၅-၁၆)။ ထိုအရာကို ဘုရားမသိသူများက မုန်းခြင်းဖြစ်သည်၊ ဆန့်ကျင်ဖက်ပြုခြင်း ဖြစ်ပါသည် (ယော ၃း၁၉၊ ရောမ ၈း၇)။

ထိုဘုရားသခင်၏သန့်ရှင်းခြင်းသည် အသင်းသူ/သားများ၏သန့်ရှင်းခြင်းဖြင့် အသင်းတော်ထဲတွင် တောက်ပနေပါသည်။ ကျေးဇူးတော်အားဖြင့် သူတို့ထံ ဘုရားသခင်၏သန့်ရှင်းခြင်းကို ပေးထားသဖြင့် “သူတော်စင်”များ ဖြစ်ကြသည်၊ ဘုရားသခင်သည် သန့်ရှင်းသကဲ့သို့ သူတို့လည်း သန့်ရှင်းကြဖို့ ခေါ်ထားခြင်းဖြစ်သည်။ အသင်းသူ/သားများက ဆိုးယုတ်ခြင်းမှနေ၍၎င်း၊ ဆိုးယုတ်သူများထံမှနေ၍၎င်း သီးသန့်နေထိုင်ခြင်းဖြင့် သန့်ရှင်းခြင်းသည် သက်သေအဖြစ်ပေါ်ထွက်လာပါသည် (၂ကော ၆း၁၄-၇း၁)။

ထိုသို့ပြော၍ ယုံကြည်သူတို့တွင် အပြစ်မရှိတော့ပါဟု ပြောခြင်းမဟုတ်၊ ထို့အတူ မြင်ရသောအသင်းတော်တွင် အပြစ်မရှိတော့ပါဟု ပြောခြင်းလည်းမဟုတ်ပါ။ အမှန်ပြောရလျှင် အသင်းတော်ထဲတွင် အသွေးအသားနှင့်ဆိုင်သည်များ အမြောက်အများ ကျန်ပါသေးသည်။ အသင်းသူ/သားများထံတွင်လည်း အပြစ်များစွာကျန်ပါသေးသည်။ ထို့အတွက် ကျွန်တော်တို့ ဝမ်းနည်းရပါသည် (ဆာလံ ၅၁း၃၊ ၁၁၉း၅၃၊ ၁၃၆)။ သို့သော် ထို့အတွက်ကြောင့်ပင် အသင်းတော်၏ သန့်ရှင်းခြင်းသည် ယုံကြည်ခြင်းကိစ္စ ဖြစ်နေရခြင်းဖြစ်သည်၊ မြင်နေခြင်းဖြင့် ဆုံးဖြတ်ရသည့်ကိစ္စ မဟုတ်ရခြင်းဖြစ်သည်။ အသင်းတော်သည် ဤကမ္ဘာထဲတွင် ရှိနေပါသေးသော်လည်း၊ ၎င်းသည် သန့်ရှင်းသည်ဟု ကျွန်တော်တို့ ယုံကြည်ကြသည်။

မြင်ရသည့်အရာများဖြင့်သာ ကျွန်တော်တို့ ဆုံးဖြတ်ချက်ချလျှင် အသင်းတော်အတွက် အတော်စိတ်ပျက်ရပါမည်။ အဘယ့်ကြောင့်ဆိုသော် အသင်းသူ/သားများထံတွင် များစွာသောအပြစ်များကိုသာ တွေ့ရမည်ဖြစ်သောကြောင့်ပင်။ အသင်းတော်သည် သန့်ရှင်းသူ/သူတော်စင်များ၏မိတ်သဟာယဖွဲ့ရာဟု ယုံကြည်လျှင်၊ ထိုအသင်းတော်ကို ခရစ်တော်ထံ ကျက်သရေရှိသောအသင်းတော်၊ အစွန်းအကွက်မဲ့၊ (သို့) တွန့်လိမ်ခြင်းမဲ့၊ (သို့)ထိုသောသောအားနည်းချက်များ မရှိဘဲလျှက် အပ်နှံတော်မူမည် ဆိုသည့်အချက်သည် အလွန်သေချာလာမည်ဖြစ်သည် (ဧဖက် ၅း၂၇)။

ထို့ကြောင့် အသင်းသူ/သားများအဖြစ် ဆုတောင်းခြင်း၌၄င်း၊ လက်တွေ့အသက်ရှင်ခြင်း၌၄င်း သန့်ရှင်းခြင်း နောက်သို့ လိုက်သူများ ဖြစ်ကြပါမည်။ သန့်ရှင်းခြင်းမရှိလျှင် မည်သူမျှ ဘုရားသခင်ကို မတွေ့နိုင်ပါ (ဟေဗြဲ ၁၂း၁၄)။

### အသင်းတော်၏ကမ္ဘာလုံးဆိုင်ရာဖြစ်ခြင်းအကြောင်း(The Catholicity of the Church)

တမန်တော်များ၏ယုံကြည်ချက်က အသင်းတော်ကို "သန့်ရှင်းသောကက်သလစ်အသင်းတော်"ဟု ရည်ညွှန်း သည့်အခါ၊ ရိုမန်ကက်သလစ်အသင်းတော်ကို ပြောနေခြင်းမဟုတ်ပါ။ ရိုမန်ကက်သလစ်အသင်းတော်က သူသည် သန့်ရှင်းသောကက်သလစ်အသင်းတော်ဖြစ်သည်ဟု ကြေညာနေသော်လည်း၊ တကယ်တမ်းပြောရလျှင်၊ မသန့်ရှင်းသလို၊ ကမ္ဘာလုံးဆိုင်ရာလည်း မဟုတ်ပါ။ ထို့အပြင် ခရစ်တော်၏အသင်းတော်ပင်မဟုတ်ပါ၊ မှားယွင်းသောအသင်းတော်ပျက် တခုသာ ဖြစ်ပါသည်။

"ကက်သလစ်"ဆိုသောစကားလုံးက ကမ္ဘာလုံးဆိုင်ရာဟု အဓိပ္ပါယ်ရပါသည်။ ခရစ်တော်၏ စစ်မှန်သောအသင်း တော်ကို ဖေါ်ပြရာ သင့်တော်သောစကားတလုံးဖြစ်ပါသည်။ ထို့ကြောင့် ထိုစကားလုံးကို ရိုမန်ကက်သလစ်အသင်းတော် ကြောင့် မသုံးဘဲလွှင့်ပစ်ခြင်း မလုပ်သင့်ပါ။

အသင်းတော်သည် ကမ္ဘာလုံးဆိုင်ရာဖြစ်ကြောင်း ကျမ်းစာကပြောပြနေပါသည်။ ဗျာဒိတ်ကျမ်းက ထိုကမ္ဘာလုံး ဆိုင်ရာအသင်းတော်အကြောင်းကို အခန်းကြီး(၇) အငယ်(၉)တွင်ဖေါ်ပြပါသည်။ ထိုနေရာတွင် မည်သူမျှမရေတွက်နိုင် လောက်အောင် များလွန်းသောလူအုပ်ကြီးကို တွေ့ရသည်။ နိုင်ငံပေါင်းစုံ၊ အုပ်စုပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာစကား ပေါင်းစုံ ပါဝင်သည်။ ဘုရားသခင်၏ ပလ္လင်တော်ရှေ့တွင် ရပ်နေကြသည်။

အသင်းတော်၏ကမ္ဘာလုံးဆိုင်ရာဖြစ်သည်ဆိုခြင်းမှာ ဘုရားသခင့် အစိုးရတော်မူသော ကျေးဇူးတော်တန်ခိုးဖြင့် ကမ္ဘာ့နိုင်ငံများမှ လူမျိုးစုံကို အသင်းတော်သို့ စုသိမ်းခြင်းသာမကပါ၊ ဘုရားသခင်သည် သူ၏အသင်းတော်ကို ခေတ်အ ဆက်ဆက် တောက်လျှောက် စုသိမ်းတော်မူသည် ဆိုခြင်းလည်းဖြစ်ပါသည်။ ထို့ကြောင့် အသင်းတော်၏ ကမ္ဘာလုံးဆိုင် ရာဖြစ်ခြင်းက ကျွန်တော်တို့သည် အာဗြဟံ၊ အိုင်ဇက်၊ ယာကုပ်တို့နှင့်အတူ ဘုရားသခင်၏နိုင်ငံတော်တွင် အတူ တူနေကြရဦးမည် ဆိုသည့်အာမခံကို ပေးနေပါသည် (မဿဲ ၈း၁၁)။ ထိုအမှန်တရားက ဗျာဒိတ်ကျမ်း ၆း၁၁ တွင်ဖေါ်ပြ ထားသောအာဇာနည်များသည် သူတို့၏ ယုံကြည်သူညီအကိုမောင်နှမများဖြစ်ကြသည်ဟု တွေ့မြင်ခွင့်ပေးပါသည်။

နောက်ဆုံးအနေနှင့် အသင်းတော်၏ကမ္ဘာလုံးဆိုင်ရာဖြစ်ခြင်းဆိုသည့်အမှန်တရားက ပြောနေသည်မှာ၊ အသင်းတော်တွင် လူအမျိုးအစားစုံလွင်စွာပါသည်ဆိုခြင်းဖြစ်သည်။ ချမ်းသာသူ၊ ဆင်းရဲသူ၊ ကြီးမြင့်သူ၊ သေးငယ်သူ၊ ငယ်သူ၊ ကြီးသူ၊ သခင်၊ ကျွန်၊ ယောကျ်ား၊ မိန်းမ အားလုံးစုံလင်စွာပါပါသည်။ အသင်းတော်၌ အားလုံးအတွက်အခန်း များ ရှိပါသည်။

ထိုအချက်ကို ၁တိ ၂း၁-၂ က လူအားလုံးအတွက်ဆုတောင်းပါဟုပြောလျှင် သင်ပေးပါသည်။ အားလုံးဆိုသော စကားလုံးက လူသားတယောက်မကျန်ဟု မဆိုလိုပါ။ ထိုသို့ဆိုခြင်းက ဖြစ်လည်းမဖြစ်နိုင်ပါ၊ လူမျိုးစုံအတွက်တောင်းပါဟု ပြောလိုခြင်းဖြစ်သည်၊ နောက်ပိုင်းကျမ်းပိုဒ်များက "အုပ်ချုပ်သူလူတန်းစားအတွက်"ဟုပြောပါသည်။ လူမျိုးစုံအတွက် ဆု တောင်းရပါမည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က လူမျိုးစုံကို ကယ်တင်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ခရစ် တော်သည် လူမျိုးစုံအတွက် အသေခံတော်မူပါသည်။

ယာကုပ်သြဝါဒစာတွင်လည်း ထိုသို့သောရှုထောင့်ကို တွေ့နိုင်ပါသည်၊ အသင်းသူ/သားအချို့တို့က ချမ်းသာသူ များကိုသာ မျက်နှာသာပေး၍ ဆင်းရဲသူများကိုနှိမ်သည့်အခါ ထိုသို့ပြုခြင်းမကောင်းပါဟုဆုံးမပါသည် (၂း၁-၉)။ ယနေ့ ချိန်တွင်လည်း ကျွန်တော်တို့သည် အခြားသောခရစ်ယာန်ကို သူ၏အပြင်ဖက်ပုံပန်းသဏ္ဍာန်ကြောင့် အထင်သေးကြ သည့်အခါ ထိုအမှားကို ဆက်လုပ်နေကြခြင်းဖြစ်သည်။

သေချာစွာအနက်ဖွင့်လျှင်၊ ဂလာတိ ၃း၂၈ ကလည်း အသင်းတော်၏ကမ္ဘာလုံးဆိုင်ရာဖြစ်ခြင်းကို ပြောနေပါ သည်။ "ယေရှုခရစ်၌ ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်း ဖြစ်ကြ၏။" ဤကျမ်းပိုဒ်က ယောကျ်ားဖြစ်သူသည် ဇနီးသည်၏ ဦးခေါင်းဖြစ်ကြောင်းကို ငြင်းပယ်နေခြင်း မဟုတ်ပါ၊ ခရစ်ယာန်တို့ကို ဘုရားသခင်က မတူသောလက်ဆောင်များ အရည်အချင်းများ ပေးထားသည်ကို ငြင်းပယ် ခြင်းလည်း မဟုတ်ပါ။ ဆိုလိုသည်မှာ အားလုံးသော ယောကျ်ား၊ မိန်းမ၊ ဂျူး၊ ဂျူးမဟုတ်သူ၊ ကျွန်၊ လူလွတ် တို့သည် ခရစ်ယာန်ဖြစ်ကြခြင်းကြောင့် အဆင့်တူကြသည်၊ အားလုံး ယေရှုခရစ်တော်၌ ပါဝင်ကြသောကြောင့်ဖြစ်သည်။ ယုံကြည် သူအားလုံး အေဗြာဟမ်၏ ဝိညာဉ်ရေးရာသားသမီးများ ဖြစ်ကြပါသည်။

ထို့ကြောင့် ဘာသာစကားတခုသည် အခြားဘာသာစကားတခုထက် ခရစ်ယာန်ယုံကြည်ခြင်းကို ပို၍ကောင်းအောင်ထုတ် ဖေါ်နိုင်သည်၊ (သို့) လူတမျိုးက အခြားတမျိုးထက် ပို၍ကောင်းသော ခရစ်ယာန်ဖြစ်နိုင်သည် ဆိုသော အိုင်ဒီယာမျိုးသည် အသင်းတော်၏ကမ္ဘာလုံးဆိုင်ရာဖြစ် ခြင်းအမှန်တရားကို ငြင်းဆန်ခြင်းသာဖြစ်ပါသည်။ ထိုသို့သော သူများသည် ဒစ်စပင်ဆေးရှင်းဝါဒ၊ အစ္စရေးဝါဒတို့ဖြစ်သည်။ သူတို့က နိုင်ငံတခု (သို့) လူမျိုးတခုသည် ဘုရားသခင်၏ နိုင်ငံတော်ကို အထူးပြုဖေါ်ပြသူများ ဖြစ်နိုင်သည်ဟု မှားယွင်းစွာသင်ကြပါသည်။ (ကျွန်တော်တို့တိုင်းပြည်တွင်လည်း နှစ်ခြင်းနှင့်ဧဝံဂေလိအဖွဲ့အများစုက ဂျူးမှဂျူး အစ္စရေးမှအစ္စရေးဟု သင်နေကြခြင်းသည် အသင်းတော်၏ ကမ္ဘာလုံးဆိုင်ရာဖြစ်ခြင်း အမှန်တရားကို ငြင်းပယ်ကြသူများဖြစ်သည်)

ထို့ကြောင့် ခရစ်တော်၏အသင်းတော်တွင် မျက်နှာသာပေးခြင်းများကို ရှောင်ကြပါသည်၊ တယူသန်ခြင်းများကို ရှောင်ကြပါမည်။ တစုံတဦး၏ အရေပြားအရောင်ကြောင့်၊ ပြောသည့်စကားကြောင့်၊ နိုင်ငံသားဖြစ်ခြင်းကြောင့်၊ ဓလေ့ထုံးစံကြောင့် ငြင်းပယ်ခြင်းမျိုးကို မလုပ်ဘဲနေကြပါမည်။ ထိုအရာများကြောင့် မည်သည့်ခြားနားမှုကိုမှ မဖြစ်စေပါ။

အသင်းတော်၏ ကမ္ဘာလုံးဆိုင်ရာဖြစ်ခြင်း အမှန်တရားကို ယုံကြည်လျှက် "ဘုရားသခင်သည် သူ့ကိုခေါ်သော သူများထံတွင် ကြွယ်ဝတော်မူပါသည်"ဟု ဝန်ခံကြပါမည် (ရောမ ၁၀း၁၂-၁၃)

## တမန်တော်များ၏အသင်းတော်ဖြစ်ခြင်းအကြောင်း(Apostolic Church)

တမန်တော်များ၏ယုံကြည်ချက်က တမန်တော်များ၏အသင်းတော်ဖြစ်ခြင်းအကြောင်းကို မဖေါ်ပြသော်လည်း အခြားခံယူယုံကြည်ချက်များက ဖေါ်ပြပါရှိပါသည်။ ဥပမာ နိုင်စင်းယုံကြည်ချက်(Nicene Creed အေဒီ ၃၀၀ ခန့်)ကဖြစ်ပါသည်။ "ကျွန်ုပ်သည် သန့်ရှင်းသောကမ္ဘာလုံးဆိုင်ရာ တမန်တော်များ၏အသင်းတော်ကို ယုံကြည်ပါသည်"ဟု ဖေါ်ပြပါသည်။ ဘာကိုဆိုလိုပါသနည်း?

ရိုမန်ကက်သလစ်အသင်းတော်က တမန်တော်များ၏အသင်းတော်ဆိုသည်မှာ မိမိကိုပြောခြင်းဟု ကြေညာပါသည်၊ မိမိ၏ပုတ်ရဟန်မင်းကြီးများသည် တမန်တော်များကိုဆက်ခံသူများဖြစ်ကြသည်၊ ဆက်တိုက်မပြတ်တမ်း ခံယူလာကြသည်ဟု ပြောနေပါသည်။ သို့သော် အမှားများသာဖြစ်ပါသည်။

အချို့သော ပရိုတက်စတင့်အသင်းတော်များက သူတို့သည် တမန်တော်များ၏အသင်းတော်ဖြစ်ကြသည် အဘယ့်ကြောင့်ဆိုသော် တမန်များ၏လုပ်ကိုင်ပုံနှင့်ဩဝါဒများကို ပြန်လည် ကျင့်သုံးကြသောကြောင့်ဖြစ်သည်ဟု ပြောလာကြပြန်ပါသည်။ ဖြစ်နိုင်ကောင်းသော်လည်း နိုင်စင်းယုံကြည်ချက်က ဆိုလိုသောအချက်သည် ထိုသို့မဟုတ်ပါ။

နိုင်စင်းခံယူယုံကြည်ချက်နှင့် ရီဖေါ့မ်သီဩလော်ဂျီက ရည်ညွှန်းသည်မှာ ဧဖက်ဩဝါဒစာ ၂း၂၀ ကိုဖြစ်ပါသည်။ ထိုကျမ်းပိုဒ်က အသင်းတော်သည် "တမန်တော်တို့မှစ၍ ပရောဖက်များတည်းဟူသော တိုက်မြစ်အပေါ်၌ သင်တို့သည်ထပ်ဆင့်၍ တည်ဆောက်လျက်ရှိကြ၏"ဟုပြောပါသည်။ ၎င်းနှင့်ထင်ရှားစွာဆက်နွယ်သောကျမ်းပိုဒ်သည် မဿဲ ၁၆း၁၈ ဖြစ်သည်၊ ထိုနေရာတွင် သခင်ယေရှုက "ငါဆိုသည်ကား၊ သင်သည်ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းကိုငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာ"ဟု ပြောခဲ့သည်။

ရိုမန်ကက်သလစ်အသင်းတော်က "ဤကျောက်ပေါ်မှာ"ဆိုသည့်စကားစုကို ပေတရုပေါ်တွင်ဟု မှားယွင်းစွာယူဆနေပါသည်။ ပုတ်ရဟန်းမင်းများသည် ပေတရုကိုဆက်ခံသူများဖြစ်ကြသည်ဟု မှားယွင်းစွာပြောနေပါသည်။ ပေတရုဆိုသောစကားလုံးသည် ဂရိဘာသာဖြင့် ကျောက်တုံးဟု ပြော၍ရပါသည်။ သို့သော် ဤကျမ်းပိုဒ်တွင် ကျောက်တုံးဆိုသောစကား နှစ်မျိုးသုံးပါသည်။ ထို့ကြောင့် သခင်ယေရှုဆိုလိုချင်သည်မှာ မဿဲ ၁၆း၁၆ ၌ပေတရု ဝန်ခံချက်ပြုထားခြင်းအပေါ်တွင် အသင်းတော်ကို တည်ထောင်မည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ထိုရှုထောင့်မှနေ၍ ဧဖက် ၂း၂၀ ကိုကြည့်လျှင် အသင်းတော်ဆိုသည်မှာ တမန်တော်များ(နှင့်ပုရောဖက်များ)၏ သင်ကြားပေးချက်၊ ဩဝါဒများအပေါ် တည်ဆောက်ထားသည်၊ တနည်းအားဖြင့် ဘုရားသခင်မှုတ်သွင်းတော်မူသော ဓမ္မဟောင်းကျမ်း၊ ဓမ္မသစ်ကျမ်းတို့အပေါ်တွင် တည်ဆောက်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့သည် အသင်းတော်၏ အခြေခံအုတ်မြစ်များ ဖြစ်ကြသည်။

တမန်တော်များ၏သင်ကြားချက်၊ ဩဝါဒများပေါ်တည်ဆောက်ခြင်းဖြင့်၊ အသင်းတော်သည် ခရစ်တော်အပေါ် တည်ဆောက်ခြင်းဖြစ်ပါသည်။ "ထိုတိုက်ထောင့်အမြစ်ကျောက်ကား၊ ယေရှုခရစ်ဖြစ်သတည်း။ ထိုကျောက်နှင့်တတိုက်လုံးသည် စေ့စပ်၍ ကြီးပွါးသဖြင့်၊ သခင်ဘုရားအဘို့အလိုငှါ သန့်ရှင်းသော ဗိမာန်တော်ဖြစ်၏"ဟုဆက်ပြောသည်။ အသင်းတော်သည် ဗိမာန်တော်ဖြစ်သည်။

ထို့ကြောင့် အသင်းတော်၏သင်ပေးခြင်းအားလုံး၊ ဩဝါဒအားလုံးသည် ခရစ်တော်နှင့်ဆိုင်သည်။ သခင်ယေရှုက "ကျမ်းစာများကို ရှာဖွေကြ၊ ၎င်းတို့က ငါ့ကိုသက်သေခံနေကြသည်"ဟုပြောခဲ့ပါသည် (ယော ၅း၃၉)။ တမန်တော်များ အားလုံးကိုယ်စား ပေါလုက "အဘယ့်ကြောင့်ဆိုသော် ငါသည် သင်တို့ထံ ယေရှုခရစ်နှင့်လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်းမှလွဲ၍ အခြားမည်မည့်အကြောင်းကိုမျှ မသိစေရန် စိတ်ဆုံးဖြတ်ထား၍ဖြစ်သည်"ဟုပြောခဲ့ပါသည်(၁ကော ၂း၂)။

ထို့ကြောင့် တမန်တော်များ၏အသင်းတော်အစစ်အမှန်သည် ခရစ်တော်၏အသင်းတော်ဖြစ်ပါသည်။ ထိုသို့သော အခြေခံအုတ်မြစ်အပေါ် အသင်းတော်ကိုတည်ဆောက်သောအခါ၊ ငရဲ၏တံခါးများကပင ၎င်းကိုမနိုင်နိုင်တော့ပါ ဆိုခြင်းသည် အံ့ဩစရာ မဟုတ်တော့ပါ(မဿဲ ၁၆း၁၆)။

ထိုသို့သော် စစ်မှန်သည့်တမန်တော်များ၏အသင်းတော် အလွန်ရှားပါးနေပြီဖြစ်သည်။ အများစုထဲတွင် တမန်တော်များနှင့် ပရောဖက်များ၏သင်ပေးခြင်း၊ ဩဝါဒများ မကျန်တော့သလောက် ဖြစ်နေပါပြီ။ ထို့ကြောင့် သူတို့သည် ငရဲမှလာသောစွမ်းအင်များကို ခံနိုင်စွမ်းမရှိကြတော့ပါ။ ဘုရားသခင်သည် သူ၏အသင်းတော်ကို ကူညီပါစေ၊ ကယ်တင်ပါစေ၊ ထို့နောက် ခိုင်မာသောအခြေခံ အုတ်မြစ်ပေါ်သို့ နောက်တခေါက်ပြန်ဆောက်ပါစေဟု ဆုတောင်းပါသည်။

### အသင်းတော်၏ညီညွတ်ခြင်းအကြောင်း(The Unity of the Church)

အသင်းတော်၏သန့်ရှင်းခြင်းအကြောင်း၊ ကမ္ဘာလုံးဆိုင်ရာဖြစ်သည့်အကြောင်း၊ တမန်တော်များ၏အသင်းတော်ဖြစ်သည့်အကြောင်းများကို ကျွန်တော်တို့ ပြောဆိုခဲ့ကြပြီဖြစ်သည်။ ၎င်းတို့အပြင် အသင်းတော်၏ဂုဏ်လက္ခဏာတမျိုး ရှိပါသေးသည်၊ ၎င်းမှာ အသင်းတော်၏ညီညွတ်ခြင်းဖြစ်သည်။

အသင်းတော်၏ညီညွတ်ခြင်းဟု ကျွန်တော်တို့ပြောသည့်အခါ၊ အခြေခံအားဖြင့် အသင်းတော်တခုတည်း၊ ခရစ်တော်၏ ကိုယ်ခန္ဓာတခုတည်းသာ ရှိပါသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ခရစ်တော်ထံတွင် ခန္ဓာတခုထက်ပို၍မရှိပါ။

ထိုအသင်းတော်၏ညီညွတ်ခြင်းကို လွယ်လွယ်တော့မတွေ့နိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် အသင်းတော်အမြောက်အများ ရှိနေ၍ဖြစ်သည်။ ထိုသို့မြောက်များစွာ ကွဲပြားနေရခြင်း၏အကြောင်းမှာ အများအားဖြင့် အသင်းတော်များနှင့်အသင်းသူ/သားများ၏ အပြစ်များမှု၊ အားနည်းချက်များကြောင့်ဖြစ်ပါသည်။ တချို့သောအသင်းတော်တို့မှာ ကောင်းသောရည်ရွယ်ချက်အတွက် ပေါ်လာကြခြင်းဖြစ်သည်။

ထို့အပြင် နေရာဒေသနှင့်ပြောဆိုသောစကားတို့ကြောင့်လည်း မြင်ရသောအသင်းတော်သည် တခုတည်းသော မဖြစ်နိုင်ရခြင်းလည်း ဖြစ်ပါသည်။ ထိုခြားနားချက်များကို ကောင်းကင်သစ်မြေကြီးသစ်တွင်သာ ဖယ်ရှားမည်ဖြစ်သည် (ဗျာ ၂၁း၁)။ ကောင်းကင်တွင် အကွာအဝေး၊ ပြောဆိုသောစကားခြားနားမှု၊ အခြားကွာခြားမှုမျိုးစုံတို့ ရှိကြတော့မည် မဟုတ်ပါ။

မြေကြီးပေါ်လက်ရှိအချိန်တွင်တော့ အသင်းတော်နှင့် ၎င်း၏အသင်းသူ/သားတို့၏ အပြစ်အားနည်းချက်များကြောင့် ထိုသို့ညီညွတ်ခြင်းသည် အတော်ခက်ခဲပါသည်၊ သို့သော် မဖြစ်နိုင်ခြင်းတော့မဟုတ်ပါ။ ဩဝါဒများတွင်ခြားနားမှု၊ လက်တွေ့လုပ်ကိုင်ခြင်းတွင် ခြားနားမှုတို့သည် ဘုရားသခင်၏နုတ်ကပတ်တော်ကို နားမလည်သော၊ မနာခံချင်သော အပြစ်ရှိခြင်း၏ ပျက်ကွက်မှုကြောင့် ဖြစ်ပါသည်။ ထိုပျက်ကွက်မှုက ယုံကြည်သူများကို တကွဲတပြားလည်းဖြစ်စေပါသည်။

အပြစ်က အသင်းတော်၏ညီညွတ်ခြင်းကို ပျက်ဆီးစေလျှက်၊ ယုံကြည်သူများကို တကွဲတပြားစီ ဖြစ်စေသောကြောင့် ခရစ်ယာန်တို့သည် မိမိတို့တတ်နိုင်သလောက် အစွမ်းကုန် ထိုအားနည်းချက်ကို ကျော်လွှားနိုင်ရန် အစဉ်ကြိုးပမ်းနေရမည်ဖြစ်သည်။ နုတ်ကပတ်တော်ကို လေ့လာလျှက်၊ တဦးနှင့်တဦးထံ မိမိတို့ဘာကိုယုံကြည်ကြောင်း ပြောပြလျှက် ခြားနားမှုများကို ကျော်လွှားနိုင်ရန် အားထုတ်ရပါမည်။ ကွဲပြားခြင်းကို သည်းမခံကြရပါ။ အသင်းတော်များအရ ညီညွတ်ခြင်း မဖြစ်နိုင်ဟု သေချာနေသည့်တိုင်၊ ခရစ်ယာန်တို့သည် အခြားသောခရစ်ယာန်တို့နှင့် ဖြစ်နိုင်သလောက် ပေါင်းသင်းဆက်ဆံကြရပါမည်။ မိမိတို့အဖွဲ့ထဲ မပါသူတို့ကို ခရစ်ယာန် မဟုတ်သူများကဲ့သို့ မထင်မှတ်သင့်ကြပါ။

သို့သော် ခရစ်ယာန်တို့သည် အမှန်တရားကို စွန့်ပစ်ရသည့်တိုင်အောင်တော့ ညီညွတ်ဖို့ကို မကြိုးစားသင့်ပါ။ သူတို့သည် အမှန်တရားကို ဝယ်သာဝယ်ရမည်၊ မရောင်းရပါ (သုတ္တံ ၂၃း၂၃)။ ထိုနေရာတွင် အသင်းတော်များ ပေါင်းစည်းရေးအဖွဲ့များ မှားနေကြခြင်းဖြစ်သည်။ ၎င်းတို့သည် ဘာသာရေးအဖွဲ့မျိုးစုံကို တစုတည်းရောနှောလျှက် တန်ဖိုးမရှိသောအရာတခုကို ဖန်တီးဖို့ ကြိုးပမ်းသူများဖြစ်ကြသည်။ ထိုသို့ပြု၍ ညီညွတ်ခြင်းအစစ်ကို မရနိုင်ပါ။

ညီညွတ်ဖို့ ကြိုးပမ်းလျှက်၊ ဆုတောင်းလျှက်၊ ယုံကြည်သူတို့သတိရသင့်သည်မှာ ထိုညီညွတ်ခြင်းသည် မျိုးကွဲများစွာဖြစ်လျှက် ညီညွတ်ခြင်း(unity in diversity)ကိုဆိုလိုကြောင်းဖြစ်သည်။ အသင်းတော်၏ ညီညွတ်ခြင်းဆိုသည်

မှာ ခရစ်ယာန်များအားလုံးတ ပုံစံတည်းဖြစ်ကြခြင်းကို ဆိုလိုသည်မဟုတ်။ တနေရာ၌ရှိနေသောအသင်းတော်သည် နောက်တနေရာရှိ အသင်းတော်၏ မိတ္တူကူထားချက်မျိုး ဖြစ်ရမည်ဟုမဆိုလိုပါ။

ပေါလုက ၁ကော၊ အခန်းကြီး(၁၂)တွင်၎င်းကို ရှင်းနေအောင်ပြောပြပါသည်။ ပုံစံမတူ ကွဲပြားသောအသင်းသူ/သားများ၊ ဘုရားပေးသောလက်ဆောင်များ မျိုးစုံကွဲပြားစွာ ရှိနေသည်ဟုပြောသည်သာမကပါ၊ အသင်းသူ/သားတယောက်တိုင်းသည် မရှိမဖြစ်အရေးပါကြသည်။ ထိုအချက်ကို ကျွန်တော်တို့ ခဏခဏမေ့တတ်ကြပါသည်။ ထိုသို့ဖြစ်မှသာ အသင်းတော်သည် ခရစ်တော်၏ ကိုယ်ခန္ဓာဖြစ်နေပါမည်။

မည်သို့ပင်ဖြစ်ပါစေ၊ အပြစ်ကို နောက်ဆုံးပိတ် နိဂုံးချုပ်ပေးချိန်ထိ ကွဲပြားခြင်းများ ရှိကိုရှိနေပါမည်။ ထို့အတွက်ကြောင့် အသင်းတော်များ၏ညီညွတ်ခြင်းသည် ယခုချိန်တွင်တော့ ယုံကြည်ခြင်းဖြင့်သာမြင်နိုင်ပါသည်။ "သန့်ရှင်းသောကမ္ဘာလုံးဆိုင်ရာဖြစ်သည့်၊ တမန်တော်များ၏အသင်းတော်ဖြစ်သည့် အသင်းတော်တခုတည်းသာရှိသည်"ဟု နိုင်စင်းယုံကြည်ချက်ကပြောသလို ခရစ်ယာန်တို့ကလည်း ယုံကြည်ကြပါသည်။

ထို့ကြောင့် ခရစ်ယာန်တို့သည် အသင်းတော်၏ ညီညွတ်နေခြင်းအမှန်တရားနှင့် ပတ်သက်၍ ယခုမြင်နေရသည့်ပုံစံကို အဆုံးသတ်နိဂုံးဟု မယူဆဘဲ၊ ယုံကြည်ခြင်းနှင့်ကြည့်မြင်ရမည်ဖြစ်ပါသည် (၂ကော ၅း၇)။ ထိုအချက် အရေးကြီးလှပါသည်။ ယုံကြည်ခြင်းက ခရစ်ယာန်တို့ကို အသင်းတော်၏အားနည်းချက်များ၊ အမှားများ၊ ကွဲပြားနေခြင်းများ တွေ့နေကြသော်လည်း အသင်းတော်ကိုမစွန့်ပစ်ဘဲ နေစေမည်ဖြစ်သည်။

ထိုသို့ယုံကြည်ခြင်းသည် အချည်းနှီးမဲ့မဟုတ်ပါ။ ခရစ်တော်ပြန်လာသောအခါ သူက "အားလုံးကို တစုတည်းသို့စုစည်းမည်ဖြစ်ပါသည်" (ဧဖက် ၁း၁၀)။ ထို့နောက် အပြစ်ကို ခြေမှုန်းပစ်လိုက်ပါမည်။ ထိုအခါ ကွဲပြားနိုင်ခြေရှိမှုသည် ပင် ပျောက်သွားတော့မည်ဖြစ်သည်။

**ဓမ္မဟောင်းနှင့်ဓမ္မသစ်ရှိအသင်းတောအကြောင်း**(The Church in the Old and New Testaments)

အသင်းတော်၏ညီညွတ်နေခြင်းအမှန်တရား၏ အလွန်အရေးကြီးသောရှုထောင့်တခုမှာ ၎င်း၏ ဓမ္မဟောင်း၊ ဓမ္မသစ်ကြား ညီညွတ်နေခြင်းဖြစ်ပါသည်၊ ဆိုလိုသည်မှာ အစ္စရေးသည် ဓမ္မဟောင်း၏အသင်းတော်ဖြစ်ပြီး၊ ဓမ္မသစ်၏အသင်းတော်သည် ဘုရားသခင်၏အစ္စရေးအစစ် ဖြစ်ပါသည်။ အနည်းငယ်ကသာ ဤအမှန်တရားကို သိမြင်ကြပုံရပါသည်၊ သို့သော် ကျမ်းစာကတော့ ၎င်းအချက်အပေါ်တွင် ရှင်းနေပါသည်။

အစ္စရေးသည် အသင်းတော်၊ အသင်းတော်သည် အစ္စရေးဖြစ်သည်။ ၎င်းအမှန်တရားသည် ကလေးငယ်များအား ဗတ္တိဇံပေးရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည်(အသင်းတော်တခု၊ ထို့ကြောင့် ပဋိညာဉ်တခု၊ ပဋိညာဉ်၏ နိမိတ်လက္ခဏာတခု)။ ထို့အတူ၊ ထိုသို့နားလည်ခြင်းသည် ဒစ်စပင်ဆေးရှင်းသြဝါဒ၏အမှားများကို ရှောင်ရှားနိုင်ဖို့ရန် မရှိမဖြစ်အချက်ဖြစ်သည်။ ဒစ်စပင်ဆေးရှင်းဝါဒက အသင်းတော်နှင့်အစ္စရေးသည် လုံးဝမတူသောလူနှစ်စုဖြစ်သည်၊ အနာဂတ်နှစ်မျိုးရှိသည်ဟု သွန်သင်ကြသည်။

တမန်တော်ဝတ္တု(၇း၃၈)က အသင်းတော်နှင့်အစ္စရေးသည် အတူတူဖြစ်ကြောင်းရှင်းစွာပြောပါသည်။ ထိုနေရာတွင် အစ္စရေးကို "သဲကန္တာရထဲရှိအသင်းတော်"ဟုခေါ်ပါသည်(the church in the wilderness ယုဒသန်ဘာသာပြန်ကျမ်းတွင် ထိုသို့မပြောသဖြင့် မြန်မာတို့အတွက်ခက်ပါသည်)။ ဤကျမ်းပိုဒ်က ဓမ္မသစ်ကျမ်းစာတွင် အသင်းတော်အတွက် သုံးသောစကားလုံးကို အစ္စရေးတို့အတွက်သုံးထားပါသည်။

ဖိလိပ္ပိသြဝါဒစာ ၃း၃ သည်နောက်ကျမ်းပိုဒ်တခုဖြစ်သည်။ ထိုနေရာတွင် ပေါလုက အစ္စရေးမဟုတ်သော ခရစ်ယာန်များကို "အဘယ့်ကြောင့်ဆိုသော် ငါတို့သည် အရေဖျားလှီးခြင်းခံသူများဖြစ်သည်"ဟုပြောထားပါသည်၊ (ထို့အတူ ရောမ ၃း၂၈၊ ၂၉၊ ဂလာ ၃း၂၉ တို့ကလည်း ပြောနေပါသည်)။ ဘုရားသခင်ကို ဝိညာဉ်နှင့်ဝတ်ပြုသူအားလုံး၊ သခင်ယေရှုခရစ်ကို ချစ်မြတ်နိုးသူအားလုံးသည် စစ်မှန်သောဂျူး၊ ဘုရားသခင်၏အစ္စရေးဖြစ်ကြပါသည်။

ကျမ်းစာကပြောသလို ပြောရလျှင်၊ စစ်မှန်သောဂျူးဖြစ်ဖို့ရန် အေဗြာဟမ်၏သားသမီးဖြစ်စရာ မလိုအပ်ပါ၊ သူ၏မျိုးနွယ်ဆက် ဖြစ်စရာမလိုပါ၊ သွေးသားတော်စပ်စရာမလိုအပ်ပါ။ ထိုအသွေးအသားတော်စပ်မှုနှင့်ပတ်သက်၍ ကျမ်းစာကပြောသည်မှာ "ဘုရားသခင်သည် ထိုကျောက်တုန်းများမှ အေဗြာဟမ်၏သားသမီးများကို ထွက်လာစေနိုင်ပါသည်"ဟူ၍ဖြစ်သည် (လုကာ ၃း၈)။

ကျမ်းစာအရ ဂျူးအစစ်ဆိုသည်မှာ ကတိတော်၏တန်ခိုးတော်ဖြင့် မွေးဖွားလာသူဖြစ်သည် (ရောမ ၉း၈)။ အေဗြာဟမ်တွင်ရှိသည့် ယုံကြည်ခြင်းမျိုး တူညီစွာရှိသူဖြစ်သည် (ဂလာ ၃း၈၊၉)။ အေဗြာဟမ်ကဲ့သို့ ခရစ်တော်၏ပိုင်ဆိုင်

ခြင်း ခံရသူဖြစ်သည် (ဂလာ ၃း၂၉)။ နှလုံးသားအရေဖျားလှီးခြင်းခံသူဖြစ်သည် (ရောမ ၃း၂၉)။ ထိုသို့မဟုတ်သူများကို ဂျူးဟု ကျမ်းစာက မသတ်မှတ်ပါ (ရောမ ၂း၂၈)၊ ကတိတော်များနှင့် ဘာမှမဆိုင်ကြပါ (တမန် ၂း၃၉)။

အစ္စရေးနှင့်အသင်းတော် တဖွဲ့တည်းဖြစ်ကြောင်းကို ယောရှေအနာဂတ္တိကျမ်း ၁း၁၀၊ ၁၁ က ပိုရှင်းအောင် ပြောနေပါသည်၊ ထိုကျမ်းပိုဒ်များကို ရောမ ၉း၂၄-၂၆ တွင် ထပ်မံကိုးကားဖေါ်ပြပါသည်။ အာမုတ်အနာဂတ္တိကျမ်း ၉း၁၁-၁၅ ကလည်းပြောနေပါသည်၊ ၎င်းကျမ်းပိုဒ်များကို တမန် ၁၅း၁၃-၁၇ တွင် တပ်မံကိုးကားဖေါ်ပြပါသည်။ ယောရှေအနာဂတ္တိကျမ်းပိုဒ်များက ဂျူဒနှင့်ဗင်ဂျမင်အနွယ်တို့ကို စွန့်ပစ်ထွက်ခွာသွားကြသော အစ္စရေးဆယ်နွယ်တို့ ပြန်လာကြမည့်အကြောင်းကို ပြောပြပါသည်။ ထိုအနာဂတ်ဟောချက်သည် ဓမ္မသစ်အသင်းတော်များအား စုစည်းနေခြင်းတွင် ပြည့်စုံနေပြီဖြစ်ကြောင်း ရောမ ၉း၂၄-၂၆ ကပြောပြပါသည်။

အာမုတ်အနာဂတ္တိကျမ်း ၉း၁၁-၁၅ တွင် အစ္စရေးနိုင်ငံ မိမိ၏နေရာတွင် ပြန်တည်ထောင်မည့်အကြောင်း၊ ဗိမ္မာန်တော် ပြန်ဆောက်မည့်အကြောင်းကို ဖတ်ကြရသည်။ သို့သော် တမန်တော်ဝတ္တု(၁၅)က ထိုအနာဂတ်ဟောချက်သည် ဓမ္မသစ်အသင်းတော်သို့ အစ္စရေးမဟုတ်သောအခြားလူမျိုးများ ဝင်ရောက်ကြခြင်းတွင် ပြည့်စုံနေပြီဟု ရှင်းစွာပြောပြပါသည်။ ပျက်ဆီးပြိုကျနေပြီဖြစ်သော ဒေးဗစ်၏တဲကို ပြန်တည်ဆောက်ခြင်းဆိုသည်မှာ ဘုရားသခင်က ဂျူးမဟုတ်သောလူမျိုးများကို သူ့နာမည်ဖြင့် ဆုတောင်းနိုင်ကြရန် ခေါ်တော်မူခြင်းကို ရည်ညွှန်းပါသည်ဟု ရှင်းစွာပြောနေပါသည် (တမန် ၁၅း၁၄-၁၆)။

ဤအမှန်တရားကို ရှင်းစွာမြင်မှသာ ဓမ္မကျမ်းများ၊ ဓမ္မသစ်ကျမ်းများသည် ကျွန်တော်တို့ ခရစ်ယာန်များအတွက် ရေးထားကြပါသည်ဟု သဘောပေါက်နိုင်မည်ဖြစ်သည်။ ကျမ်းစာ၏ကတိတော်များ၊ သတိပေးချက်များအားလုံးသည် တခြားလူများအတွက် ရေးနေခြင်းမဟုတ်၊ ကျွန်တော်တို့အတွက်၊ ကျွန်တော်တို့ သားသမီးများအတွက် ရေးထားခြင်းဖြစ်ပါသည်။ ထိုအခါ ဓမ္မဟောင်းကျမ်းစာများကိုဖတ်ရခြင်းသည် အတော်လေးခြားနားသွားပါသည်။ ထိုနောက် ကျွန်တော်တို့သည် မိမိတို့မျက်လုံးများအပေါ် အဖုံးအကာအုပ်လျှက် ဖတ်ခြင်းမျိုးမဟုတ်တော့ဘဲ၊ နားလည်းခြင်း အကျိုးအမြတ်ရခြင်းဖြင့် ဖတ်ရှုခြင်းမျိုးဖြစ်လာပါသည်။

## အသင်းတော်ထဲရှိဌာနများအကြောင်း(The Offices in the Church)

ကောင်းကင်သို့တက်သွားပြီးနောက် ကျွန်တော်တို့၏သခင်ဘုရားသည် အသင်းတော်တွင် မျိုးစုံသောဌာနများကို တည်ထောင်ပါသည်(ဧဖက် ၄း၁)။ ထိုဌာနများကို တည်ထောင်ရခြင်းမှာ၊ ထိုဌာနများတွင်လုပ်ကိုင်သူများက သူ့ကို ကိုယ်စားပြုနိုင်ရန်၊ ထိုဌာနများမှနေ၍ သူ့ကိုအမှုဆောင်ပေးနိုင်ရန် ဖြစ်ပါသည်။ သခင်ယေရှုသည်သာ အသင်းတော်၏ တခုတည်းသော ဦးခေါင်းနှင့်ရှင်ဘုရင် ဖြစ်နေပါသော်လည်း၊ ထိုဌာနများသည် အသင်းတော် ကောင်းမွန်စွာရှင်သန်နိုင်ရန်အတွက် လိုအပ်ချက်ဖြစ်ပါသည်။

ဌာန ဘယ်နှစ်ခုရှိသနည်း? ထိုဌာနများသဘောသဘာဝကား အဘယ်သို့နည်း?ဆိုသည်များကို ငြင်းခုံနေခဲ့ကြပါသည်။ ယနေ့တိုင် ငြင်းခုံကြဆဲဖြစ်သည်။ ထိုငြင်းခုံခြင်းသို့ ဝင်မပါဘဲ၊ ကျွန်တော်တို့ယုံကြည်သည်မှာ အသင်းတော်တွင် ဌာနသုံးမျိုး ကျန်ရှိနေပါသည်။ ၎င်းတို့မှာ အသင်းလူကြီး၊ သင်းထောက်နှင့် သင်းအုပ်ဆရာတို့ဖြစ်ပါသည်။

ကျွန်တော်တို့က "ကျန်ရှိနေပါသည်"ဟုပြောရခြင်းမှာ၊ အသင်းတော်တွင် ယာယီဌာနများ ရှိခဲ့ဘူး၍ဖြစ်သည်။ ဥပမာ - တမန်တော်၊ ပရောဖက်နှင့်ဧဝံဂေလိဆရာ တို့ဖြစ်သည်။ ထိုယာယီဌာနများသည် မှုတ်သွင်းတော်မူသော၊ မမှားယွင်းနိုင်သော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားနာသူများထံ ပို့ဆောင်ပေးခြင်းဖြင့် ဆက်နွယ်နေခဲ့ပါသည် (တမန် ၂၁း၁၀၊ ၁၁၊ ဟေဗြဲ ၂း၃-၄၊ ၂ပေ ၃း၁၅-၁၆)။ သို့သော် ယနေ့တွင် ကျွန်တော်တို့ထံ ပြည့်စုံသောကျမ်းစာ ရှိပြီဖြစ်၍ ထိုယာယီဌာနများ မလိုအပ်တော့ပါ (၂ပေ ၁း၁၉-၂၁)။

ထို့ကြောင့် အုပ်ချုပ်သူအသင်းလူကြီး၊ သင်းထောက်နှင့်သင်းအုပ်ဆရာ ဌာနတို့သာ ကျန်ရှိနေကြောင်းရှင်းနေပါသည်။ ၎င်းတို့ကိုသာ ပေါလု၏ နောက်ပိုင်းသြဝါဒစာများ၌ ဖေါ်ပြပါသည်၊ အထူးသဖြင့် တိမောသေသြဝါဒစာ ပထမစောင်၊ တိတုသြဝါဒစာ တို့တွင်ဖြစ်သည်။ ထိုစာစောင်များ၌ ပေါလုသည် တမန်တော်များကိုဆက်ခံသူများထံ လမ်းညွှန်ချက်များ ပေးနေခြင်းဖြစ်သည်။ ထိုအချက်ကို ထိုစာစောင်များသည် အသင်းတော်ထဲ၌ မည်သို့ကောင်းမွန်စွာ ပြုမူရမည့်ပုံများကို ပြောနေခြင်း (၁တိ ၃း၁၅)၊ လိုအပ်နေသည်များကို စနစ်တကျဖြစ်ရန်လုပ်ဆောင်ဖို့ ပြောနေခြင်း(တိတု ၁း၅) စသည့် အချက်များက ပို၍ခိုင်မာစေပါသည်။

ဓမ္မသစ်ကျမ်းစာတွင် သင်းအုပ်နှင့်သင်းလူကြီးသည် အတူတူဖြစ်ကြောင်း၊ နှစ်မျိုးစလုံးကို အသင်းလူကြီးဟုသာ ခေါ်ကြောင်း သက်သေပြဖို့ ရေးနေခြင်းမဟုတ်ပါ။ ပြောချင်သည်မှာ ၎င်းဌာနများကို ဓမ္မသစ်ကျမ်းက သီးခြားဌာနများ အဖြစ်ရှုမြင်ကြောင်း၊ ထို့ကြောင့် ၎င်းတို့တွင် သီးသန့်လုပ်ကိုင်ရမည့် တာဝန်များရှိကြောင်း ပြောလို၍ဖြစ်ပါသည် (၁တိ ၃နှင့်၄)။

ကျွန်တော်တို့ အလေးထားသည့်အချက်မှာ၊ ထိုဌာနသုံးမျိုးကို ခေတ်သစ်ခေါင်းအသင်းတော်များက လစ်လျူရှုနေကြသည် ဆိုသည့်အချက်ဖြစ်သည်။ အသင်းတော်အချို့၌သာ ဤဌာနသုံးမျိုး ရှိပါတော့သည်။ အချို့အသင်းတော်များတွင် သုံးမျိုးစလုံးရှိသော်လည်း၊ သင်းထောက်များက အသင်းလူကြီးအလုပ်များကို လုပ်နေကြသလို၊ အသင်းလူကြီးများက သင်းထောက်များ၏အလုပ်များအား လုပ်ကိုင်နေကြခြင်းကို တွေ့နေရပါသည်။ တခါတရံ သင်းအုပ်က ဌာနသုံးမျိုးစလုံး၏ အလုပ်များကို လုပ်ကိုင်နေခြင်းလည်း တွေ့ရတတ်ပါသည်။ ထို့အတူ အချို့သောအသင်းတော်များတွင် ထိုဌာနများသည် ဂုဏ်အသရေရှိသော အဆောင်အယောင်တမျိုးမျှသာ ဖြစ်နေတတ်ပါသည်။ ထိုဌာနများသို့ ရွေးချယ်ခြင်းခံရသူများသည်၊ ဝိညာဉ်ရေးရာ အရည်အချင်းမှန်များရှိ၍ ရွေးချယ်ခြင်းမျိုးမဟုတ်တော့ဘဲ၊ ထင်ရှား၍၊ ချမ်းသာ၍ ရွေးချယ်ခြင်းများ ဖြစ်နေကြပါသည်။

ထိုသို့ပြုနေကြခြင်းသည် အသင်းတော် အကျိုးယုတ်ဖို့သာ ဖြစ်နေပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဌာနများသည် ခရစ်တော်ကို ကိုယ်စားလှယ်ပြုကြသည့်နေရာများဖြစ်ကြရာ၊ ၎င်းတို့မရှိခြင်း (သို့) ပုံမှန်မဟုတ်ခြင်းသည် ခရစ်တော် ထိုဌာနများအားဖြင့် အသင်းတော်တွင် မိမိလူများအကြား ရှိနေသင့်သည်အတိုင်း ရှိမနေခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ကတော့ ထိုဌာနသုံးမျိုးသည် ခရစ်တော်၏ သုံးထပ်ကွမ်းဌာနများကို ကိုယ်စားပြုနေကြသည်ဟု ယုံကြည်ကြပါသည်။ ၎င်းတို့မှာ ပရောဖက်၊ ယဇ်ပုရောဟိတ်နှင့် ရှင်ဘုရင်တို့ဖြစ်ကြပါသည်။ ထိုအမှန်တရားသည် အထူးသဖြင့် အသင်းလူကြီးနှင့်သင်းအုပ်ဆရာတို့ထံတွင် သက်သေဖြစ်ပါသည်။ ၎င်းတို့သည် ခရစ်တော်၏ ရှင်ဘုရင်ဖြစ်ခြင်း၊ ပရောဖက်ဖြစ်ခြင်း ဌာနများကို ကိုယ်စားလှယ်ပြုနေကြကြောင်း သိမြင်ဖို့မခက်လှပါ။ သင်းထောက်ဌာနကို မှန်စွာနားလည်ရလျှင် ခရစ်တော်၏ ယဇ်ပုရောဟိတ်ဖြစ်ခြင်းဌာနကို ဆန့်ထုတ်ထားခြင်းဖြစ်ပါသည်။ (သို့) ထိုဌာန၏ အချို့သောရှုထောင့်များကို ကိုယ်စားပြုနေပါသည်။

အသင်းတော်၏ဌာနများက ခရစ်တော်၏ဌာနများကို ရောင်ပြန်ထင်ဟပ်နေကြသည်မှန်လျှင်၊ ၎င်းတို့သည် အသင်းတော်အတွက် အရေးအကြီးဆုံးများဖြစ်ကြပါသည်။ ယနေ့ချိန် အချို့တို့က လစ်လျူရှုကြသလို မပြုသင့်ကြပါ။ ကျွန်တော်တို့၏ မျှော်လင့်ခြင်းနှင့်ဆုတောင်းမှာ ၎င်းတို့ကို မိမိတို့နေရာမှန်သို့ ပြန်တည်ထောင်နိုင်ကြဖို့ဖြစ်ပါသည်။

## အသင်းလူကြီးဌာနအကြောင်း(The Office of Elder)

အသင်းလူကြီးဆိုသည်အတွက် ကျမ်းစာက စကားနှစ်လုံးကို အသုံးပြုပါသည်။ စကားတလုံးကို အသင်းလူကြီးဟု ဘာသာပြန်ပါသည် (တမန် ၁၄း၂၃၊ ၁၅း၂-၆၊ ၁တိ ၅း၁၁၇၊၁၉၊ တိတု ၁း၅၊ ယာကုပ် ၅း၁၄၊ ၁ပေ ၅း၁)၊ ထိုကျမ်းပိုဒ်များတွင် ဂရိဘာသာ "ပရက်စ်ဘီတား"ဆိုသောစကားလုံးကို အသုံးပြုသည်၊ အဓိပ္ပါယ်မှာ "အသက်ကြီးသောသူ"ဟု ဖြစ်ပါသည်။ နောက်စကားတလုံးကိုတော့ "ဘစ်ရှော့ပ်" = သင်းအုပ်၊ (သို့) "ကြီးကြပ်သူ"ဟု ဘာသာပြန်လေ့ရှိပါသည် (တမန် ၂၀း၂၈၊ ဖိ ၁း၁၊ ၁တိ ၃း၁-၂ တိတု ၁း၇)(မြန်မာကျမ်းစာတွင် ဆရာယုဒသန်က နှစ်ခြင်းတို့၏အိုင်ဒီယာဖြင့် ဘာသာပြန်ရာ၊ ထိုသို့ တိကျစွာ မမြင်ရပါ၊ နှစ်ခြင်းတို့၏ အိုင်ဒီယာတွင် အသင်းတော်အမှုဆောင်၌ သင်းအုပ်နှင့်သင်းထောက်သာရှိသည်၊ အသင်းလူကြီးမရှိပါ၊ ထို့ကြောင့် မြန်မာကျမ်းစာတွင် အသင်းလူကြီးကိုမတွေ့ရဘဲ၊ သင်းအုပ် သင်းထောက် ဟူ၍သာ တွေ့ရမည်ဖြစ်သည်။ တနေ့ ကျွန်တော်တို့၏ဂိုန်းဘုရင်မူ ပြီးမှသာ ခရစ်ယာန်သီဩလော်ဂျီကို မြန်မာဘာသာနှင့်အပြည့်အဝ ကျမ်းစာကိုမှီလျှက် တည်ဆောက်နိုင်ပါမည်။ ဘာသာပြန်သူ)။ ထိုစကားလုံးက အုပ်ချုပ်နိုင်ခွင့် ရရှိသူ၊ အခြားသူများကို အုပ်ချုပ်သူဟု အဓိပ္ပါယ်ရပါသည်။

ထိုစကားနှစ်လုံးစလုံးက တခုတည်းသောအမှုဆောင်ဌာနကိုသာ ရည်ညွှန်းနေကြောင်း ကျမ်းစာက ရှင်းစွာပြောပြပါသည်။ တမန်တော်(၂၀း၂၈)တွင် ပေါလုက ဧဖက်အသင်းတော်၏ အသင်းလူကြီးများကို "အုပ်ချုပ်သူများ"(overseers)ဟု ခေါ်ပါသည်၊ နောက်တနေရာတွင် ထိုစကားလုံးကို ဘစ်ရှော့ပ် = သင်းအုပ်ဟု ဘာသာပြန်ပါသည်(၁တိ ၃း၁-၂)။ တိတု ၁း၅-၇ တွင် ပေါလုက အသင်းလူကြီးနှင့်ဘစ်ရှော့ပ် = သင်းအုပ်ကို တဦးတည်းကိုရည်ညွှန်း၍သုံးပါသည်။ ထို့ကြောင့် ရိုမန်ကက်သလစ်နှင့်၊ ၎င်းနှင့်ဆင်သော အသင်းတော်များ မှားနေကြခြင်းဖြစ်သည်၊ ၎င်းတို့က ဘစ်ရှော့ပ်ဆိုသည်မှာ ဘုန်းတော်ကြီးဖြစ်သည်၊ တခြားအမှုဆောင်ဌာနများထက် အဆင့်မြင့်သည်ဟု ပြောကြပါသည်။

ကျမ်းစာက အုပ်ချုပ်သူအသင်းလူကြီး(၁တိ ၃း၄-၅၊ ၅း၁၇)၊ သင်ပေးသူအသင်းလူကြီး(၁ပေ ၅း၁)ဟု ခွဲခြားထားပါသည်။ ထိုသို့ပြော၍ ဌာနတခုက အခြားဌာနတခုထက် ပို၍မြင့်သည်ဟု ပြောခြင်းမဟုတ်ပါ။ ထိုကျမ်းပိုဒ်များက ပြောသည်မှာ ထိုဌာနများတွင် တိကျသော ခွဲခြားထားမှု မရှိပါ ဟူ၍ဖြစ်သည်။ အုပ်ချုပ်သောအသင်းလူကြီးသည်လည်း သင်ကြားပေးနိုင်သူ ဖြစ်ရပါမည် (၁တိ ၃း၂)၊ သင်ကြားပေးသူအသင်းလူကြီးကလည်း အုပ်ချုပ်နိုင်သူဖြစ်ရပါမည်(၁တိ ၅း၁၇)။

ထို့ကြောင့်၊ ခြားနားမှုသည် လုပ်ကိုင်ရသောတာဝန်(function)၌သာဖြစ်ပါသည်။ သင်ကြားပေးသော အသင်းလူကြီးက အထူးသဖြင့် နှုတ်ကပတ်တော်နှင့်ဩဝါဒတို့၌ ဇောက်ချလုပ်ကိုင်ပါသည်၊ သို့သော် အသင်းတော်အုပ်ချုပ်ရေး၌လည်း တတ်နိုင်သလောက် ပါဝင်ပါသည်။ အုပ်ချုပ်သူအသင်းလူကြီးကမူ အထူးသဖြင့် အုပ်ချုပ်ခြင်း၌ဇောက်ချ လုပ်ကိုင်ပါသည်။ ဇဖက် ၄း၂၂ က ထိုအသင်းလူကြီးများကို သင်အုပ်များနှင့်ဆရာများဟု ရည်ညွှန်းပါသည်။

ယခုပြောချင်သည်မှာ အုပ်ချုပ်သူအသင်းလူကြီးအကြောင်း ဖြစ်ပါသည်။ ၄င်းနှင့်ပတ်သက်၍ အချက်အတော်များများပြောပါမည်။ အသင်းလူကြီးဆိုသည်မှာ ဘုရားသခင်၏အသင်းတော်အတွက် ကောင်းချီးမင်္ဂလာဖြစ်သည်၊ ကျိန်ခြင်းအမင်္ဂလာ မဟုတ်ပါဟု ပြောဆိုနိုင်ရန် ထိုအချက်အလက်များသည် အလွန်အရေးကြီးပါသည်။

ပထမ၊ အသင်းလူကြီး တဦးမက ရှိရမည်။ ကျမ်းစာက အသင်းလူကြီးတဦးတည်းအုပ်ချုပ်သည်ဟု မည်သည့်အခါကမှ မပြောပါ။ တဦးတည်းအုပ်ချုပ်ခြင်းသည် အာဏာရှင်စနစ်ဖြစ်သည်၊ ကျမ်းစာနှင့်မညီပါ (သုတ္တံ ၁၁း၁၄၊ ၁၅း၂၂၊ ၂၄း၆)။

ဒုတိယ၊ အသင်းလူကြီးများသည် ဘုရားသခင့်လူများ၏အစေခံများဖြစ်ကြသည် (မဿဲ ၂၃း၁၁၊ ၁ကော ၉း၁၉၊ ၂ကော ၄း၅)။ ထိုအချက်သည် ကောလောသဲ ၄း၁၇ ဖြင့် ပို၍ထင်ရှားပါသည်၊ ထိုနေရာတွင် ပေါလုက အသင်းတော်ကို မိမိတို့အသင်းလူကြီးများ သူတို့ဆောင်ရွက်ရမည်များကို သတိပြုကြရန် ကောင်းစွာအကောင်အထည်ဖော်ကြရန် သတိပေးကြပါဟု မှာထားပါသည်။ အသင်းလူကြီးများ မိမိတို့ကိုယ်ကို အသင်းတော်၏အစေခံများဟု မြင်ခြင်းက အာဏာရှင်အဖြစ် အသင်းတော်ကို အုပ်ချုပ်ခြင်းအား ကာကွယ်ပေးပါသည်။

တတိယ၊ အသင်းလူကြီးများက အုပ်ချုပ်သည်ဆိုသည်မှာ အသင်းတော်၏လှုပ်ရှားအသက်ရှင်မှုအားလုံးကို ရှု့ထောင့်စုံမှ အုပ်ချုပ်ခြင်းဖြစ်သည်၊ တရားဟောခြင်း၊ အခြားအမှုဆောင်များ၏ ပြုကျင့်မှုပုံစံ၊ သင်းအုပ်များ၏ အကျင့်စာရိတ္တ အားလုံးပါဝင်ပါသည်(တမန် ၂၀း၂၈-၃၁)။ အသင်းလူကြီးများအားလုံး၏တာဝန်မှာ အသင်းတော်၌ "ကြေးစားများ"နှင့် "မြေခွေးများ" မရှိရအောင် စောင့်ရှောက်ခြင်းဖြစ်သည်။ အသင်းတော်တွင် မည်သူမျှ မိမိကိုယ်ကို ဥပဒေသဖြစ်သည်ဟု မထင်ကြရပါ။

စတုတ္ထ၊ အသင်းတော်တွင် အုပ်ချုပ်ပိုင်ခွင့်ကို ခရစ်တော်က အသင်းလူကြီးများထံပေးအပ်ထားသည် (တမန် ၂၀း၂၈)၊ အာဏာတကယ်ပိုင်သူသည် ခရစ်တော်ဖြစ်သည် (မဿဲ ၂၈း၁၈)၊ ထို့ကြောင့် ခရစ်တော်ကို နာခံသည့်အနေနှင့် အုပ်ချုပ်ရပါမည် (၁ပေ ၅း၄)။ ဆိုလိုသည်မှာ အသင်းလူကြီးတို့၏ ဩဇာအာဏာသည် ကျမ်းစာတွင်ပါသော ဘုရားသခင်၏စကားတော်ဖြစ်သည်။ အသင်းလူကြီးတို့သည် ကျမ်းစာနှင့်အညီ အုပ်ချုပ်ရမည်။ ဘုရားသခင့်စကားကို အသင်းသူ/သားတို့ထံ ယူဆောင်သွားရမည်။ ၄င်းအားဖြင့် သတိပေးဆုံးရမည်၊ ၄င်းကိုသာ သင်ပေးရမည်၊ မိမိတို့ကိုယ်ပိုင် ထင်မြင်ချက်များ မဖြစ်ရ။

ထိုသို့သောအသင်းလူကြီးများသည် ခရစ်တော်၏အသင်းတော်အတွက် တကယ့်ကောင်းချီးမင်္ဂလာဖြစ်ပါသည်။

## **သင်းထောက်ဌာနအကြောင်း**(The Office of Deacon)

သင်းထောက်ဌာနသည် သခင်ယေရှုခရစ်တော်၏အသင်းတော်တွင် လစ်လျူရှုခြင်း အခံရဆုံးဌာနဖြစ်သည်။ အသင်းတော် အများစုတွင် ထိုဌာန မရှိတော့ပါ။ ရှိသည်ဆိုလျှင်လည်း ကျမ်းစာက သင်းထောက်တို့လုပ်ရမည် ဆိုသည်များကို မလုပ်ကိုင်တော့ကြသလောက် ဖြစ်နေပါသည်။

သင်းထောက်လူကြီးများ ရှိကြသည့်အသင်းတော်အများစုတွင် သင်းထောက်တို့သည် အသင်းလူကြီး၏အလုပ်ဖြစ်သော အုပ်ချုပ်ခြင်းကို လုပ်ကိုင်နေကြပါသည်။ တချို့အသင်းတော်တို့တွင် ငွေကြေးကိစ္စများကိုသာ ကိုင်တွယ်ကြပြန်သည်။ အချို့က မရှိလျှင်လည်း ပြဿနာမဟုတ်ဟု သဘောထားကြသည်၊ လက်တင်မင်္ဂလာပေးလျှက် ခန့်အပ်ခြင်းများလည်း မလုပ်ကြတော့ပါ။

သင်းထောက်ဌာနကို သေချာနားလည်ရန် တမန်တော်အခန်းကြီး(၆)ကို လေ့လာရပါမည်။ ထိုနေရာတွင် သင်းထောက်တို့အကြောင်း ပြောပြထားသည်။ "သင်းထောက်"ဟု ဘာသာပြန်သောစကားလုံး၏ တိုက်ရိုက်အဓိပ္ပါယ်မှာ "အစေခံ" ဖြစ်ပါသည်။ ကျမ်းစာက အသင်းတော်၌ (သို့) ယုံကြည်သူများကြား၌ မည်သို့သောလုပ်နိုင်စွမ်းပမာဏနှင့်မဆို အလုပ်အကြွေး ပြုသူတိုင်းကို ထိုစကားလုံးနှင့်ဖေါ်ပြလေ့ရှိသည် (ယော ၁၂း၂၆၊ ရောမ ၆း၁)။ သို့သော် တမန်တော်(၆)က အချို့တို့သည် "အစေခံများ" အထူးတလည် ဖြစ်ကြပါသည်ဟု ပြောနေပါသည်။

တမန်တော်(၆)က သင်ပေးသည်မှာ ပထမ၊ ထိုအထူးအစေခံများကို သင်းထောက်ဌာနဟုခေါ်သည်၊ ထိုဌာနသို့ တစုံတဦးသည် လက်တင်မင်္ဂလာပေး ခန့်အပ်ခံရခြင်းဖြင့်သာ ဝင်ရောက်နိုင်သည်(ဖိ ၁း၁၊ ၁တိ ၃း၁၀၊ ၁၃)။ ထို့ကြောင့် ဤဌာနသည် အသင်းတော်၏ စာရင်းဇယား စာအုပ်ထိန်းသိမ်းယုံမျှ မကကြောင်း ရှင်းနေပါသည်။ ထို့အပြင် ထိုဌာနအတွက် ဝိညာဉ်ရေးရာအရည်အချင်းတချို့ မရှိမဖြစ် ရှိဖို့လိုအပ်ကြောင်းကိုလည်း ရှင်းနေအောင်အသိပေးပါသည် (တမန် ၆း၃၊ ၁တိ ၃း၈-၁၃)။

တမန်တေည်(၆)ကပြောပြ၍ ၁တိ ၃း၈-၁၃က ခိုင်မာစေသည်မှာ၊ သင်းထောက်ဖြစ်သူသည် ယောကျ်ားဖြစ်ရပါမည်။ သင်းထောက်ဖြစ်ဖို့ရန် လက်တင်မင်္ဂလာပေးခန့်အပ်ရသည်ဖြစ်၍ အသင်းတော်အတွင်း၌ ဩဇာအာဏာရှိကြပါသည်၊ သို့သော် အသင်းလူကြီးများ၏ အုပ်ချုပ်သောအာဏာနှင့်တော့ မတူပြန်ပါ။ အသင်းတော်တွင် အမျိုးသမီးသင်းထောက်များ ထားရှိခြင်းသည် ကျမ်းစာကိုဆန့်ကျင်သူများဖြစ်သည်၊ အမျိုးသမီးအသင်းလူကြီး၊ အမျိုးသမီးသင်းအုပ်များ ထားရှိကြသည့် မှားယွင်းသောအသင်းတော်များနှင့် အတူတူပင်ဖြစ်ပါသည်။

တမန်တော်(၆)ကဆက်၍ ဂရိလူမျိုး မုဆိုးမများအကြောင်း၊ သင်းထောက်များ၏တာဝန်များ၊ လှုပ်ရှားပြုမူပုံများကို ပြောပြပါသည်။ ထို့ကြောင့် သင်းထောက်များ၏အဓိကတာဝန်မှာ လိုအပ်နေသူများ ဂရုစိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် သူတို့၏တာဝန်သည်၊ မုဆိုးမများကိုသာ စောင့်ရှောက်ခြင်း၊ စားပွဲကိုစောင့်ရခြင်းတို့ထက် များစွာပိုပါသည်ဟု တမန် ၄း၃၅ က ပြောပြနေပါသည်။ ထိုနေရာတွင် တမန်တော်များက သင်းထောက်များထံ လွှဲပြောင်းပေးသော တာဝန်များတွင် လိုအပ်သူများအားလုံးအတွက် စုဆောင်းခြင်း၊ ပြန်လည်ဝေငှပေးခြင်းတို့ ပါဝင်ပါသည်။

ကျွန်တော်တို့ ပို၍အထူးပြုပြောချင်သည်မှာ ခရစ်တော်ကိုယ်တိုင်က သင်းထောက်တို့အဖြစ် ခေါ်တော်မူထားသော လက်တင်မင်္ဂလာပေး ခန့်အပ်ခြင်းခံကြရသူများက မိမိတို့၏တာဝန်များကို သင်းထောက်များအဖြစ် လုပ်ကိုင်ဆောင်ရွက်ကြခြင်းသည် လူမှုရေးအသင်းအဖွဲ့များ၏ ဂရုဏာထားဆောင်ရွက်ခြင်းများထက် များစွာပိုလွန်ပါသည် ဆိုသောအချက်ဖြစ်သည်။ ထိုခရစ်တော်၏အမှုတော်ဆောင်ဌာနသို့ ခရစ်တော်၏လက်တင်မင်္ဂလာပေးခြင်းဖြင့် ခန့်အပ်ခြင်းကိုခံကြရရာ၊ သင်းထောက်တို့သည် ခရစ်တော်၏နာမည်ဖြင့်၊ ခရစ်တော်၏အတွက်ကြောင့် ကူညီရခြင်းတာဝန်များကို ယူဆောင်ကြရပါသည်။ သူတို့သည် ဆင်းရဲသူများကို လောကပစ္စည်းများဖြင့် သက်သာစေယုံမျှသာ ကူညီကြသည်မဟုတ်ပါ၊ ကျမ်းစာမှလာသော နှစ်သိမ့်စရာစကားများဖြင့်လည်း ကူမကြပါသည်။

ထိုသို့ပြုလျှက်၊ သင်းထောက်များသည် အသင်းတော်တွင် ယဇ်ပုရောဟိတ်များ၏ တာဝန်တစိတ်တပိုင်းကို ပြည့်စုံနေစေကြပါသည်။ ဓမ္မဟောင်းကာလရှိ ယဇ်ပုရောဟိတ်များကဲ့သို့ဖြစ်သည်။ သူတို့တာဝန်ယူရသောဌာနသည်၊ သနားကြင်နာခြင်းဌာနဖြစ်သည်၊ ယူဆောင်လာကြသော လက်ဆောင်များကို ခရစ်တော်နှင့်သူ့လူများအတွက် အမှုဆောင်ခြင်းအဖြစ် လက်ခံကြရခြင်းဖြစ်သည်။

သင်းထောက်တို့သည် ဂလာတိ ၆း၁၀ ကပြောသောဥပဒေသကို လိုက်နာလျှက် လုပ်ကိုင်ကြရမည်။ (ယုဒသန်၏ မြန်မာကျမ်းစာတွင် အဓိပ္ပါယ်ကောင်းစွာမပေါ်၍မူရင်းမှာဘာသာပြန်ပါသည်၊ As we have therefore opportunity, let us do good unto all *men*, especially unto them who are of the household of faith. (Galatians 6:10 KJV)= "ထို့ကြောင့် ငါတို့အခွင့်အရေးရကြသည့်အတိုင်း၊ လူအားလုံးတို့ထံ ကောင်းမြတ်စွာပြုမူကြမည်၊ အထူးသဖြင့် ယုံကြည်ခြင်းအိမ်ထောင်စုဝင်များအပေါ်ဖြစ်သည်၊" ဆိုလိုသည်မှာ မိမိနှင့် တခုတည်းသောယုံကြည်ချက် ထားရှိကြသည့်အသင်းတော်မှ အသင်းသူ/သားများကို ဖြစ်သည်။) ထို့ကြောင့် သင်းထောက်များ၏အလုပ်သည် အသင်းတော်အတွက်သာဖြစ်သည်။ ထိုအမှုဆောင်ဌာနကို အသင်းတော်၌ ပြန်လည်တည်ရှိစေသောအခါ၊ ဆာလံ ၃၇း၂၅ ၏စကားလုံးတို့သည် လက်တွေ့မှန်ကန်လာတော့မည်ဖြစ်သည်၊ "ဖြောင့်မတ်သောသူသည် စွန့်ပစ်ခြင်းကိုခံရသည်အကြောင်း၊ သူ၏သားမြေးတို့သည် တောင်း၍စားရသည်အကြောင်းကို ငါသည်အသက်ပျိုသည် ကာလမှစ၍ အိုသည်တိုင်အောင် မမြင်စဖူး။"

## သင်းအုပ်နှင့်ဆရာဌာနအကြောင်း(The Office of Pastor and Teacher)

သင်းအုပ်နှင့်ဆရာဌာနသည် အသင်းတော်၏အမြဲတမ်းဌာနများရှိ တတိယဌာနဖြစ်သည် (ဧဖက် ၄း၁၁)။ ၎င်းဌာနသည် လက်တင်မဂ်လာပေး ခန့်အပ်မှုလိုအပ်ကြောင်း ၁တိ ၄း၁၄၊ ရောမ ၁၀း၁၅တို့မှ သိနိုင်ပါသည်။ ထိုဌာန၌ နေရသူတို့၏ အဓိကတာဝန်မှာ "နှုတ်ကပတ်တော်နှင့်ဩဝါဒများ"ဖြင့် လုပ်ကိုင်နေရခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ဧဝံဂေလိတရား ဟောပြောခြင်းဖြစ်သည်။

၁တိ ၅း၁၇ က "နှုတ်ကပတ်တော်နှင့်ဩဝါဒများ"ကို ကိုင်တွယ်လုပ်ကိုင်နေကြသူများသည်၊ အုပ်ချုပ်သူ အသင်းလူကြီးများနှင့်အတူတူ အသင်းလူကြီးများလည်း ဖြစ်ကြပါသည်ဟု ဖေါ်ပြပါသည်။ ထို့ကြောင့် ဧဝံဂေလိဟောကြားသူ သင်းအုပ်လည်း အသင်းလူကြီးကဲ့သို့ အုပ်ချုပ်ပါသည်။ တမန်တော် ၂၀း၂၈ က အုပ်ချုပ်သူအသင်းလူကြီးများကို သင်းအုပ်များဟု ခေါ်သကဲ့သို့ဖြစ်သည်။ ကျမ်းစာက အုပ်ချုပ်သူအသင်းလူကြီးနှင့်သင်းအုပ်ကြား တိကျသောခွဲခြားမှုကို လုပ်ပေး မထားပါ။

"နှုတ်ကပတ်တော်နှင့်ဩဝါဒများ"ကို ကိုင်တွယ်လုပ်ဆောင်သူအသင်းလူကြီး၏ အခြေခံအကျဆုံးအလုပ်မှာ ဧဝံဂေလိတရား ဟောကြားခြင်းဖြစ်သည်။ ၎င်းကို ၂တိ၄း၂နှင့်အခြားကျမ်းပိုဒ်အများက ပြောပြပါသည်။ ဧဖက် ၄း၁၁က သင်းအုပ်ဌာန၏တာဝန်သည် သင်ကြားခြင်းဌာနဖြစ်သည်ဟု ပြောပါသည်။ ထို့ကြောင့် သင်းအုပ်၏အလုပ်သည် ဖျော်ဖြေမှုပေးခြင်း မဟုတ်ပါ။ သူ၏အလုပ်သည် ယနေ့ခေတ် ဧဝံဂေလိသမားအပေါ်စားများကပြောသလို၊ ဟိုသွားဒီသွား ဧဝံဂေလိ လျှောက်ဟောဖို့ မဟုတ်ပါ၊ သင်ပေးခြင်း ဖြစ်ပါသည်။

ထိုအချက်ကို ကျွန်တော်တို့ အလေးအနက်ထားစရာလိုပါသည်။ ယနေ့ခေတ် သင်းအုပ်အများစုက ထိုတာဝန်ကို မေ့နေကြပြီဖြစ်သည်။ သူတို့သည် အများအပြားတော့ လုပ်နေကြပါသည်၊ သို့သော် တန်ဖိုးကြီးလှသောသင်ပေးခြင်းကို နည်းနည်းကလေးသာ လုပ်နေကြသည်။ ထိုသို့သော် သင်းအုပ်များ၏အသင်းတော်တွင် အသင်းသူ/သားအများစုသည် နှစ်များစွာနေကြသော်လည်း ဘာမှမသင်ရခြင်း၏ဘေးနား၌သာ ထိုင်နေကြရပါသည်။ ထိုသို့ဖြစ်ရခြင်းသည် သင်းအုပ် အပြစ်ကြောင့်ချည်းတော့ မဟုတ်ပါ၊ သို့သော် အများအားဖြင့် သင်းအုပ်ကြောင့်သာဖြစ်ရပါသည်။

သင်းအုပ်သည် အသင်းသူ/သား လူကြီးများကိုသာ သင်ကြားရမည်မဟုတ်ပါ၊ ကလေးများကိုလည်း သင်ကြားပေးရမည်ဖြစ်သည် (ယော ၂၁း၁၅)။ ထို့ကြောင့် သင်းအုပ်သည် အသင်းတော်၏ကလေးများကို ပုံမှန်သင်ကြားပေးရပါမည်၊ ကျမ်းစာထဲမှ အကြောင်းအရာများကိုသာ သင်ပေးရမည်မဟုတ်၊ ကျမ်းစာ၏ဩဝါဒများကိုလည်း သင်ကြားပေးရပါမည်။ အတော်အသုံးမကျ မိုက်မဲသော "ကလေးများအတွက်ဟောကြားခြင်းများ"ဆိုသောစာအုပ် အစုတ်အပျက်များကို မသုံးရ။

ထို့အပြင် သင်းအုပ်သည် လူငယ်ယောက်ျားလေးများကိုလည်း သွန်သင်ရမည်၊ ၎င်းတို့ကို အနာဂတ်နှုတ်ကပတ်တော် ဟောကြားသူများဖြစ်လာဖို့ ပြင်ဆင်ပေးရပါမည် (၂တိ ၂း၂)။ ထိုအချက်နှင့်ကိုက်ညီစွာ ရီဖေါ့(မ်)အသင်းတော်များသည် သင်းအုပ်များကို ကျမ်းစာကျောင်းဆရာများအဖြစ် အမြဲတမ်း ခန့်အပ်လေ့ရှိကြပါသည်။ ထို့အပြင် သင်းအုပ်သည် သိုးထိန်းကဲ့သို့လည်း ဖြစ်ပါသည်။ ဘုရားသခင့်သိုးများကို ထိန်းရသူဖြစ်သည်၊ ၎င်းတို့ကို ဂရုတစိုက်ထိန်းသိမ်းရန် အလွန်ကြီးမားလွန်းသော တာဝန်ကြီးကို ထမ်းဆောင်ရသူဖြစ်သည် (ယေဇ ၃၄း၁-၆)။

သင်းအုပ်သည် သင်းပေးရန်သာမဟုတ်ပါ၊ သူ့ထံတွင် စာဖတ်ရခြင်း၊ လေ့လာရခြင်းတာဝန်လည်း ရှိနေပါသည် (၁တိ ၄း၁၃)။ ဩဝါဒများကို ဂရုစိုက်နေရပါမည်၊ ဆိုလိုသည်မှာ သင်နေရမည်၊ သိဖို့ လုပ်ကိုင်နေရမည်။ ထိုသို့ စာဖတ်ရမည်ဖြစ်ခြင်း၊ လေ့လာရမည်ဖြစ်ခြင်း၊ သိဖို့ကြိုးစားနေရမည်ဖြစ်ခြင်းကို သင်အုပ်အများစုကြီးက လစ်လျူရှုနေကြပါသည်။ ထို့ကြောင့် သင်းအုပ် မဖြစ်ကြခင် ၎င်းတို့ကို အမြောက်အများ သွန်သင်ကြရခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်ပါစေ၊ သင်းအုပ်သည် စာဖတ်ရမည်၊ အကြောင်းအရာများကို စာဖတ်ခြင်းဖြင့် လေ့လာနေရမည်မှာ အဓိကဖြစ်ပါသည်။

ထိုအရာများအားလုံး လက်တွေ့ဖြစ်နိုင်ရန် အသင်းတော်၏အသင်းသူ/သားများအားလုံးတွင်လည်း တာဝန်ရှိကြပါသည်။ သူတို့သည် ကောလောသဲအသင်းတော်ကဲ့သို့ သင်းအုပ်တို့ထံ "သင်သည် သခင်ဘုရား၏လက်တော်မှ ခံရပြီးသော ဓမ္မဆရာ၏အမှုအရာကို ပြည့်စုံခြင်းငှါ သတိပြုပါဟု"ပြောနိုင်သူများ ဖြစ်ကြရပါမည်(ကောလောသဲ ၄း၁၇)။ အသင်းတော်က ထိုအရာကို မဖြစ်မနေပြောရပါမည်။ မကြာမကြာပြောရပါမည်။ အထူးသဖြင့် သင်းအုပ်များက မိမိတို့၏ကျမ်းစာမှ ပေးအပ်သောတာဝန်များကို သတိမပြုကြသည့် အခါများတွင်ဖြစ်သည်။

သင်းအုပ်တာဝန်သည် တာဝန်ယူရသူများတွက် လွယ်သောအလုပ်မဟုတ်ပါ။ သို့သော် ထိုတာဝန်ကို ဘုရားသခင်က သူ့လူများကယ်တင်ခြင်းရဖို့အတွက် ခန့်အပ်ထားခြင်းဖြစ်ပါသည်။ ဘုရားသခင်၏သိုးတော်စုကို မကျွေးမွေးသော သိုးထိန်းများ အမင်္ဂလာ ရှိကြပါစေသတည်း (ယေ ၃၄း၂)။

**အသင်းအုပ်ချုပ်ခြင်းပုံစံအကြောင်း(Church Government)**

သခင်ယေရှုခရစ်တော်၏အသင်းတော်ကို မကြာခဏ ကွဲပြားစေသော အကြောင်းအရင်းများထဲတွင် အသင်းတော် အုပ်ချုပ်ရေးပုံစံသည် တခုဖြစ်ပါသည်။ အထူးသဖြင့် လွတ်လပ်ခြင်း (သို့) တသီးတခြားဖြစ်ခြင်းဝါဒ(independency)နှင့် အသင်းတော်စုဖြစ်ရမည့်ဝါဒ(denominationalism)တို့အကြား မေးခွန်းများဖြစ်သည်။ ထို့ကြောင့် စိုးရိမ်နေလျှက်နှင့် ဤခေါင်းစဉ်ကို လေ့လာကြပါမည်။

လွတ်လပ်ခြင်း (သို့) တသီးတခြားဖြစ်ခြင်းဝါဒသည် မှားယွင်းယုံမှုမကပါ၊ အသင်းတော်၏ ဖြစ်တည်နေမှုနှင့် ပတ်သက်၍ သေစေသောဝါဒဖြစ်ပါသည်။ နေရာအတော်များများရှိ အသင်းတော်များ ကျဆင်းနေရခြင်း၏ အဓိကအကြောင်းအရင်းသည် ထိုဝါဒကြောင့်ဖြစ်သည်ကို တွေ့နေရပါသည်။

လွတ်လပ်ခြင်း (သို့) တသီးတခြားဖြစ်ခြင်းဝါဒက ပြဿနာတက်သောအခါ အသင်းတော်၏အမှုတော်ဆောင်များနှင့်အသင်းသူ/သားများကို အားကိုးစရာမရှိခြင်း (သို့) အကူအညီမဲ့ခြင်းသို့ ပို့ဆောင်တတ်ပါသည်။ ထို့ကြောင့် ထိုဝါဒသည် သုတ္တံ ၂၄း၆ နှင့်အခြားသောကျမ်းပိုဒ်များကပြောသော ဘုရားသခင့်စကားကို လစ်လျူရှုသောဝါဒဖြစ်သည်။ ထိုဝါဒသည် တမန်(၁၅)ကပြောသောပုံစံကိုလည်း မလိုက်နာချင်ပါ။ ထိုဝါဒက အသင်းတော်၏ ဒေသန္တရအသင်းတော်ထက်ပိုသော စုစည်းမှုမျိုးအားလုံးကို မထောက်ခံသော ဝါဒဖြစ်နေပါသည်။

မည်သို့ဖြစ်ပါစေ၊ တခြားအုပ်စုတွင်လည်း အမှားများကိုတွေ့ရပါသည်။ ထိုအုပ်စုတွင် မကြာခဏ အထက်အောက် အာဏာပြအုပ်စိုးခြင်းများကို တွေ့တွေ့နေရပါသည်။ ကော်မတီများ၊ ဗဟိုကော်မတီများ၊ ဘုတ်အဖွဲ့ဝင်များ စသဖြင့် အာဏာပြနေကြရာ၊ ဒေသန္တရအသင်းတော်နှင့်အသင်းသူ/သားများ ဘာမှဝင်ပြောနိုင်ခွင့်ကိုမရှိတော့ပါ၊ ကျမ်းစာနှင့်ညီသော အာမခံခြင်း ထိုအုပ်စုတွင်လည်း မရှိပြန်ပါ။

ထိုအုပ်စုတွင် ပရက်ဘီတေးရီးယန်းအသင်းတော်များ၊ ရီဖေါ့မ်အသင်းတော်များလည်း ပါဝင်တတ်ပါသည်။ ၎င်းတို့သည် ရိုမန်ကက်သလစ်တို့၏ အထက်အောက် ဆင့်ကဲအုပ်ချုပ်မှု၊ ပုတ်ရဟန်းမင်းဝါဒနှင့်အတော်ဆင်ပါသည်။ အထွေထွေညီလာခံများ၊ မျိုးစုံသောကော်မတီများဖြင့် အာဏာပြအုပ်ချုပ်တတ်ကြပါသည်။ အမှန်ဆိုလျှင် ခရစ်တော်သာလျှင် အသင်းတော်တွင် အာဏာပိုင် ဖြစ်ရပါမည်။ ထိုသို့သောဝါဒကိုလည်း ကျွန်တော်တို့ ရှုံ့မုန်းကြပါသည်။

ကျမ်းစာက ထိုအုပ်စုနှစ်စု၏အမှားများကို ရှောင်နိုင်ရန် အဖြေပေးသည်ဟု ကျွန်တော်တို့ယုံကြည်ကြပါသည်။ ပထမအနေနှင့် ဒေသန္တရအသင်းတော်များသည် တဦးနှင့်တဦး ကူညီနိုင်ကြရန်၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြရန် စုစည်းကြပါဟု သခင်ခရစ်တော်က စေခိုင်းပါသည် (တမန်တော် ၁၅)။ "ဝိညာဉ်တော်၏ညီညွတ်ခြင်းကို ထိန်သိမ်းကြပါ" ဟုပြောသည်ကို အကောင်အထည်ဖေါ်ရန် မရှိမဖြစ် အရေးကြီးပါသည် (ဧဖက် ၄း၃)။

ဒုတိယ၊ ဒေသန္တရအသင်းတော် မိမိကိုယ်ကို အုပ်ချုပ်ခြင်းကို စောင့်ထိန်းရပါမည်။ ဒေသန္တရအသင်းတော်ကသာ ဧဝံဂေလိတရားဟောရမည်၊ ပွဲတော်မင်္ဂလာများကျင့်သုံးရမည်၊ ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းကို လက်တွေ့လုပ်ဆောင်ရမည်၊ အထွေထွေညီလာခံများနှင့် ကော်မတီများက ၎င်းတို့ကို ဝင်မလုပ်ပေးရပါ (တမန် ၁၃း၁-၄၊ ၁ကော ၅း၄-၅)။ ထိုအရာများကိုလုပ်နိုင်ဖို့ ခရစ်တော်ပေးထားသော အာဏာသည် ဒေသန္တရအသင်းတော်၌သာတည်ရှိသည်။ ထို့ကြောင့် အသင်းတော်ဆိုသည်မှာ အထက်မှအောက် အရာရှိများ၊ ဂိုဏ်းအုပ်ဂိုဏ်းချုပ်များ၊ ဥက္ကဋ္ဌများ၊ အတွင်းရေမှူးများ၊ မစ်ရှင်ဒါရိုက်တာများဖြင့် အုပ်ချုပ်ရသည်မဟုတ်ပါ။ ထို့ကြောင့် ဆိုလိုသည်မှာ အထွေထွေညီလာခံများ (အဆဲမ်ဘလီများ)ကို သေသေချာချာ ကန့်သတ်ရမည်၊ ၎င်းတို့၏တာဝန် မည်သည်နည်းဆိုသည်ကို သေချာစွာ ကန့်သတ်ရမည်ဖြစ်သည်။ တမန်တော်(၁၅)တွင်ပြောပြသကဲ့သို့ ညီလာခံများသည် အကူအညီပေးယုံ၊ အကြံပေးယုံမျှသာဖြစ်ရပါမည်။ ထိုညီလာခံများက ကျမ်းစာနှင့်ညီသောအဆုံးအဖြတ်များကို ချမှတ်ကြသည့်အခါတွင် ၎င်း တို့ကို လိုက်နာရပါမည် (တမန် ၁၅း၂၃-၂၉)။ ထိုသို့လိုက်နာသည့်အခါ ညီလာခံများက ပို၍အဆင့်မြင့်၍ မဟုတ်ပါ၊ ဒေသန္တရအသင်းတော်များက မိမိတို့ကိုယ်စားလှယ်များဖြင့်ပါဝင်လျှက် ဘုရားသခင့်စကားတော်နှင့်အညီ ပါဝင်ဆုံးဖြတ်ကြသောကြောင့်ဖြစ်ပါသည်။

တတိယ၊ ဒေသန္တရအသင်းတော်ထဲတွင် အမှုတော်ဆောင်ဌာနများကို ကျမ်းစာကပြောထားသည့်ပုံစံနှင့်အညီ တာဝန်ထမ်းဆောင်ရန် ထားရှိကြရမည်။ ထိုဌာနများရှိအမှုဆောင်များသည် ဒေသန္တရအသင်းတော်၏ အသင်းသူ/သားများကို တာဝန်ခံကြရပါမည်။ ခရစ်တော်က သူတို့ထံပေးထားသည့် အားလုံးသောဩဇာအာဏာများဖြင့် ၎င်းတို့သည် အသင်းတော်ကို အာဏာရှင်များသဖွယ် မဆက်ဆံရပါ၊ အသင်းတော်၏အစေခံများကဲ့သို့ နေထိုင်ပြုမူကြရမည် (၂ကော ၄း၅၊ ကောလောသဲ ၄း၁၇)။

၄င်းအချက်အချက်တို့သည် သခင်ယေရှုခရစ်တော်၏အသင်းတော်တွင် လုပ်ကိုင်သမျှကို စနစ်တကျ သင့်တင့်လျှောက်ပတ်စွာ လုပ်ကိုင်နိုင်ဖို့ လိုအပ်ချက်များဖြစ်ပါသည်။ ထိုကောင်းမြတ်သောစနစ်ကျမှုသည် အသင်းတော်လုံခြုံဖို့၊ ကျန်းမာဖို့ မရှိမဖြစ် လိုအပ်ပါသည်။

**စစ်မှန်သောအသင်းတော်အကြောင်း**(The True Church)

သခင်ယေရှု၏ စစ်မှန်သောအသင်းတော်ဆိုသည်မှာ အဘယ်နည်း? ၄င်းကို မည်သည့်နေရာတွင် တွေ့နိုင်မည်နည်း? ထိုမေးခွန်းသည် အဖြေရခက်သောမေးခွန်းဖြစ်သည်၊ သို့သော် အရေးကြီးလှပါသည်။ မျက်စိဖြင့် မြင်နိုင်သော အသင်းတော်၏ အသင်းသားတဦး ဖြစ်ချင်သူအတွက် မဖြစ်မနေ မေးရမည့်မေးခွန်းဖြစ်ပါသည်။

ထိုမေးခွန်းကို ပို၍ခက်ခဲစေသည့်အကြောင်းမှာ အချို့အသင်းတော်များသည် တချိန်က ခရစ်တော်၏အသင်းတော်ဖြစ်ခဲ့သော်လည်း မှားယွင်းသောအသင်းတော်အဖြစ်သို့ ကျဆင်းသွားတတ်သောသဘောရှိနေခြင်းဖြစ်ပါသည်။ သခင်ခရစ်တော်က ဇဖက်အသင်းတော်ကို ထိုသို့ဖြစ်နိုင်ခြေရှိကြောင်း ဗျာ ၂း၅ တွင် သတိပေးသည်ကိုတွေ့နိုင်ပါသည်။

သင်၏ဖယောင်းတိုင်ထွန်းစရာကို ရွှေ့ပစ်မည်ဟူသော ခရစ်တော်၏ခြိမ်းခြောက်မှုက ဇဖက်အသင်းတော်သည် မှားယွင်းသောအသင်းတော်ဖြစ်ဖို့ နီးနေပြီဆိုသောအန္တရယ်ကို သိသာစေပါသည်။ ထိုဖယောင်းတိုင်ထွန်းစရာတိုင်များသည် စစ်မှန်သောအသင်းတော်ကို ပုံဆောင်သောအရာများဖြစ်သည်။ ဝိညာဉ်တော်ဟူသောဆီဖြင့် ထွန်းညှိထားခြင်းဖြစ်သည် (ဇာခရိ ၄း၁၊ ဟေဗြဲ ၁း၉)။ ထို့နောက် ဤကမ္ဘာကြီးတွင် အလင်းအဖြစ် တည်ရှိနေပါသည် (မဿဲ ၅း၁၄)။ ဇဖက်အသင်းတော်သည် ဝိညာဉ်တော်နှင့်၄င်း၏အလင်း နှစ်ခုလုံးကို ဆုံးရှုံးရမည့်အန္တရယ်သို့ ရောက်နေခြင်းဖြစ်သည်။ အသင်းတော်ကို သူ၏ဖယောင်းတိုင်ထွန်းစရာ တိုင်အား ရွှေ့ပစ်မည်ဆိုခြင်းသည် ခရစ်တော်၏အသင်းတော် မဟုတ်တော့ပါဟု ပြောခြင်းဖြစ်ပါသည်။ ခရစ်တော်သည် ထိုအသင်းတော်ထဲ၌ သွားလာတော့မည်မဟုတ်ပါ (ဗျာ ၁း၁၂-၁၃)။ ထိုနည်းတူ လောဒိကိအသင်းတော်ကိုလည်း ခရစ်တော်က သူ့ပါးစပ်မှ ထွေးထုတ်ပစ်တော့မည်ဟု သတိပေးထားပါသည် (ဗျာ ၃း၁၆)။

ထိုအသင်းတော်နှစ်ခု၏ ကြောက်လန့်စရာအခြေအနေဆိုးမှာ ခရစ်တော်က သူတို့ကို ပထမအချစ်အားပျောက်စေသောကြောင့် ဒဏ်ခတ်ခြင်းဖြစ်ပါသည် (ဗျာ ၂း၄)။ ပူသလိုအေးသလိုဖြစ်၍၊ သွေးအသားဇာတိ၌ စိတ်ချနေ၍ ဒဏ်ခတ်ခြင်းဖြစ်သည် (ဗျာ ၃း၁၆-၁၇)။ ယနေ့ခေတ်အသင်းတော် အမြောက်အများသည်လည်း ထိုသို့သော ပြစ်ဒဏ်ခတ်ခြင်းအောက်တွင် ထိုသို့သောအကြောင်းအရင်းများကြောင့် ရောက်နေကြသည်ကို သံသယဖြစ်စရာမရှိပါ။

ထို့ကြောင့် ခရစ်တော်၏စစ်မှန်သောအသင်းတော်ဆိုသည်မှာ မိမိ၏ပထမအချစ်ကို စောင့်ထိန်းသောအသင်းတော်ဖြစ်ပါသည် (ဗျာ ၂း၄)၊ ခရစ်တော်စေခိုင်းသည်များကို လုပ်ကိုင်သောအသင်းတော်ဖြစ်ပါသည် (ဗျာ ၂း၅)၊ သစ္စာရှိပါသည် (ဗျာ ၂း၁၀)၊ မိမိ၏အပြစ်များကို နောင်တရပါသည် (ဗျာ ၂း၁၆)၊ မိမိ၌ရှိသည့်ဩဝါဒများကို သေချာဆွဲကိုင်ပါသည် (ဗျာ ၂း၂၅)၊ အမြဲတမ်း သတိနှင့်စောင့်ကြည့်ပါသည် (ဗျာ ၃း၃)၊ အသင်းသူ/သားများသည် မိမိတို့၏ဝတ်ရုံများ (ခရစ်ယာန်အသက်တာကိုဆိုလို)ကို မညစ်နွမ်းစေရန် သေချာစောင့်ရှောက်ဖို့ သတိပေးပါသည်(ဗျာ ၃း၄)၊ ခရစ်တော်၏စကားကို စောင့်ထိန်းသည်၊ သူ၏နာမကို မငြင်းပယ်ပါ (ဗျာ ၃း၈)။ ထိုသို့သော်အသင်းတော် ယနေ့ခေတ်တွင် အတော်ရှားနေပြီဖြစ်သည်။

ထိုကျမ်းပိုဒ်များမှနေ၍ ထင်ရှားနေသည်မှာ အသင်းတော်များသည် တခုနှင့်တခု သန့်စင်ခြင်းတွင် မတူညီကြပါဆိုသောအချက်ဖြစ်သည်။ ခရစ်တော်က ဗျာဒိတ်(၂)နှင့်(၃)တွင် ပြောနေသောအသင်းတော်များတွင်၊ ဘာမှဝေဖန်ပြောဆိုစရာ မလိုသောအသင်းတော်မှနေ၍ မကြာခင်ပျက်တော့မည်ဟု သတိပေးရလောက်သည့်အသင်းတော်များအထိ မျိုးစုံအောင် ပါနေပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ အားလုံးကို အသင်းတော်များဟု ခရစ်တော်ကခေါ်နေဆဲဖြစ်ပါသည်။ ပြဿနာပေါင်းသောင်းခြောက်ထောင်ရှိသော ကောရိန်သုအသင်းတော်ကဲ့သို့ ဖြစ်ကြပါသည်။

ကျွန်တော်တို့ ထိုအချက်ကို အမြဲသိမှတ်ရပါမည်။ အဘယ့်ကြောင့်ဆိုသော် စစ်မှန်သောအသင်းတော်ကို ရှာကြသည့်အခါ၊ လုံးဝပြည့်စုံသောအသင်းတော်ကို မရှာသင့်ပါဟုဆိုလိုခြင်းဖြစ်ပါသည်။ ကမ္ဘာကြီးထဲတွင် အပြစ်ရှိနေသ၍၊ ဘုရားသခင့်လူများထဲတွင် အပြစ်၏သဘာဝကျန်နေသ၍၊ လုံးဝပြည့်စုံသောအသင်းတော်ကို ရှာတွေ့နိုင်မည်မဟုတ်ပါ။

မည်သည့်အသင်းတော်မှ၊ အသင်းတော်စုကြီးမှ ငါတို့သာလျှင် ခရစ်တော်၏တခုတည်းသော အသင်းတော်ဖြစ်သည်ဟု မကြွေးကြော်နိုင်ပါ။ ရိုမန်ကက်သလစ်များနှင့်အချို့အသင်းတော်များက ထိုသို့မှားယွင်းစွာကြွေးကြော်တတ်ကြပါသည်။ အဆင့်မျိုးစုံသောအသင်းတော်များ ရှိနေပါသည်၊ သန့်စင်ခြင်းနှင့်မှန်ကန်ခြင်းတွင် အဆင့်မျိုးစုံနှင့်ရပ်တည်နေကြပါသည်၊ အားလုံးက သခင်ယေရှုခရစ်တော်၏အသင်းတော်ဖြစ်ခြင်းကို နည်းနည်းကလေးတော့ ပြသနေကြပါသည်။ ထို

အချက်ကို မေ့နေသည်ဆိုလျှင်၊ ကမ္ဘာပေါ်ရှိ အသင်းတော်များအားလုံး၌ အားနည်းချက်အသီးသီးရှိနေရာ၊ မည်သည့်အသင်းတော်ကိုမှ မဝင်တော့ပါဆိုသည့်အခြေအနေ သို့ရောက်သွားပါတော့မည်။ ထိုအခါ ဟေဗြဲ ၁၀း၂၄-၂၅ တွင် ပြောထားသည်နှင့် ဆန့်ကျင်နေပါတော့မည်၊ "ထို့နောက် တဦးနှင့်တဦး ဂရုစိုက်ကြမည်၊ ချစ်ခြင်းမေတ္တာထားရန် နှိုးဆော်ကြမည်၊ ကောင်းသောအလုပ်များ လုပ်ကိုင်ကြရန် နှိုးဆော်ကြပါမည်။ ငါတို့၏ ထုံးစံဖြစ်သည့် အတူတကွစုဝေးကြခြင်းကို မစွန့်ပယ်ကြနှင့်၊ တဦးကိုတဦး အားပေးကြလော့၊ ထိုနေ့သည် နီးကပ်လာပြီဟု တွေ့ကြသည့်အတိုင်း၊ ပို၍လုပ်ကိုင်ကြလော့။"

မည်သို့ပင်ဖြစ်ပါစေ၊ ဗျာဒိတ်ကျမ်း(၂)နှင့်(၃)တွင်ပါသော ခရစ်တော်၏အသင်းတော်များသို့ ပြောသောစကားများအရ၊ မိမိပါဝင်ရမည့်အသင်းတော်ကို ရှာကြသည့်အခါ၊ မိမိ၏အသင်းသားဖြစ်ခြင်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်မည့်အခါ၊ ကျွန်တော်တို့သည် ခရစ်တော်အတွက် သန့်စင်သော၊ မှန်ကန်သော၊ သစ္စာရှိသောအသင်းတော်ကိုသာ ရှာဖွေကြရမည် ဆိုသောအချက်သည် ထင်ရှားလို့သာနေပါသည်။

**စစ်မှန်သောအသင်းတော်၏လက္ခဏာများအကြောင်း**(The Marks of the True Church)

ခရစ်တော်၏စစ်မှန်သောအသင်းတော်ကို ကမ္ဘာပေါ်တွင်တွေ့နိုင်ရခြင်းသည် ခရစ်တော်၏ကတိမှနေ၍ ထင်ရှားနေပါသည် "ဤကျောက်ပေါ်မှာ ငါ့အသင်းကိုငါတည်ဆောက်မည်။ ထိုအသင်းကိုမရဏာနိုင်ငံ၏တံခါးတို့သည်မနိုင်ရာ။"(မဿဲ ၁၆း၁၈)။ သို့သော် ဟေဗြဲ ၁၀း၂၅ ကိုနာခံသည့်အနေဖြင့် ထိုစစ်မှန်သောအသင်းတော်တွင် အသင်းသားအဖြစ်ပါဝင်ရန် ထိုအသင်းတော်ကို မည်သည့်နေရာတွင် မည်ကဲ့သို့ ရှာဖွေနိုင်ပါမည်နည်း?

မည်သည့်အသင်းတော်တွင် အသင်းသူ/သားအဖြစ် ပါဝင်ရမည်နည်း? ဆိုသောမေးခွန်းသည် အရေးကြီးလှပါသည်။ အဘယ့်ကြောင့်ဆိုသော် စစ်မှန်သောအသင်းတော်သည် အသင်းတော်တခု၊ အသင်းတော်စုကြီးတခုတွင်သာ ရှိမနေကြောင်း သက်သေပြခဲ့ကြပြီး၍ဖြစ်သည်။ ယနေ့ခေတ်၏ မြောက်များလှသောအသင်းတော်များနှင့် အသင်းတော်စုများကြားတွင် မည်သည့်အသင်းတော်သို့ ကျွန်တော်တို့ အသင်းသားအဖြစ် ပါဝင်ကြပါမည်နည်း? အဖြေမှာ ကျွန်တော်တို့သည် ခရစ်တော်ထံ သစ္စာအရှိဆုံးအသင်းတော်၊ ထို့ကြောင့် ဩဝါဒ၌ အသန့်စင်ဆုံး၊ အသက်ရှင်မှုနှင့် လက်တွေ့ကျင့်သုံးမှုတို့တွင် အသန့်စင်ဆုံး အသင်းတော်ကို ရှာကြရပါမည်။

ထိုအကြောင်းကြောင့် စစ်မှန်သောအသင်းတော်၏ အမှတ်လက္ခဏာများကို ပြောပြဖို့လိုပါသည်။ ထိုလက္ခဏာများအားဖြင့် အသင်းတော်တခုသည် ခရစ်တော်နှင့်သူ၏စကားသို့ မည်မျှမှန်ကန်ကြသနည်းဆိုသည်ကို သိနိုင်မည်ဖြစ်သည်။ အသင်းတော်တခုတွင် ထိုလက္ခဏာများရှိသည်ဆိုလျှင် ထိုအသင်းတော်သည် ခရစ်တော်၏ စစ်မှန်သော အသင်းတော်ဖြစ်ပါသည်။ အသင်းတော်ဟု ခေါ်နေကြသော်လည်း ထိုလက္ခဏာများကိုမတွေ့ရလျှင် မှားယွင်းသော အသင်းတော်သာ ဖြစ်ပါသည်၊ "စာတန်၏တရားဇရပ်"သာ ဖြစ်ပါသည် (ဗျာ ၂း၉)။

အချို့တို့က ထိုစစ်မှန်သောအသင်းတော်၏လက္ခဏာများပေါ် အငြင်းပွားလေ့ရှိကြပါသည်။ ကျွန်တော်တို့၏ ဘဲလ်ဂျစ်ခံယူယုံကြည်ချက်က စစ်မှန်သောအသင်းတော်၏အမှတ်လက္ခဏာတို့မှာ ၁) နှုတ်ကပတ်တော်ကို စင်ကြယ်စွာဟောကြားခြင်း၊ ၂) ခရစ်တော်စေခိုင်းသလို ပွဲတော်မင်္ဂလာများကို ကျင့်သုံးခြင်း၊ ၃) ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းကို အသင်းတော်တွင်း၌ သစ္စာရှိစွာ လက်တွေ့ကျင့်သုံးခြင်း စသည်တို့ဖြစ်သည် (မဿဲ ၁၆း၁၈-၁၉၊ ၂၈း၁၉-၂၀၊ ၁ကော ၁၁း၂၃)။ အချို့တို့က နောက်ထပ်တချက်ကို ထည့်သွင်းကြပါသည်၊ ကျမ်းစာနှင့်ကိုက်ညီစွာဝတ်ပြုခြင်း။

မည်သို့ပင်ဖြစ်ပါစေ ထိုအချက်များအားလုံးကို အချက်တခုတည်းနှင့် စုပေါင်း၍ပြောရမည်ဆိုလျှင် ဤသို့ဖြစ်ပါမည်။ အသင်းတော်ထဲ၌ လုပ်ကိုင်သမျှကို ခရစ်တော်အားနာခံခြင်းအနေဖြင့် လုပ်ကိုင်ပါသည်။ ထိုသို့ပင် ဘဲလ်ဂျစ်ခံယူယုံကြည်ချက်က ပြောထားပါသည်၊ စစ်မှန်သောအသင်းတော်ဆိုသည်မှာ "အသင်းတော်အတွင်းစီမံခန့်ခွဲသမျှသည် ဘုရားသခင်၏ စင်ကြယ်သောနှုတ်ကပတ်တော်အတိုင်း ဖြစ်ရမည်။ နှုတ်ကပတ်တော်က ဆန့်ကျင်ကန့်ကွက်သမျှကို ဆန့်ကျင်ငြင်းပယ်ရမည်။ ထို့အပြင် သခင်ယေရှုခရစ်တော် တပါးတည်းသာလျှင် အသင်းတော်၏ဦးခေါင်းဖြစ်သည်ဟု အသိအမှတ်ပြုရမည်"ဟုပြောထားပါသည်(စာပိုဒ် ၂၉)။

ထိုလက္ခဏာများသည် စစ်မှန်သောအသင်းတော်တွင်ရှိသော အမှတ်လက္ခဏများဖြစ်ကြသည်၊ အဘယ့်ကြောင့်ဆိုသော် ၄င်းတို့သည် ခရစ်တော်၏အသင်းတော်၌ ရှိနေရသည့် လက္ခဏာအမှတ်အသားများဖြစ်ကြပါသည်။ ထိုအချက်သည် အလွန်အရေးကြီးပါသည်။ ခရစ်တော်သာ အသင်းတော်၌ မရှိလျှင် အသင်းတော်၏ လုပ်သမျှသည် အချည်းအနှီးသာ ဖြစ်ပါသည်၊ ထိုသို့သောအသင်းတော်တွင် အသင်းသားဖြစ်ရခြင်းမှာ ဘာအဓိပ္ပါယ်မှမရှိပါ (ဗျာ ၁း၁၂-၁၃၊ ၂း၅)။ ခရစ်တော်သာမရှိလျှင် အသင်းတော်ဟုပင် ခေါ်နိုင်တော့မည်မဟုတ်ပါ။

ကျွန်တော်တို့၏ သားသမီးများကို ပြုစုပျိုးထောင်ခြင်းတွင် ထိုအချက်သည် မှတ်ထားရမည့်အမှန်တရားဖြစ်သည်။ ခရစ်တော်၏ စစ်မှန်သောအသင်းတော်၏ အမှတ်လက္ခဏာများကို မတွေ့ရသောအသင်းတော်တွင် ကျွန်တော်တို့၏ သားသမီးများတွက် ဘာကိုမျှော်လင့်နိုင်ပါမည်နည်း? ခရစ်တော်ကသာ၊ သူ၏အသင်းတော်အတွင်း ရှိနေမှုအားဖြင့်၊ ကျွန်တော်တို့၏သားသမီးများကို ကယ်တင်နိုင်ပါသည်၊ ကယ်တင်ခြင်းရရာလမ်းကို ညွှန်ပြနိုင်ပါမည်။

စစ်မှန်သောအသင်းတော်၏ လက္ခဏာများက အသင်းတော်တွင်ခရစ်တော်ရှိနေခြင်းကို ပြသနေပါသည်၊ အထူးသဖြင့် ဧဝံဂေလိတရားဟောကြားခြင်းနှင့်ဆက်နွယ်၍ဖြစ်သည်။ တရားဟောကြားခြင်းကိုဆိုလိုသည်၊ တရားဟောခြင်းကို သေချာစွာဖေါ်ဆောင်သောအခါ၊ တရားဟောခြင်းသည် ခရစ်တော်ကိုယ်တိုင် အသင်းတော်ထဲတွင် ပြောနေခြင်း ဖြစ်လာပါသည် (ယော ၁၀း၂၇၊ ၁ကော ၁း၂၃-၂၄၊ ဧဖက် ၂း၁၇)။ ထို့ကြောင့် ကျမ်းစာနှင့်ညီစွာ စင်ကြယ်သော တရားဟောခြင်းသည် ခရစ်တော်၏ရှိနေမှုကို ပြသခြင်းဖြစ်ပါသည်။ ပွဲတော်မင်္ဂလာများကျင့်သုံးခြင်း၊ ခရစ်ယာန်စည်းကမ်း ထိန်းသိမ်းမှု ကျင့်သုံးခြင်းတို့သည်လည်း ထို့အတူပင် ဖြစ်ကြပါသည်။

ထိုအမှတ်လက္ခဏာတို့သည် အသင်းတော်၌ ခရစ်တော်ရှိနေတော်မူခြင်းကို ပြသသော လက္ခဏာများ ဖြစ်ကြပါသည်ဆိုသောအချက်ကို အထူးတလည် အလေးအနက်ထားရပါမည်။ ကျွန်တော်တို့သည် အသင်းတော်တခုသို့ ၄င်း၏အသင်းသူ/သားများကြောင့် မဝင်ကြပါ၊ ထိုအသင်းတော်၏အသင်းသူ/သားများသည် အလွန်ဖေါ်ရွေကြသည်၊ ဘုရားတရားကြောက်ရွံ့ရိုသေကြသည်၊ ထိုသို့သောအချက်များ အရေးကြီးကြပါသည်၊ သို့သော် ထိုအချက်များအတွက် ထိုအသင်းတော်သို့ ဝင်ကြခြင်းမဟုတ်ပါ။ ကျွန်တော်တို့ အသင်းတော်သို့ဝင်ကြရခြင်းသည် တပါးတည်းသောကယ်တင်ရှင်၊ ကျွန်တော်တို့ဝိညာဉ်များကို အုပ်ထိန်းသူ ခရစ်တော်၏နောက်သို့ လိုက်ရန်သာဖြစ်ပါသည်။

## ဧဝံဂေလိအကြောင်း(Gospel)

အသင်းတော်၏ အကြီးမြတ်ဆုံးတာဝန်၊ တကယ်တမ်းပြောရလျှင် တခုတည်းသောတာဝန်သည် ဧဝံဂေလိဟောရန်ဖြစ်ပါသည်။ ၄င်းသည် မဿဲ ၂၈း၁၉ ၌ဖေါ်ပြသော “ကြီးမြတ်သည့်အမိန့်တော်”က ပြောပြသည့်ရည်ရွယ်ချက် ဖြစ်ပါသည်။ သို့သော်၊ လူအများက ဧဝံဂေလိတရားဆိုသည်မှာ ဘာကိုဆိုလိုကြောင်း သေချာစွာမသိကြတော့ပါ။

ဧဝံဂေလိ၏ တိုက်ရိုက်အဓိပ္ပါယ်မှာ “ကောင်းသောသတင်း”(သတင်းကောင်း) ဖြစ်ပါသည်။ (သို့) ခရစ်တော်၏ မွေးဖွားခြင်းကို ကြေညာသော ကောင်းကင်တမန်၏စကားအရဆိုလျှင် “ဝမ်းသာစရာသတင်း”ဖြစ်ပါသည်။ ဧဝံဂေလိတွင် ပါဝင်သော အကြောင်းအရာသည်၊ အပြစ်နှင့်ပြည့်နေသော ဤကမ္ဘာကြီးက ကြားဘူးသမျှသတင်းများထဲတွင် အကောင်းဆုံးသောသတင်း အမှန်ပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ၄င်းက ဘုရားသခင်၏ အဖိုးအခ ပေးစရာမလိုသော၊ အစိုးရတော်မူခြင်းကျေးဇူးတော်ဖြင့်ရသော ကယ်တင်ခြင်းအကြောင်းကို ပြောနေ၍ဖြစ်ပါသည်။

သို့သော် ယနေ့ခေတ်တွင် လူအများက ဧဝံဂေလိတွင်ပါသောအကြောင်းများကို ပြောင်းပစ်ကြသဖြင့်၊ ကောင်းသောသတင်းဟုပင် ခေါ်၍မဖြစ်နိုင်တော့ပါ။ ထိုသူများ၏အမှားများကြောင့် ကောင်းသောသတင်းသည်၊ သတင်းစာများတွင် နေ့တိုင်းဖတ်နေရသောသတင်းများထက် ပို၍မကောင်းသောသတင်း ဖြစ်လို့နေပြီဖြစ်ပါသည်။ အထူးသဖြင့် ထိုသို့ဖြစ်လာရခြင်းမှာ ကယ်တင်ခြင်းသည် လူသား၏ကိုယ်ပိုင်အလုပ်အပေါ်တွင်သာ တည်ပါသည်ဟု ပြောနေကြသူများကြောင့် ဖြစ်ပါသည်။ လုပ်ကိုင်ခြင်းများဖြင့် ကယ်တင်ခြင်းရသည်ဟုပြောခြင်းသည် သတင်းဆိုးဖြစ်ပါသည်။ ကျမ်းစာက ကျွန်တော်တို့လုပ်သမျှသည် ဆိုးညစ်ကြသည်ဟု ပြောနေသောကြောင့်ဖြစ်သည် (ဟေရှာ ၆၄း၆)။ ကယ်တင်ခြင်းသည် အပြစ်သား၏ အလိုဆန္ဒ၊ ရွေးချယ်မှု၊ ဆုံးဖြတ်မှုတို့အပေါ်တွင် တည်ပါသည်ဟု ပြောကြသောအခါ ဧဝံဂေလိသည် ကောင်းသောသတင်း မဖြစ်နိုင်တော့ပါ။ ထိုသို့ပြောခြင်းသည် အမြဲပြောင်းနေသော၊ ဘယ်တော့မှ ခိုင်မာစွာမဆုံးဖြတ်သော၊ မလိုချင်သော၊ ဘုရားသခင့်စကားကို မနာခံချင်၊ နားမထောင်ချင်သော ကျွန်တော်တို့ ကဲ့သို့သော သတ္တဝါများအတွက်တော့ ကြောက်လန့်စရာသတင်းဆိုးကြီး ဖြစ်နေပါတော့သည် (ယော ၅း၄၀၊ ၆း၄၄၊ ၈း၄၄)။

၄င်းနှင့်တူညီသော စိတ်အနှောက်အယှက်ဖြစ်စရာ နောက်သတင်းတမျိုးမှာ ခရစ်တော်သည် လူသားအားလုံးတယောက်မကျန်အတွက် အသေခံသည်၊ ဘုရားသခင်က လူသားတယောက်မကျန်ကိုချစ်သည်၊ တယောက်မကျန်ကို ကယ်တင်ချင်သည်ဟု ဧဝံဂေလိကဲ့သို့ ပြောနေကြခြင်းဖြစ်ပါသည်။ ခရစ်တော် လူတိုင်းအတွက် သေသည်ဆိုသည်မှာ အတော်ဆိုးဝါးသောသတင်း ဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် လူတဦးအတွက် ခရစ်တော်က သေခဲ့ဟန်ရှိသော်လည်း နိဂုံးချုပ်၌ ထိုသူသည် ငရဲတွင် အဆုံးသတ်ရသောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်က အားလုံးကိုချစ်ပါသည်၊ အားလုံးကို ကယ်တင်ချင်ပါသည်ဟု သွန်သင်ခြင်းသည်လည်း သတင်းကောင်းမဖြစ်နိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် ထိုသို့ပြောခြင်းက ဘုရားသခင်သည် သူလုပ်ချင်သည်ကို မလုပ်နိုင်သူ၊ (သို့) မလုပ်သူ ဖြစ်စေသောကြောင့်ဖြစ်သည်။ အကယ်၍ ခ

ရစ်တော်အသေခံပေးထားသူတယောက် ဧရဲတွင် အဆုံးသတ်ရသည်ဆိုလျှင်၊ မည်ကဲ့သို့ သခင်ယေရှုအပေါ် ကျွန်တော်တို့ ယုံကြည်စိတ်ချရပါမည်နည်း? ကျွန်တော်တို့၏ ခရစ်တော်အပေါ်ထားရှိသော ယုံကြည်စိတ်ချခြင်းအားလုံးကို ဖျက်ဆီးပစ်လိုက်ပြီဖြစ်သည်။ အကယ်၍ဘုရားသခင်က အားလုံးကိုကယ်ချင်သည်၊ သို့သော် မကယ်နိုင်၊ ထိုသို့ဆိုလျှင် ကျွန်တော်တို့၏ ဘုရားသခင်အပေါ်ထားရှိသော ယုံကြည်စိတ်ချခြင်းအားလုံးကို ဖျက်ဆီးပစ်လိုက်ပြီဖြစ်ပါသည်။

နောက်ကျူးလွန်ကြသည့် အမှားတခုမှာ တချို့သောအမှန်တရားများကို ဧဝံဂေလိဟောခြင်းအတွက် သိပ်မကိုက်ညီပါဟု ချန်ထားတတ်ကြခြင်းဖြစ်သည်။ ထိုသို့ပြုခြင်းတွင် ပြဿနာအတော်များများရှိပါသည်။ ကျမ်းစာအားလုံးသည် ဧဝံဂေလိတရားဖြစ်ပါသည်။ ကျမ်းစာ၏အမှန်တရားများကို သင်ပေးခြင်းနှင့် ဧဝံဂေလိတရားဟောခြင်းတို့ကြားတွင် ခြားနားမှု ဘာမှမရှိပါ။ မဿဲ ၂၈း၁၉ က "ထို့ကြောင့် သင်တို့သွားကြပါ၊ နိုင်ငံအားလုံးကို သင်ကြပါ"ဟုပြောနေရာ၊ ဘာကိုမှ ခွဲခြားခြင်းမရှိကြောင်း ရှင်းနေပါသည်။ ထိုအမိန့်တော်ကို လက်တွေ့အကောင်အထည်ဖော်ကြသော တမန်တော်များ၏ တရားဟောခြင်းများကို တမန်တော်ဝတ္ထု အခန်းကြီး ၂၊ ၇၊ ၁၃၊ ၁၇ တို့ကမှတ်တမ်းတင်ပေးပါသည်။ တမန်တော်များက ကျမ်းစာထဲမှအဖြစ်အပျက်များ၊ ဩဝါဒများ၊ ကဗျာများ၊ ပရောဖက်ပြုချက်များ အားလုံးကို ဧဝံဂေလိတရားအဖြစ် ဟောခဲ့ကြကြောင်း ထိုကျမ်းပိုဒ်များက ပြောနေကြပါသည်။ သူတို့သည် ဘုရားသခင်၏ ဆိုးညစ်သူများအပေါ် အစိုးရတော်မူခြင်းဩဝါဒမှစ၍ ဖန်ဆင်းခြင်းဩဝါဒ၊ ထောက်မတော်မူခြင်းဩဝါဒအဆုံး ဩဝါဒ တခုမကျန်ကို ဧဝံဂေလိအဖြစ် ဟောခဲ့ကြပါသည်။ ကျမ်းစာ၏ အမှန်တရားအားလုံးသည် ဘုရားသခင့်လူများအတွက် ကောင်းသောသတင်းများသာ ဖြစ်ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ၄င်းတို့က သူတို့ထံ ကယ်တင်သောဘုရားသခင်၏အကြောင်းကို ပြောပြနေကြ၍ဖြစ်ပါသည်။

ထိုအမှားတို့ထက် ပို၍မလျှော့စွာ စိတ်အနှောက်အယှက်ဖြစ်စေသော နောက်အမှားတခုမှာ ဧဝံဂေလိကို အမှန်တရားအနည်းငယ်အဖြစ် လျှော့ချပစ်ခြင်းဖြစ်ပါသည်။ အများအားဖြင့် ညနေခင်း ဧဝံဂေလိဝတ်ပြုပွဲ ဆိုသည်မျိုးတွင် ထပ်ခါတလဲလဲ ဟောပြောကြခြင်းဖြစ်သည်။ တပတ်လျှင် ကျမ်းပိုဒ်တပိုဒ်အပေါ်တွင် တည်မှီလျှက်၊ ကယ်တင်ခြင်း မရသေးသူများထံသို့ဟု ရည်ရွယ်လျှက်၊ တကယ်တမ်းတွင် ထိုသို့သောသူ ရှိမရှိမသေချာသော်လည်း ဟောနေကြခြင်းဖြစ်သည်။

တရားဟောချက်တခုကို မယုံကြည်သေးသူတို့အတွက်သာဟု လိပ်မူခြင်းသည် ကျမ်းစာနှင့် လုံးဝမကိုက်ညီပါ။ ဘုရားသခင့် လူအားလုံးက ကျမ်းစာ၏အမှန်တရားအားလုံးကို သိရန်လိုအပ်ပါသည်။ ဤကမ္ဘာပေါ်တွင် အသက်ရှင်နေကြသေး၍၊ မယုံကြည်သူများကိုခေါ်သကဲ့သို့၊ ယုံကြည်သူတို့ကိုလည်း နောင်တရကြဖို့ရန်၊ ယုံကြည်ကြဖို့ရန် ခေါ်နေရဦးမည်သာ ဖြစ်ပါသည်။ သူတို့ကို ကျမ်းစာ၏နှစ်သိမ့်မှုများနှင့် အားပေးဖို့လိုပါသည်။ ကျမ်းစာ၏သတိပေးခြင်းများဖြင့် ဆုံးမဖို့လိုပါသည်။ ကျမ်းစာ၏တန်ဖိုးကြီးလှသော အမှန်တရားများဖြင့် သွန်သင်ဖို့လိုပါသည်။ ဘုရားသခင်သည် ထိုသို့သောတရားဟောခြင်းမျိုးကို အသင်းတော်များ၌ပြန်၍ရှိ တော်မူပါစေ။

## တရားဟောခြင်းအကြောင်း(Preaching)

တရားဟောခြင်းဆိုသည်မှာ အဘယ်နည်း? ကျမ်းစာပိုဒ်ကိုသုံး၍ သင်ပေးရသည် ဆိုသည်မှလွဲ၍ အခြားသင်ပေးခြင်းပုံစံများနှင့် ဘာမှမခြားသော သင်ပေးခြင်း ဖြစ်ပါသလော? ဘာမှမခြားပါဆိုလျှင် ကျမ်းစာက အဘယ့်ကြောင့် တရားဟောခြင်းကို ထိုမျှ အထူးပြု အလေးထားနေရပါသနည်း? တကယ်တမ်းပြောရလျှင် တရားဟောခြင်းသည် အလွန်ထူးခြားသောပုံစံတမျိုးဖြစ်သည်။

တရားဟောခြင်း၏ အလွန်အရေးကြီးရခြင်းအကြောင်းကို နားလည်ရန် ကျွန်တော်တို့သည် ဘာကိုဆိုလိုသနည်း၊ မည်သို့ထူးခြားရပါသနည်း? ဆိုသည်များကို နားလည်ဖို့အရေးကြီးပါသည်။ ကျမ်းစာက တရားဟောခြင်းအကြောင်းကို အလွန်များပြားစွာ ပြောပြပါသည်။ အထူးသဖြင့် ဓမ္မသစ်ကျမ်းစာက တရားဟောခြင်းဆိုသည်အတွက် သုံးသော ဂရိ စကားလုံးများဖြင့်ဖြစ်သည်။

စကားလုံးတလုံးက တရားဟောခြင်းတွင် ပါဝင်သောအကြောင်းအရာကို ပြောပြပါသည်။ ထိုစကားလုံးမှနေ၍ ကျွန်တော်တို့ သုံးစွဲနေသော ဧဝံဂေလိဆိုသည့်စကားလုံး ဆင်းသက်လာခြင်းဖြစ်ပါသည်။ အဓိပ္ပါယ်မှာ "ကောင်းသောသတင်းကိုယူလာခြင်း" ဖြစ်ပါသည်။ နောက်စကားလုံးတလုံးက တရားဟောခြင်းဆိုသည်မှာ အဘယ်နည်း? ဆိုသည့်မေးခွန်းကို အဖြေပေးပါသည်။ ထိုစကားလုံးကို ဘာသာပြန်လျှင် "သတင်းပို့သူတမန်/ဆက်သားဖြစ်ခြင်း"ဟုဖြစ်ပါသည်။ သာမန်သတင်းပို့သူ/ဆက်သားကို ဆိုလိုခြင်းတော့မဟုတ်ပါ၊ ရှေးခေတ်ကအသုံးပြုသော သံတော်ဆင့် (သို့) ရှေ့တော်ပြေးကို ဆိုလိုခြင်းဖြစ်ပါသည်။ သံတော်ဆင့်ဆိုသည်မှာ ရှင်ဘုရင် (သို့) အရာရှိကြီးတပါးက ခန့်အပ်လျှက် ပြည်သူ/

သားများကို ဘုရင့်စကားတော်အား ပြောကြားဖို့ရန် စေခိုင်းခြင်းခံရသူဖြစ်ပါသည်။ သံတော်ဆင့်သည် မည်သည့်စကား လုံးကိုမျှ ထပ်မထည့်ရပါ၊ ချန်လည်းမထားရပါ၊ (သို့) အနက်မဖွင့်ရပါ။ သူသည် "ဘုရင်ကြီးက ဒါကိုပြောသည်"ဟုသာ ကြေညာရမည်ဖြစ်သည်။ ထို့ကြောင့် သူသည် သံအမတ်ကြီးနှင့် အတော်လေးဆင်တူသည်ကို တွေ့နိုင်ပါသည် (၂ကော ၅း၂၀၊ ဧဖက် ၆း၂၀)။

ထိုအဓိပ္ပါယ်ကို တရားဟောခြင်းသို့ ထည့်လျှက် နားလည်ရလျှင်၊ သံတော်ဆင့်ဆိုသော စကားလုံးက သင်ပေး သည်မှာ တရားဟောသောသူ မှန်သမျှသည် ဘုရင်တကာတို့၏ဘုရင် ခရစ်တော်ယေရှု၏ ခန့်အပ်ခြင်းခံရသူ ဖြစ်ကိုဖြစ် ရမည်၊ စေလွှတ်ခြင်းခံရသူ ဖြစ်ကိုဖြစ်ရပါမည်။ မည်သူမျှ မိမိကိုယ်ကို တရားဟောဆရာဟု ခန့်အပ်ပိုင်ခွင့်မရှိ၊ (သို့) ကိုယ်ကြိုက်သလို လုပ်ပိုင်ခွင့် မရှိရပါ။ ခရစ်တော်ကိုယ်တိုင်ပင် ထိုသို့မလုပ်ပါ။ အကယ်၍တစုံတဦးက သူသည်တရား ဟောဆရာဖြစ်သည်ဟု မိမိဘာသာခန့်လျှင် သူ၏တရားသည် ဘောင်မဝင်ပါ၊ သူ့စကားကို နားထောင်စရာလည်း မလို အပ်ပါ။

ဥပမာတခုက ထိုအကြောင်းနားလည်ရန် အထောက်အကူပေးပါမည်။ နိုင်ငံသားတဦးအနေနှင့် ကျွန်တော်သည် အစိုးရ၏ စီမံကိန်းများကို သိနားလည်ပါသည်၊ ကျွန်တော် တခြားနိုင်ငံတခုကို သွားလည်ပါသည်၊ ထိုနိုင်ငံ့အစိုးရကို ကျွန်တော်သည် မိမိနိုင်ငံ၏စီမံကိန်းများကို သွားပြောပါသည်။ ကျွန်တော့်ပြောပြမှုများသည် အတိအကျမှန်နေသည်ဆိုဦး တော့၊ ဘာသြဇာအာဏာမှ မရှိပါ၊ မည်သူကမျှ ကျွန်တော်ပြောသည်များကို ဂရုစိုက်စရာလည်း မလိုအပ်ပါ။ အဘယ့် ကြောင့်ဆိုသော် ကျွန်တော်သည် သံအမတ် မဟုတ်၍ ဖြစ်ပါသည်။ ကျွန်တော့်နိုင်ငံ၏ သံအမတ်ကြီး (သို့) နိုင်ငံ့ကိုယ် စားလှယ်ကြီးကသာ နိုင်ငံခြားအစိုးရထံ တရားဝင်သတင်းစကားကို ယူဆောင်နိုင်ခွင့်ရှိပါသည်၊ သူ့ကိုသာ နားထောင် ဂရု ပြုကြမည် ဖြစ်ပါသည်။

ထိုသို့ ကျမ်းစာက တရားဟောမည့်သူသည် စေလွှတ်ခြင်းခံရမည်ဟု ပြောနေခြင်းဖြစ်ပါသည် (ရောမ ၁၀း၁၅)။ သူတို့သည် စေလွှတ်ခြင်းခံရသူများ မဟုတ်လျှင်၊ သူတို့ဘာပြောပြော ဂရုစိုက်နေစရာမလိုပါ။ ထိုစေလွှတ်ခြင်းကို သန့် ရှင်းသောဝိညာဉ်တော်က အသင်းတော်မှတဆင့် လက်တင်မင်္ဂလာပေး၍ အကောင်အထည်ဖေါ်ပါသည်၊ တမန်တော် ဝတ္တုက ထိုကိစ္စကို တမန်တော်ကြီးရှင်ပေါလုအတွက်ပင် လိုအပ်ကြောင်း ရှင်းလင်းစွာသင်ပေးပါသည် (တမန် ၁၃း၁-၃)။

ထို့ကြောင့် တရားဟောဆရာ/သင်းအုပ်ဆရာသည် ဘုရားသခင်အပေါ်သာ တာဝန်ရှိသည်မဟုတ်ပါ၊ သူ့အား စေလွှတ်သူ အသင်းတော် (သို့) အသင်းတော်စုသို့လည်း တာဝန်ခံရပါသည် (တမန် ၁၄း၂၇)။ ခေါ်တော်မူခြင်းတွင် တာ ဝန်ယူရခြင်းအပိုင်းလည်း ပါဝင်ပါသည်။ တရားဟောဆရာ/အမှုတော်ဆောင်/သင်းအုပ်ကို ခန့်အပ်ရန် ခရစ်တော်က အသင်းတော်ကို အသုံးပြုသကဲ့သို့၊ တရားဟောဆရာ ဟောသောတရားသည်လည်း မည်သို့ဖြစ်ကြောင်းကို တာဝန်ယူရန် ခရစ်တော်သည် အသင်းတော်ကို ဆက်၍ အသုံးပြုပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် လက်တင်မင်္ဂလာဖြင့် တရားဝင်ခန့်အပ်ခြင်းခံရသူ၏ အမှုတော်ဆောင်ခြင်းကို သာ ယုံကြည်ကြပါသည်၊ "သာမန်အသင်းသားများကလည်း တရားဟောနိုင်ကြပါသည်" ဆိုခြင်းကို ကျမ်းစာနှင့် မကိုက် ညီဟု ခံယူကြပါသည်။ မည်သူကမျှ မစေလွှတ်ဘဲ မိမိတို့ကိုကိုယ် ဆရာဖြစ်သည်ဟု ခန့်အပ်သူများ၊ မည်သူ့ထံမျှ တာဝန် ယူခြင်း မရှိသူများသည် ခရစ်တော်၏ သံတော်ဆင့် အစစ်အမှန် မဟုတ်ကြပါ၊ သံအမတ်အစစ် မဟုတ်ကြပါ။

### ခရစ်တော်နှင့်တရားဟောခြင်းအကြောင်း(Christ and the Preaching)

ကျမ်းစာက တရားဟောခြင်းနှင့်ပတ်သက်၍ အရေးအကြီးဆုံးပြောသည်မှာ၊ ၄င်းအားဖြင့် ဘုရားသခင်၏လူများ သည် ခရစ်တော်ကိုယ်တိုင်၏အသံကို ကြားကြရပါသည် ဆိုသောအမှန်တရားပင်ဖြစ်သည်။ ယော ၁၀း၂၇ တွင် သခင် ယေရှုက ကျွန်တော်တို့သည် သူ၏အသံကို ကြားကိုကြားရမည်၊ ကြားလည်းကြားပါသည်ဟု ပြောခဲ့ပါသည်။

တရားဟောခြင်းမှနေ၍ ကျွန်တော်တို့သည် ခရစ်တော်၏အသံကို ကြားကြပါသည်ဆိုကြောင်း အခြားကျမ်းပိုဒ် များမှလည်း သိရပါသည် (ရောမ ၁း၁၆-၁၇၊ ၁၀း၁၃-၁၄၊ ၁ကော ၁း၁၈၊၂၃-၂၄၊ ဧဖက် ၂း၁၇)။ သတိပြုပါ၊ ဥပမာ ဧ ဖက် ၂း၁၇၊ ၄င်းကျမ်းပိုဒ်က ခရစ်တော်သည် ဂျူးတို့နှင့်ဂျူးမဟုတ်သူတို့ထံ လာရောက်ကာ ငြိမ်းချမ်းခြင်းကို ဟောပြော သည်ဟု ပြောနေပါသည်။ ထို့ကြောင့် ဓမ္မဟောင်းကာလတွင်လည်း ပရောဖက်များမှတဆင့် ပြောနေသူမှာ ခရစ်တော်၏ ဝိညာဉ်တော်ပင် ဖြစ်နေပါသည် (၁ပေ ၁း၁၀-၁၁)

ထိုအချက်သည် အလွန့်အလွန်အရေးကြီးပါသည်။ အကယ်၍ခရစ်တော်ကသာ တရားဟောခြင်းမှနေ၍ ပြော တော်မမူခဲ့လျှင်၊ မည်သူမှ ဧဝံဂေလိတရားဟောခြင်းဖြင့် ကယ်တင်ခြင်း ရကြမည်မဟုတ်ပါ။ မည်သည့်လူသား၏အသံက မှ အပြစ်သားတို့ကို မိမိတို့အပြစ်ဒဏ်အား သဘောပေါက်စေနိုင်မည် မဟုတ်ပါ၊ နောင်တသို့ ခေါ်ဆောင်နိုင်မည် မဟုတ်

ပါ။ ခရစ်တော်၏အသံ တခုတည်းကသာ ထိုကိစ္စကို လုပ်ဆောင်နိုင်ပါသည်။ ခရစ်တော်မှလွဲ၍ မည်သည့်လူသားကမှ အပြစ်သားများကို ပြောင်းလဲစေနိုင်သောတန်ခိုး၊ ဘုရားသခင်ထံ ခေါ်ဆောင်နိုင်သောတန်ခိုးမရှိကြပါ (ယော ၁၀း၂၇)။

ခရစ်တော်က တရားဟောခြင်းမှနေ၍ စကားပြောနေသဖြင့်၊ တရားဟောခြင်းမှနေ၍ သူ့အသံကို ကြားနိုင်ရန် လုပ်ဆောင်ပေး၍သာ ဧဝံဂေလိသည် "ကယ်တင်ခြင်းရနိုင်စေရာ ဘုရားသခင်၏တန်ခိုးတော်" ဖြစ်ရခြင်းဖြစ်ပါသည် (ရောမ ၁း၁၆)။ ဧဝံဂေလိသည် "ခရစ်တော်ဆိုသော ဘုရားသခင်၏တန်ခိုး၊ ဘုရားသခင်၏ဉာဏ်ပညာ" အမှန်ပင်ဖြစ်ပါသည် (၁ကော ၁း၂၃-၂၄)။

ခရစ်တော်သည် ဧဝံဂေလိတရားမှတဆင့် စကားပြောတော်မူသည် ဆိုသည့်အချက်က၊ ဧဝံဂေလိတရားဟောတိုင်း နှစ်မျိုးသောရလဒ် ဖြစ်ပေါ်တတ်သည် ဆိုသည့်အချက်ကို ရှင်းပြပေးပါသည်။ ထိုနှစ်မျိုးမှာ ဧဝံဂေလိက ကယ်တင်သလို၊ ခေါင်းမာစေပါသည်။ ၎င်းသည် အသက်၏အမွှေးရနံ့ဖြစ်သလို၊ သေခြင်း၏အမွှေးရနံ့လည်းဖြစ်ပါသည် (၂ကော ၂း၁၄)။ ခရစ်တော်၏အနီးသို့ နီးကပ်စွာလာရောက်လျှက် သူ့စကားသံကိုကြားပြီး၊ ဘာမှမခံစားရသလို ကြားနေခြင်းမျိုးသည် မည်သူ့ထံ၌မှ မဖြစ်နိုင်ပါ။ ထိုသူသည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ထိုအသံကို ချစ်လျှင်ချစ်မည်၊ (သို့) ထိုအသံကို မုန်းမည်၊ ထိုအသံသို့ သူ၏နားနှင့်နှလုံးကို ပိတ်ထားမည် ထိုနှစ်ခုမှ တခုခုကို လုပ်ကိုလုပ်မည် ဖြစ်သည် (ယောရှာ ၆း၉-၁၀)။

ထို့ကြောင့် တချို့သောသူများ မယုံကြည်ခြင်းနှင့် ခလုတ်တိုက်ကြသည့်အခါ၊ ထိုသူများသည် ခရစ်တော်အပေါ် ခလုတ်တိုက်မိကြခြင်း ဖြစ်ပါသည်။ ခရစ်တော်သည် ခလုတ်တိုက်စရာကျောက်၊ စိတ်အနှောက်အယှက်ဖြစ်စရာ ကျောက်ဖြစ်ပါသည်။ ထိုသို့ဖြစ်ကြသည့်အခါ၊ သေချာမှန်ကန်စွာပြောသော တရားဟောဆရာအပေါ် ခလုတ်တိုက်ကြခြင်းမဟုတ်၊ ခရစ်တော်အပေါ် ဖြစ်ပါသည်။

မည်သို့ဖြစ်ပါစေ၊ တရားဟောခြင်းမှ ခရစ်တော်ကိုကြားရဖို့ရန်၊ အချို့သောအချက်များသည် မှန်ကန်မှုဖြစ်ပါမည်။ ပထမ၊ ကျမ်းစာများကိုသာ ဟောပြောရပါမည်။ ၎င်းတို့သည်သာ သူ့လူများအတွက် ခရစ်တော်၏စကားလုံးများဖြစ်ကြပါသည်။ ရယ်စရာပုံပြင်များ၊ ပျက်လုံးများ၊ ဖျော်ဖြေမှုပေးခြင်းများ၊ တရားဟောစရာ၏ကိုယ်ပိုင်အတွေးအခေါ်များ၊ မည်မျှပင်အသုံးဝင်ပါစေ၊ တရားဟောခြင်းအတွက် ဘာမှအကျိုးမရှိကြပါ။ နှုတ်ကပတ်တော်ကိုသာ ဟောကြားရပါမည်။

ဒုတိယ၊ တရားဟောခြင်းသည် အနက်ဖွင့်ရှင်းပြတရားဟောခြင်း(expository)ဖြစ်ရပါမည်။ ယနေ့ခေတ်တရားဟောချက် အတော်များများသည် ထိုသို့မဟုတ်တော့ပါ။ အတော်စိတ်ဝင်စားစရာကောင်းသော အတွေးတခုကို ကျမ်းစာတပိုဒ်အပေါ် ချိတ်ထားခြင်းမျှသာဖြစ်နေပါသည်၊ သို့သော် ကျမ်းစာကိုဘယ်တော့မှ မရှင်းပြကြပါ၊ (သို့) ရွေးချယ်သော ကျမ်းပိုဒ်ကို ဘယ်တော့မှ အနက်ဖွင့် ရှင်းပြခြင်း မပြုကြပါ။

တတိယ၊ သင်းအုပ်/တရားဟောဆရာသည်၊ အထက်ကပြောခဲ့သလို၊ စေလွှတ်ခြင်းခံရသူဖြစ်ရပါမည် (ရောမ ၁၀း၁၅)။ သူသည် ခရစ်တော်၏အသင်းတော်မှ လက်တင်မင်္ဂလာပေးခန့်အပ်ခြင်းခံရသူ၊ တရားဝင်ခွင့်ပြုထားသူ ဖြစ်ရပါမည် (တမန် ၁၃း၁-၄ = ဤကျမ်းပိုဒ်တွင် အသင်းတော်မှစေလွှတ်ခြင်းနှင့် ဝိညာဉ်တော်၏စေလွှတ်ခြင်း အတူတူဖြစ်သည်ဟု ပြောပြသည်ကို သတိပြုပါ)။ တရားဟောဆရာသည် စေလွှတ်ခြင်းခံရသူ မဟုတ်လျှင်၊ သူ့ထံ၌၎င်း၊ သူ့အား နားထောင်သော ပရိတ်သတ်ကြီး၌၎င်း ထိုသူ့ကို ခရစ်တော်ကအသုံးပြုမည် ဆိုသည့်အာမခံချက် လုံးဝမရှိပါ၊ ထို့အတူ ထိုသူအားဖြင့် ခရစ်တော်စကားပြောမည် ဆိုသောအာမခံချက်မျိုးလည်း လုံးဝမရှိပါ။ ထိုသို့သောတရားဟောခြင်းသည် ဘာအသုံးကျပါတော့မည်နည်း?

ခရစ်တော်၏အသံကို အသင်းတော်များတွင် ပြန်လည်ကြားနိုင်ကြရန် ဘုရားသခင် အခွင့်ပေးတော်မူပါစေသတည်း။

**ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းလို့အပ်ရသည့်အကြောင်း**(The Necessity of Christian Discipline)

ယနေ့ခေတ်အသင်းတော်များတွင် ကျမ်းစာနှင့်ညီသော ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းသည် လုံးလုံး မကျင့်သုံးတော့လောက်အောင် ပျောက်ကွယ်လာနေပြီဖြစ်သည်။ တစုံတဦးကို အသင်းတော်မှ စည်းကမ်းထိန်းသိမ်းသည့် အနေနှင့် ထုတ်ပယ်လိုက်သည်ဆိုသည်မျိုးကို မကြားဘူးတော့သလောက်ဖြစ်နေပါသည်။ ကြီးမားသောပြစ်မှုကြီးများ ကျူးလွန်ခြင်းမှလွဲ၍ စည်းကမ်းထိန်းသိမ်းခြင်း နည်းပါးလှပါသည်။ ထိုသို့သောပြစ်မှုကြီးများအတွက်ပင် အချို့အသင်းတော်များတွင် ဘာမှမလုပ်ကြတော့ပါ။ ခရစ်ယာန်မဟုတ်သူများကဲ့သို့ အသက်ရှင်ကြသူများကိုလည်း အသင်းတော်အများက အသင်းသူ/သားများအဖြစ် ဆက်လက်လက်ခံနေကြပါသည်။ မယုံကြည်သူတို့ အသင်းတော်၏ဌာနများတွင် ဝင်ရောက်အမှုထမ်းနေကြသည်။ သင်းအုပ်များကို ဘာမဆိုဟောပြောခွင့် ပြုနေကြသည်။ ဟောသောတရားသည် မည်မျှကျမ်းစာ

နှင့် မကိုက်ညီစေကာမူ အကြောင်းမဟုတ်တော့ပါ။ အပြစ်၊ မယုံကြည်ခြင်း၊ ဖေါက်ပြန်ခြင်း၊ မနာခံခြင်းတို့ကိုဆုံးမခြင်းမျိုး မရှိတော့သလောက် ဖြစ်နေပါသည်။

အထူးသဖြင့် အကြောင်းအရာအများစုကို "အပြစ်ကလေးတွေပါ"ဟု မှတ်နေကြခြင်းဖြစ်သည်။ သို့သော် ထိုသို့ ထင်နေသောအရာများကို မဆုံးမဘဲ၊ အရေးမယူဘဲ အသင်းတော်ထဲ ဆက်ထားလျှင် အတော်ဖျက်ဆီးနိုင်သောအရာများ ဖြစ်ကြပါသည်။ ဥပမာ- အခြားသူများအကြောင်း မကောင်းပြောခြင်း၊ အတင်းပြောခြင်း စသည်တို့ကို အပြစ်ဟု ယူဆ လျှက် ဆုံးမရမည်ဆိုခြင်းကို ပုံမမှန်ဟု ယူဆနေတတ်ကြသည်၊ (သို့) မနာလိုခြင်း၊ မုန်းတီးခြင်း (သို့) အငြင်းပွားခြင်း စ သည်တို့ကို အပြစ်ဟုယူဆရန် ထူးဆန်းနေတတ်ကြပါသည်၊ သို့သော် ၄င်းတို့ကို ကျမ်းစာက အသင်းတော်နှင့် ဘုရားသ ခင်၏ အမှုတော်ဆောင်ခြင်းအား ဖျက်ဆီးသောအရာများဟု ပြောနေပါသည် (သုတ္တံ ၂၆း၁၇-၂၈၊ မဿဲ ၅း၂၁-၂၄)။ ၄င်းတို့သည် ဥယာဉ်တခုလုံးကို ပျက်စီးစေသော မြေခွေးငယ်ကလေးများ ဖြစ်ကြပါသည် (ရှောလမုန်သီချင်း ၂း၁၅)။

ထိုသို့အရေးမယူခြင်း၏ရလဒ်မှာ အပြစ်သည် ၄င်း၏ဖျက်ဆီးနိုင်သောအစွမ်းသတ္တိနှင့်အတူ အသင်းတော်ထဲ တွင် ပေါက်ဖွားကာ ကြီးထွားရှင်သန် စည်ပင်နေခြင်း ဖြစ်ပါသည်။ ထိုသို့ဖြင့် အဆုံးတွင် အသင်းတော်သည် ပျက်သုန်း သွားပါသည်။ ကောရင့်အသင်းတော်၏အပြစ်အကြောင်း ကျမ်းစာကဖေါ်ပြလျှက် ကျွန်တော်တို့ကို သတိပေးခဲ့သော စကားအတိုင်း ဖြစ်လာပါသည် "အနည်းငယ်သောတဆေးက မုန့်တပုံလုံးကို အချဉ်ပေါက်စေသည်ဟု မသိကြသ လော?"(၁ကော ၅း၆)။ အရာအားလုံးတွင် လိုအပ်သမျှ ရှိနေပါလျှက်၊ ပထမချစ်ခြင်း လျှော့သွားမှုကို ဖြစ်စေသော ဧဖက်အသင်းတော်သည်ပင် ၄င်း၏ ဖယောင်းတိုင်ထွန်းသောခုံကို ရွှေ့ပစ်ခြင်း ခံရမည့်အခြေအနေဆီးသို့ ရောက်သွား နိုင်ပါသည် (ဗျာ ၂း၁-၇)။

ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းသည် အဆုံးသတ်တွင် အသင်းတော်မှ ထုတ်ပယ်ပစ်လိုက်ခြင်းသို့ ရောက် တတ်ပါသည်။ ထိုအဆင့်သည် အတော်ကလေး မနှစ်သက်စရာကောင်းသော်လည်း အသင်းတော်တခုလုံး၏ လုံခြုံရေး နှင့်ကောင်းစွာအသက်ရှင်နိုင်ရေးအတွက် ထိုသို့ပြုခြင်းသည် အလွန့်အလွန်အရေးပါလှပါသည်၊ ကျမ်းစာကလည်း ထိုသို့ မကြာမကြာပြောပါသည် (မဿဲ ၁၈း ၁၅-၁၇၊ ၁ကော ၅း၁-၁၃၊ ၂သက် ၃း၁၄-၁၅၊ ၁တိ ၁း၁၉-၂၀၊ ဗျာ ၂း၂)။

ကျမ်းစာတွင် အသင်းတော်မှထုတ်ပစ်လိုက်ခြင်းကို ထိုသူအား စာတန်ထံသို့အပ်လိုက်ခြင်းဟု ခေါ်ပါသည်(၁ ကော ၅း၅၊ ၁တိ ၁း၂၀)။ ထို့နောက် ထိုသူကို မိတ်သဟာယဖွဲ့ခြင်းမှ ထုတ်ပယ်ခြင်းဟုခေါ်ပါသည်(မဿဲ ၁၈း၁၇၊ ၂ သက် ၃း၁၄)၊ အထူးသဖြင့် သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာ မိတ်သဟာယဖွဲ့ခြင်းမှဖြစ်ပါသည်(၁ကော ၅း၁၁၊ ၁၃)။ တချို့သောကိစ္စများတွင် အပြစ်ပြုသူကို ခုံရုံးတင်စစ်ဆေးခြင်းပင် ပါတတ်ပါသည် (ဗျာ ၂း၂)။

ခရစ်ယာန်စည်းကိမ်းထိန်းသိမ်ခြင်းတွင် ထိုသို့သော အဆုံးစွန်ပြုရခြင်းများ ပါဝင်သဖြင့် တခါတရံသာ ပြုကြ ခြင်း ဖြစ်ပါသည်။ သို့သော် ၄င်းသည် အသင်းတော်၏ ကောင်းမွန်စွာ ရပ်တည်နိုင်ရခြင်းအတွက် အလွန့်အလွန် အရေး ကြီးယုံမျှမကပါ၊ အပြစ်သား၏ ကယ်တင်ခြင်းရမှုအတွက်လည်း အလွန်အရေးကြီးပါသည်။ စည်းကမ်းထိန်းခြင်းကို အ ပြင်းထန်နိုင်သမျှ အပြင်းထန်ဆုံးစကားလုံးများ ဖြင့်ဖေါ်ပြပြီးသော်၊ ၁ကော ၅း၅က စည်းကမ်းထိန်းရခြင်း၏ အဓိကရည် ရွယ်ချက်သည် "အသွေးအသားကို ဖျက်ဆီးပစ်လိုက်ဖို့"ဟု ပြောပြပါသည်။ ထို့အပြင် သခင်ယေရှု၏နေ့ရက်၌ ဝိညာဉ် ကယ်တင်ခြင်းရရန်ဖြစ်သည်ဟု ဆက်ပြောပါသည် (၂သက် ၃း၁၄)။ ထို့ကြောင့် ရီဖော့မ်ယုံကြည်ချက်၏ ခံယူယုံကြည် ချက်တခုက ၄င်းကို "နောက်ဆုံးကုသခြင်း"ဟုခေါ်ထားပါသည်။

သို့သော် စည်းကမ်းထိန်းသိမ်းခြင်းသည် အသင်းတော်မှထုတ်ပယ်ပစ်ခြင်းတခုသာ မဟုတ်ပါ။ အသင်းသူ/သား များ အားလုံးက သေခြာစွာစောင့်ကြည့်ခြင်း၊ ဆုံးမခြင်း စသည်တို့ပါဝင်ပါသည်။ မဿဲ ၁၈ က ထိုအပြစ်သားကို ဆုံးမ နေသော်လည်လည်း နောင်တမရချင်သည့်အခါ အသင်းတော်တခုလုံး ပါဝင်လာရပါသည်ဟု သင်ပေးပါသည်။ ထိုကဲ့သို့ အသင်းတော်တခုလုံးက တာဝန်ကျေပြွန်စွာ ဝင်ရောက်ပါဝင်ကြလျှင်၊ အဆုံးသတ် အသင်းတော်မှ ထုတ်ပယ်ရခြင်းမျိုး သိပ်လိုအပ်မည် မဟုတ်ပါဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။

**ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းပြုလုပ်ပုံနည်းလမ်းအကြောင်း**(The Way of Christian Discipline)

ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းသည် အလွန်လေးနက်သောအကြောင်းအရာဖြစ်သဖြင့်၊ ၄င်း၏ဥပဒေသ များကို ကျမ်းစာတွင် သေချာစွာချမှတ်ပေးပါသည်၊ အထူးသဖြင့် မဿဲ ၁၈ တွင်ဖြစ်သည်။ ထိုဥပဒေသများသည် မရှိ မ ဖြစ်အရေးကြီးပါသည်။

ပထမဆုံးသိရမည်မှာ စည်းကမ်းထိန်းခြင်းသည် တဦးချင်းဆုံးမမှုမှ စတင်ပါသည်။ တစုံတဦးက ကျွန်တော်တို့အပေါ် အပြစ်ပြုသောအခါ၊ (သို့) စိတ်နာစေသောအခါ၊ ကျွန်တော်တို့သည် သူ့ထံသွားရမည်၊ သူ့၏အပြစ်အား ပြောပြရမည်၊ အသင်းတော်သို့ ချက်ခြင်း ပြဿနာကို ယူမသွားရပါဟု တောင်းဆိုပါသည်။

ထိုတဦးချင်းဆုံးမသည့်အကြောင်းတွင် အချက်အတော်များများကို သတိပြုဖို့လိုပါသည်။ ပထမ၊ ကျွန်တော်တို့သည် အပြစ်ကို တဦးချင်းအနေနှင့် ကိုင်တွယ်နေခြင်းဖြစ်သည်။ ထို့ကြောင့် အပြစ်သားတဦးတည်းကိုသာ ပြောရမည်၊ အခြားသူကို လုံးဝပြောမပြရ။ အခြားသူများ၏အပြစ်ကို အခြားသူများထံသို့ ပြောခြင်းကိုယ်၌က အတင်းပြောခြင်းအပြစ်ဖြစ်သည်၊ သတင်းကုန်သည်လုပ်ခြင်း ဖြစ်သည်၊ အသင်းတော်ကို သေစေလောက်သော အပြစ်တမျိုးဖြစ်ပါသည် (သုတ္တံ ၂၆း၂၀-၂၆)။ ထို့ကြောင့် သခင်ယေရှုက မဿဲ ၁၈း၁၅တွင် “သူ့အား သူ၏အမှားကိုပြောပြလော့၊ သင်နှင့်ထိုသူ နှစ်ဦးကြားတွင်သာ ပြောပြလော့”ဟု မှာထားခြင်းဖြစ်သည်။

ဒုတိယ၊ ပြစ်မှားခြင်းခံရသူက ပြစ်မှားသူထံသွားဖို့ အဓိကတာဝန်ရှိပါသည်။ သို့သော် အများအားဖြင့် ကျွန်တော်တို့၏ မာနနှင့်ဒေါသကြောင့်၊ အပြစ်ပြုသူလာရန်သာ ကျွန်တော်တို့ စောင့်တတ်ကြပါသည်၊ ရလဒ်မှာ ထိုသူနှင့် ပြန်လည် မသင့်မြတ်နိုင်တော့ခြင်းဖြစ်သည်။

တတိယ၊ အပြစ်ပြုခြင်းအား ပြစ်တင်ဆုံးမခြင်းကို နှိမ့်ချခြင်း၊ ချစ်ခြင်းနှင့် ပြုရမည်ဖြစ်သည်။ မဿဲ ၁၈ တွင် သခင်ယေရှုက အပြစ်ပြုသော ကျွန်တော်တို့၏အသင်းသားများကို “ညီအကိုတို့”ဟုခေါ်ပါသည်။ ၂သက် ၃း၁၅ တွင် အသင်းတော်မှ ထုတ်ပယ်ခြင်း ခံပြီးသူကိုပင် “ညီအကို”ကဲ့သို့ ဆုံးမနေရမည်ဟုပြောပြပါသည်။ မှားသွားသောညီအကိုကို ပြန်မရနိုင်ကြရခြင်းသည် သူ၏အပြစ်ကို မည်ကဲ့သို့ဖေါ်ပြသည် ဆိုသည့်အပေါ်တွင်သာ တည်နေတတ်သည်ဟု မကြာခဏ တွေ့ရပါသည်။

အပြစ်ပြုသူက ဆုံးမခြင်းကို လက်မခံ၊ နောင်တမရချင်တော့မှ အခြားသူများကို ပေးသိရတော့မည်ဖြစ်သည်။ ထိုအခါတွင်လည်း အတင်းပြောသည့်ပုံစံဖြင့် မဟုတ်ရ။ အပြစ်ပြုသူကို သက်သေတို့နှင့်အတူ ချည်းကပ်ရမည်ဖြစ်သည် (မဿဲ ၁၈း၁၆၊ တော ၃၅း၃၀)။ ထိုလိုက်လာသော သက်သေများကလည်း ထိုသူ ဆက်၍နားမထောင်ချင်ဟု သိရလျှင် ဝင်၍ဆုံးမကြဖို့ တာဝန်ရှိကြပါသည် (မဿဲ ၁၈း၁၇)။

ထို့နောက် ထိုကိစ္စကို အသင်းတော်သို့ အသင်းလူကြီးထံ သတင်းပို့ခြင်းဖြင့် ဆောင်ယူသွားရမည်။ အပြစ်ပြုသူက နောင်တမရဘဲ ဆက်နေသောအခါဖြစ်သည်။ ထိုသို့ဖြင့် နောက်ဆုံးတွင် ထိုသူသည် အသင်းတော်မှ ထုတ်ပယ်ခြင်းခံရမည်ဖြစ်သည်၊ သူပြုသောအပြစ်အတွက်၊ နောင်တ မရလိုမှုအတွက်တို့ကြောင့် ဖြစ်သည်။ ထိုသို့ထုတ်ပယ်ခြင်းတွင် ပွဲတော်မင်္ဂလာများအား မသုံးစေခြင်းပါသည်၊ နောက်ဆုံးတွင် အသင်းသူ/သားဖြစ်ခြင်းမှရပ်ဆဲခြင်း၊ အသင်းတော်၏ မိတ်သဟာယမှ ရပ်ဆဲခြင်းတို့ လိုက်လာမည်ဖြစ်သည်။

ဤနေရာတွင် မှတ်သားစရာကောင်းသည်မှာ ကျမ်းစာက “ဆုံးမခြင်းများ”ဟု အများကိန်းကို အသုံးပြုထားခြင်းဖြစ်သည်။ ချစ်ခြင်းက နောင်တရလာဖို့ အခွင့်အရေး ရနိုင်သမျှပေးချင်ပါသည်။ ဆုံးမသည့်အခါ၊ အပြစ်ပြုသူကို ညှာတာစွာ ဆုံးမရပါမည်၊ အထူးသဖြင့် ထိုသူနောင်တရသည့်အခါဖြစ်သည်။ ထို့အတွက် ကျမ်းစာက ချစ်ခြင်းက အပြစ်ကို ဖုံးအုပ်ပါသည်ဟု ပြောခြင်းဖြစ်သည်။ ထိုအပြစ်ကို မကိုင်တွယ်ရဟု ဖုံးကွယ်ပေးခြင်းကို ပြောနေသည်မဟုတ်ပါ။ အပြစ်ပြုသူကို ညှာတာခြင်းအား ပြောနေခြင်းဖြစ်သည်၊ ထိုသို့ဖြင့် မလိုအပ်ဘဲ အရှက်မကွဲစေခြင်း၊ အပုတ်ချမခံရခြင်းတို့ကို ဖြစ်သည် (ယာကုပ် ၅း၁၉-၂၀)။

အချို့သောကျမ်းပိုဒ်များတွင် အပြစ်ကို ချက်ခြင်း၊ လူသိရှင်ကြား ဆုံးမကြေညာပါဟု ပြောတတ်ပါသည်။ ထိုသို့ ပေါလုက ပေတရုကို ဆက်ဆံခဲ့ပါသည် (ဂလာတိ ၂း၁၁-၁၄)၊ အဘယ့်ကြောင့်ဆိုသော် ပေတရုသည် အသင်းတော်တွင် အလွန်အရေးပါသူ ဖြစ်သည်။ ထိုသို့သောအမှု နှစ်မျိုးကို ၁တိ ၅း၂၀ တွင်ပြောပြသည်၊ တစုံတဦးက ရှက်စရာအပြစ်ကို လူအများရှေ့တွင် ပြုသည့်အခါ၊ နောက်တမှုမှာ အပြစ်ပြုသူသည် အသင်းတော်ခေါင်းဆောင်ဖြစ်သည့်အခါ ချက်ခြင်း လူသိရှင်ကြား ဆုံးမကြေညာရပါမည်။(ပေါလုက အသင်းလူကြီးများကို အတူးသဖြင့်ရည်ညွှန်းပါသည်)။

ထိုနည်းလမ်းများဖြင့် အပြစ်ကို အသင်းတော်ထဲတွင် ကိုင်တွယ်ပါမှ၊ အသင်းတော်သည် ပျက်ဆီးမသွားဘဲနေပါမည်။ ထိုအခါမှသာ ကျွန်တော်တို့၏ဘုရားသခင်ကို လူအများက မကဲ့ရဲ့ မလှောင်ပြောင်ဘဲ နေကြမည်ဖြစ်သည်။ အသင်းတော်၌ ဘုန်းတော်ထင်ရှားမည်ဖြစ်သည်။ အပြစ်သားတို့လည်း ကယ်တင်ခြင်းရကြမည်ဖြစ်သည်။

## ပွဲတော်မင်္ဂလာများအကြောင်း(The Sacraments)

တရားဟောခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်းအကြောင်းတို့ကို ပြောပြပြီးကြသောအခါ၊ ကျွန်တော်တို့သည် ခက်ခဲသောခေါင်းစဉ်ဖြစ်သည့်၊ ပွဲတော်မင်္ဂလာများအကြောင်း ရောက်ကြပါသည်။ တဖက်တွင်၊ ခရစ်တော်က အသင်းတော်၏ ညီညွတ်ခြင်းအမှတ်လက္ခဏာများအဖြစ် တည်ထောင်ပေးခဲ့သော ပွဲတော်မင်္ဂလာများသည် အသင်းတော်အား ကွဲပြားစေသော အဓိကအကြောင်းတရား ဖြစ်နေခြင်းကြောင့် ပွဲတော်မင်္ဂလာများသည် ပြဿနာကိစ္စဖြစ်နေရပါသည်။ နောက်တဖက်တွင်မူ၊ အသင်းတော်ကယုံကြည်သမျှ ယုံကြည်ချက်အားလုံးသည် ပွဲတော်မင်္ဂလာသို့ လာရောက်စုံချက် ဖြစ်နေကြပါသည်။ ထို့ကြောင့် ပွဲတော်မင်္ဂလာများက အသင်းတော်များကို ကွဲပြားနေစေခြင်း၊ ခရစ်ယာန်များကို ကွဲပြားနေစေခြင်းသည် အံ့သြစရာကိစ္စတော့ မဟုတ်ပါချေ။ ကျွန်တော်တို့ ပွဲတော်မင်္ဂလာများအကြောင်းကို ပြောကြသည့်အခါ၊ ကွဲပြားမှုများ ဖြစ်လာရန်မဟုတ်ပါ၊ အသင်းတော်တွင် ညီညွတ်ခြင်းဖြစ်လာပါစေဟု ဆုတောင်းလျှက် မျှော်လင့်ကြလျှက် ပြောကြခြင်း ဖြစ်ပါသည်။

ပွဲတော်မင်္ဂလာများဆိုသည်မှာ အဘယ်နည်း? ပွဲတော်မင်္ဂလာ ဆိုသည့်စကားလုံးသည် လက်တင်စကားမှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။ အဓိပ္ပါယ်မှာ “ကျမ်းကျိန်ခြင်း”ဖြစ်ပါသည်။ ထိုစကားလုံးကို ကျမ်းစာတွင်မတွေ့ရပါ။ သို့သော် ပွဲတော်မင်္ဂလာတခုတိုင်းသည် ခရစ်တော်က အသင်းတော်သို့ပေးထားသည့် မြင်နိုင်သော၊ ထိတွေ့၍ရသော ကတိတော် (သို့) ကျိန်ဆို၍ပေးထားခြင်း ဖြစ်နေကြ၍ ပွဲတော်မင်္ဂလာဆိုသည့်စကားလုံးကို သုံးရခြင်းဖြစ်ပါသည်။

ပွဲတော်မင်္ဂလာ ဆိုသောစကားလုံးကို သုံးသည့်အခါ၊ ခရစ်တော်က သူ၏အသင်းတော်သို့၊ တစုံတခုသော ကတိတော်ကို အတည်ပြုဖို့ရန် ပေးအပ်ထားသည့် အခန်းအနားမျိုးအတွက် အထူးတလည် အသုံးပြုခြင်းဖြစ်ပါသည်။ ထိုသို့သော အခန်းအနားများကို အသင်းတော်သည် ခရစ်တော်ပြန်လာချိန်တိုင်အောင် ကျင့်သုံးနေမည်ဖြစ်သည် (မဿဲ ၂၈း ၁၉-၂၀၊ ၁ကော ၁၁း၂၆)။

ထိုအခန်းအနားများသည် ပုံဆောင်ချက်များ (သို့) သင်္ကေတအမှတ်လက္ခဏာများ ဖြစ်ကြသည်။ ခရစ်တော်က ညစာပွဲတော် မင်္ဂလာတွင်သုံးသည့် “ပေါင်မုန့်”ကို “ငါ့ကိုယ်ခန္ဓာ”ဟု တင်စားခေါ်ဝေါ်ခြင်းဖြင့် ထိုအချက်ကိုသိနိုင်သည်။ ထို့အပြင် “ခွက်”ကို “ငါ့အသွေး၌ တည်သော ပဋိညာဉ်သစ်”ဟုတင်စားခေါ်ဝေါ်ခဲ့ပါသည် (လုကာ၂၂း၂၀)။ ရိုးရိုး ပေါင်မုန့်နှင့်ခွက်က အရှိအတိုင်းဆိုလျှင် ထိုသို့မဖြစ်နိုင်ကြပါ၊ ထို့ကြောင့် ၎င်းတို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာနှင့် အသွေးတော်ကို ပုံဆောင်သော သင်္ကေတအမှတ်လက္ခဏာများ ဖြစ်ကြပါသည်။

ထိုသို့ပင် ဗတ္တိဇံမင်္ဂလာတွင်လည်း တွေ့နိုင်ပါသည်။ ကျမ်းစာက ရေနှင့်ပေးသော ဗတ္တိဇံနှင့် အပြစ်များအား ဆေးကြောပစ်လိုက်ခြင်း နှစ်မျိုးစလုံးကို ခရစ်တော်၏အသွေးတော်နှင့်ဟု ခေါ်ဝေါ်ထားပါသည်။ သင်္ကေတအမှတ်လက္ခဏာနှင့်၊ ဝိညာဉ်ရေးရာတကယ်ဖြစ်မှု နှစ်မျိုးစလုံးကို ဗတ္တိဇံဆိုသော အမည်တမျိုးတည်းနှင့် ခေါ်ထားပါသည် (တမန် ၂း ၄၁ နှင့် ၁ပေ ၃း၂၁ တို့ကို နှိုင်းယှဉ်ကြည့်ပါ)။

ကျွန်တော်တို့၏ ယုံကြည်ခြင်းအား အကူအညီပေးရန် ထိုပုံဆောင်ချက်များ၊ သင်္ကေတအမှတ်လက္ခဏာများကို ပေးထားပါသည် (တရားသူကြီး ၆း၃၆-၄၀၊ လုကာ ၁း၁၈-၂၀၊ ၂း၁၂)။ ၎င်းတို့က ကျွန်တော်တို့၏ယုံကြည်ခြင်းကို နည်းလမ်းနှစ်မျိုးဖြင့် ကူညီပါသည်။ မမြင်ရသော၊ သို့သော် ဝိညာဉ်ရေးရာ တကယ့်အရှိတရားများကို ပုံဖော်ပေးသည်၊ ခရစ်တော်သည် ပြည့်ဝသောကယ်တင်ရှင်ဖြစ်ကြောင်း ဖော်ညွှန်းပေးသည်။ ကျွန်တော်တို့၏ယုံကြည်ခြင်းများသည် မကြာခဏ အားနည်းတတ်သောကြောင့် ၎င်းတို့ကို လိုအပ်ကြပါသည်။ ကျွန်တော်တို့သည် မမြင်ဘဲနှင့်ယုံကြရပါမည် (ယော ၂၀း ၂၉၊ ၂ကော ၅း၇)။

ဗတ္တိဇံနှင့်အရေးဖျားလှီးခြင်းမင်္ဂလာတို့သည် ဆက်စပ်ဆက်နွယ်နေကြသည်ဟု ယုံကြည်ကြလျှက်၊ ညစာပွဲတော်မင်္ဂလာနှင့် ပဿခါပွဲတို့သည် ဆက်စပ်ဆက်နွယ်နေကြသည်ဟု ယုံကြည်ကြလျှက် ပွဲတော်မင်္ဂလာများသည် သင်္ကေတ အမှတ်တံဆိပ်များ ဖြစ်ကြသည်ဟု ကျွန်တော်တို့မြင်ပါသည် (ရောမ ၄း၁၁)။ ၎င်းတို့သည် သင်္ကေတ အမှတ်လက္ခဏာများ ဖြစ်ကြလျှင်၊ အမှတ်တံဆိပ်များလည်း ဖြစ်ကြမည်အမှန်၊ အဘယ့်ကြောင့်ဆိုသော် သင်္ကေတအမှတ်လက္ခဏာများက အမြဲတမ်း တစုံတခုသောအကြောင်းအရာကို ခိုင်မာစေပါသည် (သို့) အမှတ်တံဆိပ်ခတ်၍ တရားဝင်ဖြစ်စေပါသည်။

အမှတ်တံဆိပ်များအနေနှင့် ပွဲတော်မင်္ဂလာတို့သည် ယုံကြည်သူများကို ဝိညာဉ်ရေးရာ တကယ့်အရှိတရားများအား ပုံဖော်ပေးခြင်း၊ တစုံတရာသောအမှန်တရားများကို သင်ကြားပြသပေးခြင်းများကိုသာ ဆောင်ရွက်ကြသည်မဟုတ်ပါ၊ ကျွန်တော်တို့၏ ယုံကြည်ခြင်းများကိုလည်း ပို၍ခိုင်မာစေကြပါသည်၊ အားတိုးစေကြပါသည်။ ပွဲတော်မင်္ဂလာများက ကျွန်တော်တို့၏ယုံကြည်ခြင်းများအား မည်သို့ခွန်အားတိုးစေကြသနည်းဆိုသော်၊ ကျွန်တော်တို့၏ကိုယ်ခန္ဓာများကို ရေဖြင့်ဆေးကြောသော် အမှန်တကယ် ပြောင်စင်သွားသလို၊ ခရစ်တော်၏အသွေးတော်က ကျွန်တော်တို့၏ဝိညာဉ်များကို

ပြောင်စင်အောင် ဆေးကြောပေးပါသည်ဟု ဗတ္တိဇံမင်္ဂလာဖြင့် သေချာစွာသဘောပေါက်စေခြင်း၊ မုန့်နှင့်စပျစ်ဝိုင်က (အစားအစာကိုဆိုလိုသည်) ကျွန်တော်တို့ကို ခွန်အားပေး၊ ပြည့်ဖြိုးလန်းဆန်းစေသကဲ့သို့၊ ခရစ်တော်သည် ကျွန်တော်တို့၏ ဝိညာဉ်များအတွက် နေ့စဉ်စားရသောအစာ၊ သောက်ရသောရေနှင့်အသက်ရှင်ခြင်းတို့ဖြစ်သည်ဟု ပြောပြပါသည်။

ထို့ကြောင့် ပွဲတော်မင်္ဂလာများသည်၊ ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့်ဂရုဏာတို့ကို ပြောပြပေးသော အံ့သြစရာ၊ ထူးခြားသော သက်သေခံများ ဖြစ်ကြပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့ အားနည်းကြသည့်အခါ၊ ပစ်ပစ်ခါခါ ငြင်းပယ်သူမဟုတ်၊ ထောက်ပံ့မစသူဖြစ်သည်ကို ပြောပြကြပါသည်။ ထို့အတွက်ကြောင့် ပွဲတော်မင်္ဂလာများသည် လိုအပ်ချက်ဖြစ်ပါသည်၊ ၄င်းတို့ကို ကျွန်တော်တို့ အသုံးပြုကြသည့်အခါ၊ ကျွန်တော်တို့၏ ဘုရားသခင်ကို အားကိုးခြင်းအား ဖေါ်ပြသော သက်သေဖြစ်ပါသည်။

## ပွဲတော်မင်္ဂလာနှစ်ခုအကြောင်း(Two Sacraments)

အဘယ့်ကြောင့် ပွဲတော်မင်္ဂလာနှစ်ခုသာ ရှိရပါသနည်း? ထိုမေးခွန်းကို ဖြေဖို့လိုအပ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ရိုမန်ကက်သလစ်ဂိုဏ်းက မှားယွင်းစွာ (၇)ခုရှိသည်ဟု ပြောနေ၍ဖြစ်ပါသည်။ ထို့အပြင် အချို့သော ခရစ်ယာန်အုပ်စုများကလည်း ခြေဆေးပေးခြင်း၊ မြွေကိုကိုင်တွယ်ခြင်းနှင့် အချို့သော ပုံမမှန်လုပ်ကိုင်ခြင်းများကို ပွဲတော်မင်္ဂလာများအဖြစ် သတ်မှတ်လုပ်ကိုင်နေကြ၍ ဖြစ်ပါသည်။

တစုံတခုသောအရာသည် ပွဲတော်မင်္ဂလာဖြစ်သည်ဟု မည်သို့သိနိုင်ပါသနည်း? အဖြေမှာ၊ ခရစ်တော်ကိုယ်တိုင်က ၄င်းသည် ဝတ်ပြုခြင်း၏ သင်္ကေတအထိမ်းအမှတ်ဖြစ်သည်ဟု အမိန့်ပေးသောအရာဖြစ်ရပါမည်။ ထိုသို့ခရစ်တော်က ပြောသည်ကို တမန်တော်များက လက်တွေ့ကျင့်သုံးခြင်းဖြင့် သေချာကြောင်းသိနိုင်မည်ဖြစ်သည်။ ၄င်းကို ကျွန်တော်တို့က ပွဲတော်မင်္ဂလာများအား တည်ထောင်ခန့်ထားခြင်းဟု ခေါ်ပါသည်။ ထို့ကြောင့် ခြေဆေးခြင်းသည် ပွဲတော်မင်္ဂလာ မဖြစ်နိုင်ပါ၊ ခရစ်တော်က ဆေးပေးခဲ့သော်လည်း၊ အသင်းတော်က လုပ်ပါဟု အမိန့်မပေးခဲ့ပါ၊ ထို့အတူ တမန်တော်များကလည်း အတည်ပြုခြင်းအနေဖြင့် မကျင့်သုံးခဲ့ကြပါ။

ထို့အတူ ကက်သလစ်များ၏ ပွဲတော်မင်္ဂလာများကို စစ်လျှင်လည်း ဤစံနှုန်းနှင့် မကိုက်ညီနိုင်ကြောင်း တွေ့ရပါသည်။ ကလေးငယ်များအား အသိအမှတ်ပြုမင်္ဂလာ၊ အာပတ်ဖြေခြင်း(ဘုန်းတော်ကြီးထံအပြစ်ဝန်ချခြင်း)၊ ကက်သလစ်ဘာသာရေးထုံးတမ်းစဉ်လာများ စသည်တို့က မည်သည်ကိုမျှ သင်္ကေတအထိမ်းအမှတ် မဖြစ်စေကြပါ၊ ထို့အတူ သေခါနီးလူနာကို ဆီလိမ်းဘိသိတ်ပေးခြင်းတို့ကို ခရစ်တော်က မစေခိုင်းခဲ့သလို၊ တမန်တော်များကလည်း မပြုလုပ်ခဲ့ကြပါ။ ထို့အတူ လက်ထပ်ခြင်းက သင်္ကေတအထိမ်းအမှတ်တခု ဖြစ်ပါသော်လည်း၊ ခရစ်တော်က ပွဲတော်မင်္ဂလာတခု အနေနှင့် ကျင်းပပါဟု မမှာကြားခဲ့ပါ၊ တမန်တော်များကလည်း ထိုသို့ မကျင့်သုံးခဲ့ကြပါ(၁ကော ၇း၁၊ ၆-၈၊ ၂၅-၂၇၊ ၃၂-၃၄)။

သို့သော် ဤသို့ရှင်းပြခြင်းက အဘယ့်ကြောင့် ပွဲတော်မင်္ဂလာ နှစ်ခုသာ ရှိရပါသနည်း? ဆိုသောမေးခွန်းကို အဖြေမပေးသေးပါ။ အတိအကျပြောရလျှင် အဘယ့်ကြောင့် ဗတ္တဇံနှင့်ညစာပွဲတော် နှစ်ခုသာ ရှိရသနည်း? ထိုမေးခွန်းကို ဖြေရပါမည်၊ ထိုသို့ဖြင့် ၄င်းပွဲတော်များကို အသုံးပြုသည့်အခါ ပို၍အကျိုးရှိနိုင်ပါမည်။

ပွဲတော်မင်္ဂလာ နှစ်မျိုးသာ ရှိရသည့်အကြောင်းအရင်းကို ၄င်းပွဲတော်မင်္ဂလာတို့အထဲတွင်ပင် တွေ့နိုင်ပါသည်။ ၄င်းတို့က ကျွန်တော်တို့၏ ခရစ်ယာန်တဘဝလုံးကို ပုံဆောင်နေကြပါသည်။ ဗတ္တိဇံမင်္ဂလာက ကျွန်တော်တို့၏ ဘုရားသခင့်ပဋိညာဉ်ထဲ၊ ကယ်တင်ခြင်းထဲ ဝင်ရောက်ပုံနှင့် လမ်းကြောင်းကို ဖေါ်ပြ၍၊ ညစာပွဲတော်က ထိုပဋိညာဉ်ထဲတွင် နေထိုင်အသက်ရှင်သော ကျွန်တော်တို့၏ ဘဝများကို သင်္ကေတအထိမ်းအမှတ်ပြုပါသည်။ ခရစ်တော်က အဖိုးအခပေးရန် မလိုဘဲပေးထားသော ကယ်တင်ခြင်းကို လက်တွေ့ရှင်သန် ခံစားခြင်းကို သင်္ကေတပြုပါသည်။ ထို့ကြောင့် အခြားသော ပွဲတော်မင်္ဂလာမျိုး မည်သည်နေရာတွင်မှ မလိုအပ်တော့ပါ၊ အဘယ့်ကြောင့်ဆိုသော် သင်္ကေတပြုစရာ မကျန်တော့သော ကြောင့်ဖြစ်သည်။

ပွဲတော်မင်္ဂလာများ၏ အံ့သြစရာကောင်းခြင်းမှာ၊ ၄င်းတို့က ကျွန်တော်တို့၏ ခရစ်ယာန်ဘဝများအကြောင်းကို ပုံဖေါ်သင်္ကေတ ပြုယုံသာမက၊ ခရစ်တော်ကိုလည်း ကျွန်တော်တို့ထံ ညီညွတ်စွာသက်သေပေးနေကြပါသည်။ ၄င်းနှစ်မျိုးက အတူတကွနှင့် ကျွန်တော်တို့ထံရှိသမျှသည် ခရစ်တော်ထံမှရခြင်းဖြစ်သည်၊ သူမှတဆင့်ရခြင်းဖြစ်သည်၊ သူ့အားဖြင့်ရခြင်းဖြစ်သည်၊ သူ့အထဲ၌ ရခြင်းဖြစ်သည်ဟု ပြောပြနေကြပါသည်။ သူနှင့်သာမဟုတ်လျှင် ကျွန်တော်တို့သည် ဘာမှ မဟုတ်ကြပါ၊ ဘာမှမပိုင်ကြပါ၊ မရှိကြပါ။ ပွဲတော်မင်္ဂလာနှစ်ခုက အတူတကွနှင့် ပေတရုပြောခဲ့သည်ကို ကျွန်တော်တို့ထံ ပြောပြနေကြပါသည်၊ "ထိုသခင်၏ နာမတော်မှတပါးငါတို့ကို ကယ်တင်နိုင်သောနာမ တစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အားမြွက်ဆို၏"(တမန် ၄း၁၂)။ ၄င်းတို့ကပေးသော သက်သေသည် ပေါလုက ဧဖက် ၁း၃

တွင်ပေးသောသက်သေဖြစ်ပါသည် “ခရစ်တော်အားဖြင့် ငါတို့သည် အားလုံးသော ဝိညာဉ်ရေးရာ ကောင်းချီးမင်္ဂလာများကို ရကြ၏။”

ပွဲတော်မင်္ဂလာများက ခရစ်တော်၏ သေခြင်းနှင့်အသွေးတော်သည် အဓိကအကျဆုံးဖြစ်သည်ဟု ပြောပြကြပါသည်။ ဗတ္တိဇံက ကျွန်တော်တို့သည် ခရစ်ယာန်အသက်ရှင်ခြင်းသို့ ခရစ်တော်၏အသွေးတော်နှင့် ယဇ်ပူဇော်ခြင်းဖြင့် ရောက်ကြသည်ဟု ပြောပြပါသည်။ ညစာပွဲတော်မင်္ဂလာက ခရစ်တော်၏အသွေးတော်နှင့် ယဇ်ပူဇော်ခြင်းအားဖြင့် ကျွန်တော်တို့သည် လှုပ်ရှားကြသည်၊ အသက်ရှင်ကြသည်၊ မိမိတို့၏ ဝိညာဉ်ရေးရာဖြစ်တည်မှုကို ရကြသည်၊ ဝိညာဉ်ရေးရာခွန်အား၊ အစားအစာကို ရကြသည်ဟု ထပ်၍ပြောပြပါသည်။ ၎င်းတို့ကို ကျွန်တော်တို့သည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းထဲသို့ ဝင်ရောက်သည်နှင့် စတင်ရကြပါသည်။ ခရစ်တော်၏ယဇ်ပူဇော်ခြင်းသည် ကျွန်တော်တို့အတွက် အရာခပ်သိမ်း ဖြစ်ပါသည်။

ပွဲတော်မင်္ဂလာများဖြင့် ဘုရားသခင်သည် မည်မျှအံ့သြစရာကောင်းသောလက်ဆောင်များကို ပေးနေပါသနည်း! ၎င်းတို့ကို ကျွန်တော်တို့က နမော်နမဲ့၊ ဂရုမစိုက် မပြုဘဲနေကြပါမည်။

## ဗတ္တိဇံမင်္ဂလာ၏ ပုံဖေါ်သင်္ကေတပြုခြင်းအကြောင်း(Symbolism of Baptism)

ကျွန်တော်တို့သည် ဗတ္တိဇံမင်္ဂလာအကြောင်းကို ရင်တဒိတ်ဒိတ်ခုန်လျှက် စတင်ကြပါမည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်ယာန်များအကြား ထိုအရေးကြီးလှသည့်အကြောင်းကို ခြားနားစွာလက်ခံနေကြ၍ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့သည် နှစ်ခြင်းဂိုဏ်များကို စိတ်နာစေဖို့တော့ မရည်ရွယ်ကြပါ။ ကျမ်းစာကပြောပြသော အမှန်တရားသည် ရှင်းလင်းနေပါသည်။ ထို့ကြောင့် ကျွန်တော်တို့ပြောသည်ကို သူတို့က နားထောင်ကြရန်သာ တောင်းဆိုချင်ပါသည်။

ပထမအကြောင်းအရာမှာ၊ ဗတ္တိဇံ၏ သင်္ကေတပြုနေခြင်းအကြောင်း ဖြစ်သည်။ ဗတ္တိဇံတွင်သုံးသော ရေသက်သက်က မည်သည့်တန်ခိုးစွမ်းအား၊ အာနိသင်မရှိပါဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ တန်ခိုးရှိသည်ဟု ကက်သလစ်များ၊ အင်္ဂလီကန်များ၊ လူသာရင်အဖွဲ့များက မှားယွင်းစွာသင်နေကြသည်။ ဗတ္တိဇံ၏တန်ဖိုးသည် ၎င်း၏သင်္ကေတ ပုံဆောင်ချက်ဖြစ်ခြင်း၌ ဖြစ်ပါသည်။

ရေနှင့်ပေးသောဗတ္တိဇံက ခရစ်တော်၏အသွေးတော်ကို ပုံဆောင်ကြောင်း အားလုံးက လက်ခံကြမည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။ ရေကိုသုံးခြင်းက (မည်သို့မည်ပုံ သုံးကြောင်း လောလောဆယ် ဘေးချိတ်ထားပါမည်)၊ ခရစ်တော်၏ တန်ဖိုးကြီးလှသော အသွေးတော်ဖြင့် အပြစ်များအား ဆေးကြောပစ်လိုက်ခြင်းကို ပုံဆောင်ပါသည်။

နောက်တမျိုးနှင့်ပြောရလျှင်၊ ဗတ္တိဇံမင်္ဂလာက ကယ်တင်ခြင်းရသဖြင့် ဖြောင့်မတ်ခြင်းကို အထူးပြုပြောပြချင်ပါသည် (ကျွန်တော်တို့၏အပြစ်များကြောင့် ဖြစ်ပေါ်လာသော လိပ်ပြာမလုံခြင်းကို ဖယ်ရှားပစ်ခြင်း)။ ထို့အပြင် ကယ်တင်ခြင်းရသဖြင့် သန့်ရှင်းရာသို့ ရောက်ကြခြင်းကိုလည်း ပြောပြချင်ပါသည် (ကျွန်တော်တို့၏ အပြစ်များကြောင့် ဖြစ်ပေါ်လာသော အညစ်အကြေးများ၊ ညစ်ညမ်းခြင်းများကို ဖယ်ရှားခြင်း)။ ထို့ကြောင့် ဗတ္တိဇံက ကျွန်တော်တို့၏ အပြစ်များမှ ခွင့်လွှတ်မှု ခံရခြင်းကို ပုံဆောင်ပါသည်။ ကျွန်တော်တို့သည် ယုံကြည်ခြင်းကြောင့် ဖြောင့်မတ်လာကြသည်၊ အပြစ်များမှ ခွင့်လွှတ်ခံရခြင်းသည် ဖြောင့်မတ်ခြင်းဖြစ်သည်။ ၎င်းကို ဗတ္တိဇံကပုံဆောင်သည်။ ထို့အပြင် ဗတ္တိဇံက ကျွန်တော်တို့ထံ အသစ်မွေးဖွားစေခြင်းနှင့် သန့်ရှင်းစေခြင်းတို့ကို လုပ်ပေးသော ဘုရားသခင်၏အလုပ်ကိုလည်း ပုံဆောင်ပါသည်။ ထိုသို့ဖြင့် ကျွန်တော်တို့သည် သန့်ရှင်းသူများဖြစ်လာကြသည်။

ကယ်တင်ခြင်းအား လက်တွေ့ရလာခြင်းကို ဗတ္တိဇံက ပုံဆောင်နေသ၍ အသုံးပြုသောရေက ခရစ်တော်၏အသွေးတော်ကိုသာ ပုံဆောင်ခြင်းမဟုတ်၊ ခရစ်တော်၏ဝိညာဉ်တော်ကိုလည်း ပုံဆောင်နေပါသည်။ ဝိညာဉ်တော်အားဖြင့်၊ ဝိညာဉ်တော်အထဲ၌ ကျွန်တော်တို့သည် ဆေးကြောခြင်း(ဗတ္တိဇံပြုခြင်း)ခံကြရပါသည်၊ အပြစ်မှခွင့်လွှတ်ခံရခြင်း၊ အပြစ်မှဆေးကြောပေးခြင်း နှစ်ခုစလုံးအတွက်ဖြစ်ပါသည်။

ထို့အတွက်ကြောင့် ကျမ်းစာက ဗတ္တိဇံကို ဝိညာဉ်တော်၏လက်ဆောင်ဟု ဖေါ်ပြရခြင်းဖြစ်သည် (မဿဲ ၃း၁၁၊ တမန် ၁း၅၊ ၁၁း၁၆၊ ၁ကော ၁၂း၁၃)။ ဗတ္တိဇံ၌သာ ဝိညာဉ်တော်သည် အပြစ်များအား ဆေးကြောပေးခြင်းတာဝန်ကို အဓိကဆောင်ရွက်ပေးပါသည်။ ဝိညာဉ်တော်က ကျွန်တော်တို့ထံ ခရစ်တော်၏အသွေးတော်ကို ရောက်လာစေပါသည်၊ ကျွန်တော်တို့ဖြောင့်မတ်ဖို့၊ သန့်ရှင်းခြင်းသို့ရောက်ဖို့ ဖြစ်သည်။ ထိုလုပ်ဆောင်ခြင်းကို ဝိညာဉ်တော်က မိမိကိုယ်မိမိ ကျွန်တော်တို့ထံ ပေးအပ်ခြင်းဖြင့် ဆောင်ရွက်သည်။ ထို့ကြောင့် ကယ်တင်ခြင်းရကြသောအခါ ကျွန်တော်တို့သည် အသွေးတော်အားဖြင့်သာ ဗတ္တိဇံခံကြရသည်မဟုတ်၊ ဝိညာဉ်တော်ထဲသို့ (သို့) ဝိညာဉ်တော်အားဖြင့်လည်း ဗတ္တိဇံခံကြပါသည်။

၎င်းက အတော်အရေးကြီးသော နောက်ဆက်တွဲရလဒ်များကို ဖြစ်လာစေပါသည်။ ပထမအနေနှင့် ၎င်းသည် ပဲန်တီကော်စတယ်လ်များ(ဝိညာဉ်အစွန်းရောက်ဂိုဏ်းများ (သို့) ဟာလေလုယဂိုဏ်းများ)၏ မှားယွင်းခြင်းကို ပေးသောအဖြေ ဖြစ်သည်။ ၎င်းတို့က မှားယွင်းစွာ ဝိညာဉ်တော်ဗတ္တိဇံသည် နောက်မှအထူးပေးရသည်ဟု သွန်သင်ကြသည်။ အမှန်မှာ ဝိညာဉ်တော်ဖြင့်ဗတ္တိဇံပေးခြင်းသည် ကယ်တင်ခြင်းရခြင်းပင်ဖြစ်ပါသည်။ ထိုအချက်ကို ကျမ်းစာက ရှင်းစွာသင်ပေးပါသည် (တမန် ၂း၃၈-၃၉၊ ရောမ ၅း၁-၅၊ ၈း ၉၊ ၁ကော ၁၂း၁၃ တို့ကို ယော ၇း၃၇-၃၉၊ ဂလာတိ ၃း၂၊ ဧဖက် ၁း၁၃-၁၄ တို့နှင့် နှိုင်းယှဉ်ဖတ်ကြည့်ပါ)။

ဗတ္တိဇံတွင်သုံးသောရေက ခရစ်တော်၏အသွေးတော်နှင့်ခရစ်တော်၏ဝိညာဉ်တော်ကို ပုံဆောင်သည်ဆိုလျှင် ကျမ်းစာက ဗတ္တိဇံပေးပုံကို သွန်းလောင်းခြင်း (သို့) ဖြန်းခြင်းဖြင့်သာ ဖော်ပြပါသည်။ ဤအမှန်တရားကို “ဗတ္တိဇံပေးပုံပေးနည်း”ဆိုသော ခေါင်းစဉ်တွင် ပိုမိုပြည့်စုံစွာ ပြောပြပါဦးမည်။ ကျွန်တော်တို့ညွှန်ပြချင်သည်မှာ ဗတ္တိဇံက အပြစ်များကို ယေရှုခရစ်တော်၏အသွေးတော်၊ ဝိညာဉ်တော်နှင့် ဖယ်ရှားပစ်ခြင်း၊ ဆေးကြောပစ်လိုက်ခြင်းကို လှပစွာပုံဆောင်နေပါက၊ ဗတ္တိဇံသည် ဘုရားသခင်၏ပဋိညာဉ်ထဲသို့ ကျွန်တော်တို့၏ဝင်ရောက်ကြခြင်းကို ပုံဆောင်နေပါသည်။ ကျေးဇူးတော်သက်သက်ကြောင့်သာ ဝင်ရောက်နိုင်ပါသည်၊ ခရစ်တော်ကသာ ဝင်ရောက်နိုင်ရန် ပြုလုပ်ပေးပါသည်။

**ဗတ္တိဇံမင်္ဂလာ၏ပုံဆောင်ချက်နှင့်တကယ့်အရှိတရားအကြောင်း(The Sign and Reality of Baptism)**

ကျွန်တော်တို့ ဗတ္တိဇံအကြောင်းကို ပြောဆိုကြခြင်းသည် ပဓါနကျလှပါသည်။ ဓမ္မသစ်ကျမ်းက ဗတ္တိဇံ ဆိုသည့်စကားလုံးကို နည်းလမ်းနှစ်မျိုးဖြင့် သုံးပါသည်။ ထိုအချက်ကို သတိမပြုကြသဖြင့် မကြာခဏ မှားနေကြခြင်းဖြစ်သည်။

တခါတရံ ကျမ်းစာက ဗတ္တိဇံဆိုသည်ကို ဘာသာရေးအခန်းအနား တခုအနေနှင့် သုံးတတ်ပါသည်၊ ၎င်းကို ကျွန်တော်တို့က ရေနှင့်ပေးသောဗတ္တိဇံဟုခေါ်လျှင် ရနိုင်ကောင်းပါသည်။ တကယ်တမ်းပြောရလျှင် ရေနှင့်ပေးသော ဗတ္တိဇံသည် ဗတ္တိဇံမဟုတ်ပါ၊ ဗတ္တိဇံ၏ ပုံဆောင်ချက်သာဖြစ်ပါသည်။ မမြင်ရသော၊ သို့သော် ဝိညာဉ်ရေးအရ တကယ်ရှိသော အရှိတရားကို ပြညွှန်သည့် သင်္ကေတသာဖြစ်ပါသည်။

သင်္ကေတ (သို့) ပုံဆောင်ချက်တို့နှင့် ခြားနားနေသည့် ဗတ္တိဇံ၏ တကယ့်အရှိတရားမှာ ယေရှုခရစ်တော်၏ အသွေးတော်၊ ဝိညာဉ်တော်ဖြင့် အပြစ်များကို ဆေးကြောပစ်လိုက်ခြင်းဖြစ်ပါသည်။ ၎င်းသည် ဗတ္တိဇံ၏ တကယ့်အရှိတရားဖြစ်သည်၊ ရေဖြင့်ပေးသောဗတ္တိဇံမှာ ၎င်းကို ပုံဆောင်ဖော်ပြခြင်းမျှသာ ဖြစ်ပါသည်။ ထိုသို့ ဗတ္တိဇံကို ဝိညာဉ်ရေးရာ ရှုထောင့်မှ ကြည့်လျှင်၊ ဗတ္တိဇံက ကျွန်တော်တို့ကို ကယ်တင်ပါသည်ဟု ပြောခြင်းသည် သင့်တော်ကောင်းမွန်သော ပြောဆိုခြင်းဖြစ်ပါသည် (၁ပေ ၃း၂၁)။

ဓမ္မသစ်ကျမ်းစာက ထိုဝိညာဉ်ရေးရာအရှိတရားကို ကျမ်းပိုဒ်အမြောက်အများနှင့် ပြောပြပါသည်။ ထိုကျမ်းပိုဒ်များတွင်သုံးသော ဗတ္တိဇံဆိုသည့်စကားလုံးက ပုံဆောင်ချက်ဖြစ်သည့် ရေဖြင့်ပေးသောဗတ္တိဇံကို ပြောနေကြခြင်းမဟုတ်ပါ။ ထိုကျမ်းပိုဒ်များထဲမှ ထင်ရှားသောကျမ်းပိုဒ်များမှာ ရောမ ၆း၃-၆၊ ၁ကော ၁၂း၁၃၊ ဂလာတိ ၃း၂၇၊ ဧဖက် ၄း၅၊ ကောလောသဲ ၂း၁၂ တို့ဖြစ်ကြသည်။ ထိုကျမ်းပိုဒ်များအားလုံးက ဝိညာဉ်တော်၌ (သို့) ဝိညာဉ်တော်နှင့် ဗတ္တိဇံပေးခြင်းအကြောင်းကို ပြောကြပါသည်။

ထိုကျမ်းပိုဒ်မှ မည်သည်ကမျှ ရေဖြင့်ပေးသော ဗတ္တိဇံအကြောင်းကို မပြောပြကြပါ။ ထိုအချက်ကို သတိမရလျှင် ကျွန်တော်တို့သည် များစွာသောအမှားများသို့ ကျဆုံးကြမည်ဖြစ်သည်။ အဆုံးသတ်တွင် ရေက ကယ်တင်သည်ဟု ပြောသည်အထိ မှားကြမည်ဖြစ်ပါသည် (၁ပေ ၃း၂၁)။ (သို့) ရေက ကျွန်တော်တို့ကို ခရစ်တော်နှင့်ဆက်သွယ်ခြင်း၊ ခရစ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်းတို့သည့် ပို့ဆောင်သည်ဟု မှားယွင်းစွာ နိဂုံးဆွဲကြမည်ဖြစ်ပါသည် (၁ကော ၁၂း၁၃)။

ဗတ္တိဇံခံကြသူအားလုံးက ဗတ္တိဇံ၏တကယ့်အရှိတရားကို လက်မခံကြရပါ ဆိုသည့်အချက်က၊ သင်္ကေတနှင့် တကယ့်အရှိတရားတို့အကြား ခြားနားမှုကို သက်သေပေးကြပါသည်။ ထို့အတူ ရေဖြင့် ဗတ္တိဇံပေးခြင်းကို လက်မခံသူမှန်သမျှသည် ကျွန်တော်တို့အား ကယ်တင်ခြင်းကိုပေးသည့် ဗတ္တိဇံ၏ ဝိညာဉ်ရေးရာ တကယ့်အရှိတရားကို လက်လွှတ်ကြရခြင်း မဖြစ်ပြန်ပါ။

မည်သို့ပင်ဖြစ်ပါစေ၊ ထိုနှစ်ခုကြားတွင် ဆက်စပ်နေမှု ရှိနေပါသည်။ တခုသည် အခြားတခု၏ သင်္ကေတ၊ ပုံဆောင်ချက် ဖြစ်ပါသည်။ ထိုအချက်ကို မမေ့ရပါ။ “ရှီကာဂိုမြို့သို့”ဟုပြထားသော သင်္ကေတ(ဆိုင်းဘုတ်)က၊ တကယ်တမ်းတွင် “ဟူစတမ်မြို့”ကိုသာ ရောက်စေလျှင် ထိုသင်္ကေတသည် အမှားသာဖြစ်သည်၊ ဘာမှအသုံးမဝင်နိုင်ပါ။ လိမ်ညာခြင်းသာ ဖြစ်ပါမည်။ ထို့ကြောင့် ကျွန်တော်တို့အတွက် တကယ်အသုံးဝင်သော သင်္ကေတဆိုလျှင် တကယ့်အရှိတရားကို

ညွှန်ပြရပါမည်။ ထိုကဲ့သို့ သင်္ကေတနှင့် တကယ့်အရှိတရားတို့သည် ဆက်စပ်နေကြရပါမည်။ သင်္ကေတက တကယ့်အရှိတရားနှင့် ကိုက်ညီရမည်၊ ထို့အတူ တကယ့်အရှိတရားကလည်း သင်္ကေတနှင့် ကိုက်ညီမှုရှိရမည်သာ ဖြစ်ပါသည်။

ဥပမာ၊ မည်သည့်ပုံစံဖြင့် ဗတ္တိဇံကိုပေးသည့်အခါ ရေကိုသုံးရမည်နည်း?ဟု မေးသောအခါ၊ ဝိညာဉ်ရေးရာဗတ္တိဇံအား မည်သို့ ခံယူရရှိကြပါသနည်း? ဆိုသည်ကိုလေ့လာ၍ အတိုင်းအတာတခုထိ အဖြေပေးနိုင်ပါမည်။ အကယ်၍ "ကျွန်တော်တို့သည် ခရစ်တော်၏အသွေးတော်နှင့် ဝိညာဉ်တော်ဗတ္တိဇံကို မည်သို့ ခံကြရပါသနည်း?ဟု မေးလျှင်၊ ကျမ်းစာ၏အဖြေမှာ "ဖြန်းခြင်း (သို့) သွန်းလောင်းခြင်းဖြင့်" ဟူ၍ဖြစ်ပါမည်။ ထိုသို့အဖြေပေးခြင်းတွင် သင်္ကေတနှင့် တကယ့်အရှိတရားတို့သည် ကိုက်ညီမှုမရှိလျှင် ဖြေသောအဖြေတို့သည် လမ်းမှားသို့ပို့လျှင်ပို့ (သို့) အူကြောင်ကြောင်အဖြေများသာ ဖြစ်နေပါတော့မည်။

ထိုသို့ပင် တကယ့်အရှိတရားကလည်း သင်္ကေတနှင့်အကိုက် ဖြစ်ဖို့လိုပါသည်။ သို့မဟုတ်ပါက၊ မုန့်ကိုစားခြင်း၊ စပျစ်ဝိုင်ကို သောက်ခြင်းတို့က သင်္ကေတအမှတ်လက္ခဏာအဖြစ် ခရစ်တော်၏သေခြင်းကို ပုံဆောင်ကြမည်မဟုတ်ပါ။ ထိုသင်္ကေတအမှတ်လက္ခဏာက သန့်စင်ပေးခြင်းကိုလည်း ဖော်ပြပေးရမည်ဖြစ်ပါသည်။

ခရစ်တော်က တကယ့်အရှိတရားကို ယုံကြည်နိုင်ရန်၊ နားလည်နိုင်ရန် ကူညီသည့်အနေနှင့် သင်္ကေတအမှတ်လက္ခဏာတို့ကို ပေးထားခဲ့ပါသည်။ "တကယ်ပင် တစုံတရာက ကျွန်တော့်အပြစ်များကို၊ တခုမှမကျန်အောင်၊ စင်ကြယ်အောင် ဆေးကြောပေးနိုင်ပါသလား?ဟု ကျွန်တော်မေးသည်ဆိုလျှင်၊ ယုံဖို့သိပ်ကိုများလွန်းနေပါသည်။ ကျွန်တော့်အပြစ်များ များလွန်းလှသည်၊ ကြီးလွန်းနေကြပါသည်။ ထိုအခါ ဗတ္တိဇံမင်္ဂလာ၏ သင်္ကေတအမှတ်လက္ခဏာက "ခန္ဓာကိုယ်၏ အညစ်အကြေးများသည် ရေနှင့်ဆေးကြောခြင်းဖြင့် စင်ကြယ်သွားသလို၊ အပြစ်များကိုလည်း သခင်ခရစ်တော်၏ ဝိညာဉ်တော်နှင့်အသွေးတော်က ဖယ်ရှားပစ်ပါသည်"ဟု ပြောပြပါသည်။ ထိုသို့ ဗတ္တိဇံက ကျွန်တော့်ယုံကြည်ခြင်းကို ခရစ်တော်နှင့် သူ၏ယဇ်ပူဇော်ခြင်းအား ကိုးစားရန် အားပေးပါသည်။

## ဗတ္တိဇံ၏အဓိပ္ပါယ်(The Meaning of Baptism)

ဓမ္မသစ်ကျမ်းစာမှ ဗတ္တိဇံဆိုသောစကားလုံးအတွက် အချို့က "မြုပ်သည်/နှစ်သည်" (သို့) "မြုပ်သည်" ဆိုသောအဓိပ္ပါယ်သာရှိသည်ဟု ပြောတတ်ကြပါသည်။ ဗတ္တိဇံမည်သို့ပေးရမည် ဆိုသောမေးခွန်းထဲသို့ မဝင်သေးဘဲ၊ ထိုစကားလုံး၏ အဓိပ္ပါယ်ကို အနည်းငယ်လေ့လာခြင်းက ထိုသို့ထင်မြင်ခြင်း မမှန်ကြောင်း ပြပါလိမ့်မည်။

ထိုလေ့လာခြင်းက ဓမ္မသစ်ကျမ်းပိုဒ်အများတွင် ဗတ္တိဇံဆိုသောစကားလုံးက "နှစ်သည်/မြုပ်သည်" ဆိုသော အဓိပ္ပါယ် မရှိယုံမက၊ ထိုအဓိပ္ပါယ်နှင့် ဘာသာပြန်၍ပင် မရခြင်းကို ပြောပြပါမည်။ ထို့ကြောင့်၊ ကျွန်တော်တို့ တောင်းဆိုချင်သည်မှာ၊ တဖက်သတ်မဆန်ဘဲ၊ ကျွန်တော်တို့ဖက်မှ ပြောဆိုခြင်းကို နားထောင်ပေးဖို့ ဖြစ်ပါသည်။ ထိုသို့ဖြင့် ကျွန်တော်တို့သည် လူတို့၏ ဓလေ့ထုံးစံများကို လိုက်နာကြသူများ မဟုတ်ကြဘဲ၊ အမှန်တရားကို ဂရုထားကြသဖြင့် ဗတ္တိဇံကို နှစ်ခြင်းဖြင့် မပေးကြခြင်းဖြစ်သည်ကို နားလည်ကြပါမည်။ အောက်တွင်ဖော်ပြမည့် ကျမ်းပိုဒ်များတွင် ဗတ္တိဇံ ဆိုသည့်စကားလုံးက "နှစ်ခြင်း"ဟု အဓိပ္ပါယ်မရပါ။

မာကု ၁၀း၃၈-၃၉ "ယေရှုကလည်း၊ သင်တို့သည် အဘယ်သို့တောင်းပန်သည်ကို သင်တို့မသိကြ၊ ငါသောက်သောခွက်ကို သောက်ခြင်းငှါရှင်၊ ငါခံသော ဗတ္တိဇံကို ခံခြင်းငှါရှင်၊ သင်တို့သည် တတ်စွမ်းနိုင်သလောဟု မေးတော်မူလျှင်၊ အကျွန်ုပ်တို့သည် တတ်စွမ်းနိုင်ပါ၏ဟု လျှောက်ကြသော်၊ ယေရှုက၊ ငါသောက်သောခွက်ကို သင်တို့သည် သောက်ရကြလိမ့်မည်။ ငါခံသောဗတ္တိဇံကိုလည်း သင်တို့သည် ခံရကြလိမ့်မည်။" ဤကျမ်းပိုဒ်က ဗတ္တိဇံဆိုသောစကားလုံးကိုသုံးပါသည်၊ သို့သော် ၎င်းကို "နှစ်ခြင်း"ဟုနားလည်လျှင် ဘာမှအဓိပ္ပါယ် ရှိတော့မည်မဟုတ်ပါ။ သခင်ယေရှုပြောနေသည်မှာ သူ၏ဝေဒနာခံစားခြင်းနှင့်အသေခံခြင်းကိုဖြစ်သည် (လုကာ ၁၂း၅၀ ကိုလည်းကြည့်ပါ)။ ခရစ်တော်သည် ဝေဒနာခံစားခြင်း၊ သေခြင်းတို့၌ နစ်နေသည်ဟုပြောခြင်းသည် အဓိပ္ပါယ်မရှိပါ။

၁ကော ၁၀း၂ "ထို့အပြင် သူတို့အားလုံးသည် မောရှေထံ၌ မိုးတိမ်ထဲ၌၎င်း၊ ပင်လယ်ထဲ၌၎င်း ဗတ္တိဇံ ခံခဲ့ကြပါသည်၊" ဤကျမ်းပိုဒ်က အစ္စရေးများ မောရှေထံသို့ ဗတ္တိဇံခံကြခြင်းအကြောင်းကို ပြောပါသည်။ မူရင်းဂရိကျမ်းစာအတိုင်း ပြောရလျှင်၊ အစ္စရေးတို့သည် မောရှေထဲသို့ မိုးတိမ်၊ ပင်လယ်အားဖြင့် ဗတ္တိဇံခံကြသည်ဟု ဖတ်ရပါမည်။ ထိုသို့ဆိုလျှင် ကျမ်းပိုဒ်က "သူတို့သည် မောရှေထဲ၌ နှစ်မြုပ်ခြင်း ခံကြသည်ဟု ပြောနေခြင်း ဖြစ်နိုင်ပါမည်လော? ထို့ကြောင့် ဗတ္တိဇံဆိုသောစကားလုံးသည် နှစ်ခြင်းမဟုတ်ပါ၊ အခြားအဓိပ္ပါယ်သာ ရပါသည်။

၁ကော ၁း၁၃ "ခရစ်တော်သည် ကွဲပြားနေပါသလော? ပေါလ်သည် သင်တို့အတွက် လက်ဝါးကပ်တိုင်ပေါ် အသေခံပါသလော? (သို့) သင်တို့သည် ပေါလ်၏နာမည်နှင့် ဗတ္တိဇံခံကြပါသလော?" ဤနေရာ၌ ပေါလုက ၁ကော၁၀း၂

တွင် အသုံးပြုပုံနှင့်တူညီသောစကားလုံးကို သုံးထားပါသည်။ သခင်ယေရှုကလည်း မဿဲ ၂၈း၁၉ တွင် ထိုသို့ပြောခဲ့ပါသည်။ ထို့ကြောင့် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်နာမ၌ ဗတ္တိဇံပေးခိုင်းခြင်းဖြစ်သည်၊ နှစ်ခြင်းပေးခိုင်းခြင်း မဟုတ်ပါ၊ ထို့အတူ အခြားသော နာမည်နှင့်လည်း ပေး၍မရနိုင်ပါ။

၁ကော ၁၂း၁၃ "အဘယ့်ကြောင့်ဆိုသော် ဝိညာဉ်တခုတည်းဖြင့် ငါတို့အားလုံး တခုသောခန္ဓာသို့ ဗတ္တိဇံခံကြပါသည်၊ ငါတို့သည် ဂျူးဖြစ်စေ၊ တပါးအမျိုးသားဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လွတ်လပ်သူဖြစ်စေ၊ အားလုံးကို တခုတည်းသော ဝိညာဉ်အား သောက်သုံးရန် ပြုထားခြင်းခံကြရပါသည်။" ကျမ်းစာက ကျွန်တော်တို့အားလုံး ကိုယ်ခန္ဓာတခုတည်း၌ နှစ်မြုပ်နေကြသည်ဟု ပြောနေပါသလော? ထိုသို့ပြောလျှင် အတော်အဓိပ္ပါယ်မရှိသောစကား ဖြစ်နေပါမည်။ ကျမ်းပိုဒ်ကိုယ်၌က ပြောသည်မှာ နှစ်ခြင်းမဟုတ်ပါ၊ သောက်သုံးခြင်းကို ပြောနေခြင်းဖြစ်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်နှင့် (သို့) သန့်ရှင်းသောဝိညာဉ်တော်သို့ ဗတ္တိဇံကိုခံကြသည်ဆိုသော ကျမ်းပိုဒ်များကလည်း နှစ်ခြင်းကို မရည်ညွှန်းကြပါ၊ ထိုမှဆန့်ကျင်စွာ သွန်းလောင်းခြင်း၊ ယိုစီးခြင်း၊ (သို့) ဖြန်းခြင်းတို့ကိုသာ ရည်ညွှန်းပါသည် (တမန် ၁း၅၊ ၂း၁၇-၁၈)။ ကျွန်တော်တို့သည် ဝိညာဉ်တော်ထဲသို့ နှစ်ခြင်းမခံကြပါ။

သို့ဆိုလျှင် ဗတ္တိဇံဆိုသည်မှာ အဘယ်နည်း? ဗတ္တိဇံဆိုသောစကားလုံး၏ အဓိပ္ပါယ်မှန်မှာ "နှစ်မျိုးသော အရာတို့ကို နီးနိုင်သမျှ အနီးကပ်ဆုံးသို့ ဆောင်ယူခြင်းဖြစ်သည်၊ ထိုသို့ဖြင့် တခုသောအရာ၏ အခြေအနေသည် နောက်တခု၏အခြေအနေသို့ ပြောင်းသွားသည်" ဟူ၍ဖြစ်ပါသည်။ ဗတ္တိဇံဆိုသောစကားလုံးက ထိုဖြစ်ပျက်ခြင်း မည်သို့ဖြစ်သနည်းဆိုသည့်နည်းလမ်းကို ပြောမပြပါ၊ ဖြန်းခြင်း၊ သွန်းလောင်းခြင်း၊ နှစ်ခြင်း၊ (သို့) အခြားသောနည်းလမ်းတခုခု ဘာကိုမှ ပြောမပြပါ။

ထို့ကြောင့် ၁ကော ၁၀း၂ ကပြောသကဲ့သို့၊ မောရှေထဲသို့ ဗတ္တိဇံခံခြင်း ဆိုသည်မှာ ဘုရားသခင်ကခန့်အပ်ထားသော ကြားဝင်ဖြန်ဖြေသူအနေနှင့် အစ္စရေးလူတို့သည် မောရှေနှင့်ဆက်ဆံဖို့ရန် ခေါ်ဆောင်ခြင်းကိုခံကြရသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထိုအခါ သူတို့၏အခြေအနေ ပြောင်းသွားပါသည်၊ ကျွန်ဘဝမှနေ၍ လွတ်လပ်သူများအဖြစ်သို့ ဖြစ်သည်။ ခရစ်တော်သည် သေခြင်းနှင့် ဗတ္တိဇံပေးခြင်း ခံရသည်၊ သေခြင်းအောက် နှစ်သွားသည်ဟု ဆိုလိုခြင်းမဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ သေခြင်းနှင့် နီးကပ်နိုင်သမျှ အနီးကပ်ဆုံးအခြေအနေသို့ ဆက်ဆံခြင်းကို ဆိုလိုပါသည်။ ထိုသို့ဖြင့် သူ၏အခြေအနေသည် ပြောင်းသွားပါသည်၊ ကျွန်တော်တို့အတွက် ဘုရားသခင့်ရှေ့တွင် အပြစ်ရှိသူအဖြစ်မှနေ၍၊ ကျွန်တော်တို့ကိုယ်စား ဖြောင့်မတ်သူ ဖြစ်လာပါသည်။

ရောမသြဝါဒစာ ၆း၁-၆ က ကျွန်တော်တို့သည် ခရစ်တော်၏သေခြင်းနှင့်ပြန်လည်ရှင်ပြန်ထမြောက်ခြင်းထဲသို့ ဗတ္တိဇံခံကြသည်ဟု ပြောသောအခါ၊ ကျွန်တော်တို့သည် ထိုအဖြစ်အပျက်ထဲသို့ နှစ်ခြင်းခံကြခြင်းကို ပြောသည်မဟုတ်ပါ။ ပြောချင်သည်မှာ ယုံကြည်ခြင်းဖြင့် ကျွန်တော်တို့သည် ခရစ်တော်၏အသေခံခြင်း၊ ထမြောက်ခြင်းတို့နှင့် ဆက်သွယ်မှုရကြသည်၊ ထိုသို့ဖြင့် ကျွန်တော်တို့၏အခြေအနေများသည် ပြောင်းသွားကြပြီဖြစ်ခြင်းကို ဆိုလိုပါသည်။ ၄င်းသည် ယုံကြည်သူတို့အတွက် ဗတ္တိဇံ၏အဓိပ္ပါယ်နှင့် တကယ့်အရှိတရား ဖြစ်ပါသည်။

### ဗတ္တိဇံပေးပုံပေးနည်းအကြောင်း(The Mode of Baptism)

ဗတ္တိဇံပေးပုံပေးနည်းကို ပြောကြသောအခါ၊ ကျွန်တော်တို့သည် မည်သူနှင့်မျှ ရန်ဖက်မဖြစ်လိုကြပါ၊ ခရစ်တော်၏အသင်းတော်ထဲ ကွဲပြားမှုကို မဖြစ်စေချင်ကြပါ။ ကျွန်တော်တို့၏ အနက်ရှိုင်းဆုံးဆန္ဒမှာ ထိုအချက်အပေါ် ညီညွတ်သောအမြင် ရှိလာရန်ဖြစ်သည်။ အထူးသဖြင့် ကျွန်တော်တို့နှင့် အမြင်မတူသောသူတို့အပေါ်တွင် ဖြစ်သည်။

တခါတရံ ကျွန်တော်တို့ကြားရတတ်သည်မှာ၊ ကလေးငယ်များကို ဖြန်းခြင်းနှင့်ဗတ္တိဇံပေးဖို့ ကျမ်းစာအခြေခံမရှိပါ ဟူ၍ဖြစ်သည်။ ထိုကျင်သုံးမှုသည် ရိုမန်ကက်သလစ်အသင်းတော်တို့၏ ကျင့်သုံးမှုကို ဆက်လက်ကျင့်သုံးကြခြင်းသာဖြစ်သည်ဟု ပြောတတ်ကြပါသည်။ ခရစ်ယာန်စာအုပ်ဈေးကွက်တွင်၊ ကဲဗင်းသြဝါဒကို ဆန့်ကျင်သော စာအုပ်အများရှိပါသည်၊ ၄င်းတို့က အကယ်၍အသင်းတော်တခုသည် ကလေးများကိုဗတ္တိဇံပေးလျှင် ထိုအသင်းတော်သည် အခြားသောအကြောင်းအရာများတွင် မှားနေပါမည်ဟု ယူဆနေကြပါသည်။

ဗတ္တိဇံပေးပုံပေးနည်းနှင့်ပတ်သက်၍ ဖြန်းခြင်းဖြင့်ပေးခြင်းသည် ကျမ်းစာအခြေခံရှိယုံမျှမက၊ ၄င်းသည် ကျမ်းစာက ထောက်ခံနေသည့် တခုတည်းသော ပေးပုံပေးနည်းလည်းဖြစ်ပါသည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ ထိုအမှန်တရားကို အနီးကပ် ကြည့်ကြရအောင်။

ဖြန်းခြင်းဖြင့် ဗတ္တိဇံပေးခြင်းသည် ကက်သလစ်အသင်းတော်၏ကျင့်သုံးမှုကို ဆက်လက်ခံယူခြင်းဖြစ်သည် ဆိုသော စွပ်စွဲချက်ကိုကြည့်လျှင် ၄င်းသည် အကျိုးသင့်အကြောင်းသင့်ပြောဆိုချက် လုံးဝမဟုတ်သည်ကိုတွေ့ရပါသည်။ အ

ဘယ့်ကြောင့်ဆိုသော် ကက်သလစ်တို့ယုံကြည်သမျှကို ပရိုတက်စတင့်တို့က ပစ်ပယ်ရမည်ဆိုလျှင်၊ သုံးပါးတဆူအကြောင်းကိုလည်း လွှင့်ပစ်ရတော့မည် ဖြစ်ပါသည်။ ထို့အပြင် ကက်သလစ်အသင်းတော်၏ ကလေးငယ်များအား ဗတ္တိဇံပေးခြင်းပုံစံတွင် "ဗတ္တိဇံပေးသူက ကလေးငယ်ကို ရေ၌နှစ်ခြင်းပေးရမည် (သို့) ရေဖြင့်သွန်းလောင်းရမည်"ဟု ရေးထားပါသည်။ ထို့ကြောင့် ကက်သလစ်များလည်း နှစ်ခြင်းပေးကြပါသည်။ ထို့ကြောင့် ဖြန်းခြင်းသည် ကက်သလစ်ဖြစ်သည်ဟု စွပ်စွဲခြင်းသည် အတော်နားမလည်သူတို့၏ ပြောဆိုခြင်းဖြစ်၍ ဘေးဖယ်ထားလိုက်ပါမည်။

ဖြန်းခြင်း (သို့) သွန်းလောင်းခြင်းသည် ကျမ်းစာအခြေခံသော ကျင့်သုံးမှုဖြစ်သည်။ သက်သေအများရှိသည်၊ မှားကိုမမှားနိုင်။ ကျွန်တော်တို့ အောက်ပါအချက်များကို ညွှန်ပြချင်ပါသည်။

ဓမ္မဟောင်းကာလမှ ဝတ်ပြုခြင်းဆိုင်ရာများအားလုံးကို ဖြန်းခြင်း (သို့) သွန်းလောင်းခြင်းဖြင့်သာ ကျင့်သုံးခဲ့ကြသည်။ ၎င်းတို့သည် စစ်မှန်သောဗတ္တိဇံဖြစ်ကြကြောင်း ဟေဗြဲသြဝါဒစာ ၉း၁၀ အရရှင်းနေသည်။ ၎င်းကို ဓမ္မသစ်ကျမ်းစာတွင် ဗတ္တိဇံဟု သုံးထားပါသည်။

သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဗတ္တိဇံပေးခြင်း၊ ၎င်းကို ရေဖြင့်ပေးသောဗတ္တိဇံက ပုံဆောင်သည်၊ ကျမ်းစာတွင် ထိုအကြောင်းကို အမြဲတမ်း ဖြန်းခြင်းဖြင့်သာ ဖော်ပြသည် (ယောရှာ ၅၂း၁၅၊ ဟေဗြဲ ၁၀း၂၂၊ ၁၂း၂၄၊ ၁ပေ ၁း၂)။

ဓမ္မဟောင်းကာလမှ ဗတ္တိဇံကို နိမိတ်ပုံပြသည့် ကြီးမြတ်သောပုံဆောင်ခြင်းများအားလုံးသည် နှစ်ခြင်းမဟုတ်ကြပါ၊ ၎င်းတို့ကို ဓမ္မသစ်ကျမ်းတွင် ဗတ္တိဇံဟုခေါ်ထားပါသည် (၁ကော ၁၀း၂၊ ၁ပေ ၃း၂၀-၂၁)။ အမှန်အတိုင်းပြောရလျှင် ဗတ္တိဇံအကြောင်းကို နိမိတ်ပုံပြသနေခြင်းခေတ်က နှစ်ခြင်းခံသူတို့တော့ရှိကြပါသည်၊ ၎င်းတို့မှာ ဖါရောဘုရင်နှင့် သူ၏စစ်တပ်ကြီးဖြစ်သည်၊ နောဧလက်ထက်က ရေလွှမ်းမိုးစဉ် ဆိုးညစ်သောကမ္ဘာကြီးလည်း နှစ်ခြင်းခံကြပါသည်။ ထို့အတူ ဆိုးယုတ်သူများလည်း ငရဲမီးအိုင်ကြီးတွင် နှစ်ခြင်းခံကြဦးမည်ဖြစ်ပါသည်။ ထို့ကြောင့် နှစ်ခြင်းခံခြင်းသည် တရားစီရင်ခံရခြင်း၏ နိမိတ်ပုံသာဖြစ်ပါသည်၊ ကယ်တင်ခြင်းရခြင်း၏နိမိတ်ပုံတော့ မဟုတ်ပါဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။

## အီသီယိုပီးယန်းအမတ်နှင့်သခင်ယေရှုတို့၏ဗတ္တိဇံမင်္ဂလာအကြောင်း

(The Baptism of the Ethiopian Eunuch and of Jesus)

ဗတ္တိဇံ ပေးပုံပေးနည်းအကြောင်းကို ဆက်လက်လေ့လာကြသည့်အနေနှင့်၊ အီသီယိုပီးယန်းအမတ်၏ ဗတ္တိဇံခံခြင်း(တမန် ၈)နှင့် သခင်ယေရှု၏ဗတ္တိဇံခံခြင်း(မဿဲ ၃၊ မာကု ၁)တို့ကို ဆက်လေ့လာပါမည်။ ထိုအဖြစ်အပျက်နှစ်ခုကို နှစ်ခြင်းအားဖြင့်ဗတ္တိဇံ ပေးခြင်းအား အရှင်းလင်းဆုံးပြောပြနေချက်များဟု အတော်များများကယူဆနေကြပါသည်။

အမတ်၏ဗတ္တိဇံ၊ "ရေသို့ဆင်းသွားသည်၊" ထို့နောက် "ရေမှပြန်တက်လာသည်" ဆိုသောစကားစုများကို ကြည့်လျှက်၊ အမတ်မင်းသည် နှစ်ခြင်းခံရမည်ဟု ယူဆကြပါသည် (တမန် ၈း၃၈-၃၉)။ ထိုအယူအဆတွင် ပြဿနာ နှစ်မျိုးရှိသည်။

ပြဿနာတခုမှာ အသုံးပြုသောဝိဘတ် ဖြစ်ပါသည် - "သို့"(into) ဆိုသောစကားလုံးနှင့် "မှ"(out of) ဆိုသောစကားလုံးဖြစ်သည်။ ၎င်းတို့က နှစ်ခြင်းဖြစ်သည်ဟု လုံးဝမပြောပြကြပါ။ အမှန်ပြောရလျှင် ထိုစကားလုံးတို့က ဗတ္တိဇံပြုခြင်းကို မပြောပြကြပါ၊ ဗတ္တိဇံ ပြုခါနီးချိန်နှင့် ပြုပြီးချိန်တို့ကိုသာ ဖော်ပြကြပါသည်။ တမန်တော်(၈)တွင် ထိုစကားလုံးတို့က အမတ်မင်းနှင့်ဖိလစ် နှစ်ဦးစလုံးအတွက် သုံးထားခြင်းဖြစ်သဖြင့်၊ ဗတ္တိဇံသည် နှစ်ခြင်းဟု ပြော၍မဖြစ်နိုင်ပါ။ ထိုသို့ပြောလျှင် အမတ်မင်းသာမက၊ ဖိလစ်ပါ နှစ်ခြင်းခံသလို ဖြစ်သွားပါမည်။ အဘယ့်ကြောင့်ဆိုသော် ဖိလစ်သည်လည်း ရေသို့ဆင်းသွား၍၊ ရေမှပြန်တက်လာသည်ဟု ပြောထားသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ထို ဝိဘတ်နှစ်လုံးက နှစ်ဦးစလုံးသို့ သဒ္ဒါသဘောအရ သက်ဆိုင်နေ၍၊ နှစ်ဦးစလုံးဆင်း၍ တဦးကတဦးကို နှစ်ခြင်းဖြင့် ဗတ္တိဇံပေးကာ နှစ်ဦးအတူ ပြန်တက်လာကြသည် ဆိုသည်မျိုး ပြော၍မရပါ။ (မြန်မာသဒ္ဒါအတွက်တော့ ရနိုင်ပါသည်၊ ထိုသို့ပင် ယုဒသန်ဘာသာပြန်တွင် တွေ့နိုင်ပါသည်၊ သို့သော် ဂရိသဒ္ဒါအရ မဖြစ်နိုင်ပါ၊ နှစ်စလုံး တူညီသောအပြုအမူကို ပြုမူသည့်အခါတွင်သာ ထိုသို့ တူညီသောဝိဘတ်ကို အသုံးပြုနိုင်ပါသည်။ ဘာသာပြန်သူ)

အဆုံးတွင် သခင်ယေရှု၏ဗတ္တိဇံကို ကြည့်ပါမည်။ ကျမ်းစာအရကြည့်လျှင် သခင်ယေရှုသည် မည်သည့်အခါတွင်မှ နှစ်ခြင်းမခံခဲ့ပါ။ ထို့ကြောင့် မဿဲ ၃၊ မာကု ၁ တို့တွင်ပြောပြသော သခင်ယေရှု၏ ဗတ္တိဇံခံခြင်း အချက်အလက်များကို ကြည့်ကြပါမည်။

မာကု ၁ တွင်သုံးသော ဂရိစကားလုံးသည် တမန် ၈ တွင်သုံးသည်နှင့် အတူတူဖြစ်သည်။ မဿဲ ၃း၁၆ တွင် ခြားနားသော ဝိဘတ်ကိုသုံးပါသည်။ ဂရိဘာသာဖြင့် "အားပို"ခေါ်သော ဝိဘတ်ကိုသုံးရာ၊ ၎င်းကို ကျမ်းစာတွင် "မှ"ဟူ၍ ၃၇၂ ကြိမ် ဘာသာပြန်သည်၊ "မှ---ထွက်"ဟူ၍ ၂၇ ကြိမ် ဘာသာပြန်ပါသည်။

ထို့အပြင် သခင်ယေရှု၏ဗတ္တိဇံအတွက် ထည့်သွင်းစဉ်းစားရန် အချက်အလက်များ ရှိပါသေးသည်။ သူသည် အသက်(၃၀) ပြည့်ချိန်တွင်၊ ယဇ်ပုရောဟိတ်တဦး၏ ရေဖြင့်ဗတ္တိဇံပေးခြင်းကို ခံယူကြောင်း မေ့နေ၍မဖြစ်ပါ။ သူ့အားဗတ္တိဇံပေးသော ယောဟန်၏ဖခင်သည် ယဇ်ပုရောဟိတ်တဦးဖြစ်သည်၊ ထို့ကြောင့် သူ၏သားယောဟန်လည်း ယဇ်ပုရောဟိတ်ဖြစ်သည် (လုကာ ၃း၂၃၊ လုကာ ၁း၅၊ ၁၃)။ ဗတ္တိဇံခံချိန်တွင် သခင်ယေရှုက "အလုံးစုံသောတရားတို့ကို အကုန်အစင် ကျင့်သင့်သည်ဖြစ်၍၊ ယခုအခွင့်ပေးပါ"ဟု ပြောခဲ့ပါသည် (မဿဲ ၃း၁၅)။ (မူရင်းမှဘာသာပြန်ရလျှင်၊ "ငါတို့တွေ၊ အားလုံးသောဖြောင့်မတ်ခြင်းတို့ကို ပြည့်စုံစေရမည်")

သခင်ယေရှုက ဗတ္တိဇံခံခြင်းဖြင့် "အားလုံးသောဖြောင့်မတ်ခြင်းတို့ကို ပြည့်စုံစေသည်"ဆိုသည်မှာ ဘုရားသခင်၏ ပညတ်ဥပဒေသက တောင်းဆိုသည်ကို ပြည့်စုံအောင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ မည်သည့် ပညတ်ဖြစ်မည်နည်း? ယဇ်ပုရောဟိတ်တဦးကို ခန့်အပ်ခြင်းဥပဒေသ ဖြစ်ပါသည်။ ယဇ်ပုရောဟိတ်တဦးသည် အသက်(၃၀)ပြည့်မှ တရားဝင် ခန့်အပ်ခြင်း ခံရပါသည် (တောလည်ရာ ၄း၃၊ ၄၇)။ ထိုအချိန်တွင် သူ့ကို အခြားယဇ်ပုရောဟိတ်တပါးက ခန့်အပ်မှုကို ပြုပေးရသည် (ထွက် ၂၉း၉၊ တောလည် ၂၅း၁၃)။ ထိုခန့်အပ်မှုကို ရေဖြင့်ဖြန်းခြင်းဖြင့် ပြုလုပ်ရသည် (တောလည် ၈း၆-၇)။

ထို့ကြောင့်၊ ထိုပညတ်၏တောင်းဆိုချက်ကို ပြည့်စုံစေသည့်အနေနှင့် ခရစ်တော်သည် အခြားနည်းဖြင့် ဗတ္တိဇံယူ၍မရပါ၊ ဖြန်းခြင်းဖြင့်သာ ဗတ္တိဇံယူခဲ့ခြင်း ဖြစ်သည်။ ထိုသို့မဟုတ်လျှင် သူသည် ပညတ်ကို ပြည့်စုံစေရာ မရောက်ဘဲ၊ ဖျက်ဆီးပစ်သူသာ ဖြစ်လာပါမည်။ ထို့ကြောင့် ခရစ်တော်၏ဗတ္တိဇံက နှစ်ခြင်းဖြင့် ဗတ္တိဇံပေးရမည် ဆိုခြင်းကို မထောက်ခံယုံသာမကပါ၊ အတိအကျကို ဆန့်ကျင်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ကဲ့သို့ မယုံသူများ ဤအချက်များကို သေချာစွာ စဉ်းစားကြရန် တောင်းဆိုလိုက်ပါသည်။

## ဓမ္မသစ်ကျမ်းစာတွင် ကလေးငယ်များအားဗတ္တိဇံပေးသည့်အကြောင်း

(Infant Baptism in the New Testament)

ကလေးငယ်များအား ဗတ္တိဇံပေးခြင်းကို ငြင်းဆိုလေ့ရှိသော နောက်အချက်တခုမှာ ဓမ္မသစ်ကျမ်းစာတွင် ကလေးငယ်များ အားဗတ္တိဇံပေးခြင်းကို မတွေ့ရ ဆိုသောအကြောင်းပြချက် ဖြစ်ပါသည်။ ထိုသို့ပြောခြင်းသည် လုံးဝမမှန်ပါ။ နှစ်နေရာတွင်ရှိပါသည်။

တခုကို ၁ကော ၁၀း၂ တွင် တွေ့ရသည်၊ အရင်တခါတွင် ပြောပြခဲ့ပြီးဖြစ်သည်၊ "ထို့အပြင် သူတို့အားလုံးသည် မောရှေထံ၌ မိုးတိမ်ထဲ၌၎င်း၊ ပင်လယ်ထဲ၌၎င်း ဗတ္တိဇံခံခဲ့ကြပါသည်။" ဤကျမ်းပိုဒ်က အစ္စရေးလူများ ပင်လယ်နီမှ ဖြတ်သန်းသွားခြင်းကို ဗတ္တိဇံခံသည်ဟု ရှင်းလင်းစွာပြောပြပါသည်။ ထိုဗတ္တိဇံခံခြင်းတွင် ကလေးငယ်များလည်း အသေအချာ ပါဝင်ကြပါသည်(ထွက် ၁၀း၉၊ ၁၂း၃၇)။ ထို ပင်လယ်နီကို ဖြတ်သန်းချိန်တွင် ကလေးငယ်များမပါဟု ငြင်းဆိုခြင်းသည် အတော်ခက်ခဲသောကိစ္စ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အီဂျစ်နိုင်ငံမှနေ၍ အစ္စရေး နှစ်သန်းကျော် ထွက်လာခဲ့၍ဖြစ်သည် (ထွက် ၁၂း၃၇-၃၈)။

ပင်လယ်နီအားဖြတ်သန်းခြင်းသည် ဗတ္တိဇံခံခြင်းဖြစ်သည်ဟု ဓမ္မသစ်ကျမ်းက အဓိပ္ပါယ်ဖွင့်သလို၊ စကားလုံးဖြင့်လည်း သုံးနေပါသည်။ ဓမ္မသစ်ကျမ်းစာက ဗတ္တိဇံဟုသုံးသောစကားလုံးဖြင့် ၁ကော ၁၀း၂ တွင် ထိုပင်လယ်နီ ကူးဖြတ်ခြင်း အဖြစ်အပျက်ကို ဖော်ပြနေပါသည်။ ထို့ကြောင့် နှစ်ခြင်းများက ထိုအဖြစ်သည် ဓမ္မဟောင်းကာလတွင် ဖြစ်ပျက်ခဲ့ပါသည်ဟု ငြင်းဆိုခြင်းကို ကန့်ကွက်နေပါသည်။ ဗတ္တိဇံဆိုသောစကားလုံးကို ဤနေရာတွင်သုံးထားသဖြင့်၊ ဓမ္မသစ်ကျမ်းတွင် ထိုစကားလုံးကိုသုံးတိုင်း နှစ်ခြင်းဟု အဓိပ္ပါယ်မရကြောင်းကို ကျွန်တော်တို့ သက်သေပြခဲ့ပြီးဖြစ်ပါသည်။ အစ္စရေးတို့သည်လည်း ပင်လယ်နီတွင် နှစ်ခြင်း မခံခဲ့ကြပါ။

ထို့အပြင် ပင်လယ်နီကို ဖြတ်သန်းခြင်းသည် ဓမ္မဟောင်းကာလတွင် ဖြစ်ပျက်ခဲ့သဖြင့်၊ ၎င်းအဖြစ်အပျက်က အရေးကြီးသော အချက်တခုကို ပြောနေပါသည်၊ ၎င်းမှာ ဗတ္တိဇံဆိုသည်မှာ ဓမ္မသစ်ကာလမှ ပေါ်လာသော အသစ်အဆန်းကိစ္စမဟုတ်ပါ ဆိုသောအချက်ဖြစ်ပါသည်။ ဓမ္မဟောင်းကာလတွင် ဗတ္တိဇံ မျိုးစုံအောင် ရှိခဲ့ပါသည်။ ၎င်းကို ဟေဗြဲဩဝါဒစာ ၉း၁၀ က ရှင်းနေအောင်ပြောပါသည်၊ "၎င်းသည် စားစရာများ၊ သောက်စရာများနှင့်၊ မျိုးစုံသောဆေးကြောခြင်းများ၊ အသွေးအသားနှင့်ဆိုင်သော လုပ်ထုံးလုပ်နည်းများ၌သာ ရပ်တည်ပါသည်၊ ပြန်လည်ပြုပြင်ခြင်းအချိန် မတိုင်မှီထိတိုင်အောင်သာ သူတို့အပေါ် ထားရှိခြင်းဖြစ်သည်။" "မျိုးစုံသောဆေးကြောခြင်းများ" ဆိုသည့်စကားလုံးသည် ဗတ္တိဇံဖြစ်ပါသည်။ ၎င်းတို့သည် တကယ့်ဗတ္တိဇံ အစစ်များဖြစ်ကြောင်း ဓမ္မသစ်ကျမ်းကခေါ်ဆိုသောကြောင့် သေချာလှပါသည်။

ထိုမျိုးစုံသောဗတ္တိဇံများထဲမှ တခုသည် လူထုကြီးအားပေးသော ဗတ္တိဇံဖြစ်ပါသည် (ဟေဗြဲ ၁၀း၁၉)၊ ထို့ကြောင့် ထိုလူထုကြီးထဲတွင် ကလေးငယ်များပါဝင်နေသည်မှာ အမှန်ဖြစ်ပါသည် (ထွက် ၂၀း၁၂)။

နှစ်ခြင်းဂိုဏ်းများက ၎င်းတို့သည် နိမိတ်ပုံများသာဖြစ်ကြပါသည်ဟု ငြင်းရန်ကြိုးစားနေကြသော်လည်း အဓိပ္ပါယ်ဘာမှပြောင်းမသွားပါ။ ရေနှင့်ပေးသောဗတ္တိဇံများအားလုံးက တစုံတခုကို နိမိတ်ပုံပေးနေကြသည်ချည်းဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းမှ သာမကပါ၊ ဓမ္မသစ်ကျမ်းမှ ဗတ္တိဇံမှန်သမျှကလည်း ထိုသို့ပင်ဖြစ်ပါသည်။ အပြစ်များကို သခင်ယေရှုခရစ်တော်၏ အသွေးတော်နှင့် ဝိညာဉ်တော်က ဆေးကြောသန့်စင်ပစ်လိုက်ခြင်းကို နိမိတ်ပုံပေးကြပါသည် (၁ကော ၁၀း၂၊ ဟေဗြဲ ၉း၁၃၊ ၁၄၊ ၂၂၊ ၁ပေ ၃း၂၁)။

ထိုကျမ်းပိုဒ်များသည် အရေးကြီးကြသည်၊ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့က ဓမ္မဟောင်းကာလမှ ဗတ္တိဇံများသည် ဓမ္မသစ်ကာလမှ ဗတ္တိဇံတို့နှင့် တထပ်တည်းသောအဓိပ္ပါယ်ရှိကြသည်ဟု ပြောနေကြသောကြောင့်ဖြစ်သည်။ နှစ်မျိုးလုံးက အသွေးသွန်းခြင်းဖြင့် စင်ကြယ်စေခြင်း၊ အပြစ်မှကင်းစင်ခြင်းတို့ကို ပြောပြကြပါသည် (ဟေဗြဲ ၁၀း၂၂-၂၃)။ ဓမ္မဟောင်းကာလတွင် ဗတ္တိဇံခံခြင်းသည် ဓမ္မသစ်ကာလဗတ္တိဇံခံခြင်းနှင့် အနှစ်သာရတွင် တထပ်တည်းတူညီကြပါသည်။ ခြားနားမှုမှာ ဓမ္မဟောင်းချိန်က ရှေ့သို့လှမ်းမျှော်ကြည့်ပါသည်၊ သခင်ယေရှုအသေခံပြီးချိန်မှစ၍၊ နောက်သို့ပြန်ကြည့်ကာ ဗတ္တိဇံပေးကြပါသည်။

ထို့ကြောင့် အခြေခံသဘောအရ ဓမ္မဟောင်းကာလနှင့်ဓမ္မသစ်ကာလတွင် ဘာမှခြားနားခြင်းမရှိကြပါ။ ခြားနားပါသည်ဟုတွေးလျှင်၊ ဒစ်စပင်ဆေးရှင်းဝါဒသို့ ရောက်ပါသည်၊ ထိုအခါ ဓမ္မဟောင်းသည် အသစ်နှင့်ဘာမှမဆိုင်ဟု ခွဲခြားပစ်ချင်လာပါမည်။

ယောဟန်က ဂျော်ဒန်မြစ်တွင် ဗတ္တိဇံကိုပေးသောအခါ၊ အစ္စရေးတို့အတွက် အသစ်အဆန်း အထူးအဆန်း မဟုတ်ခဲ့ပါ၊ မကြားဘူးသောအရာလည်း မဟုတ်ပါ။ ထို့အတူ ဓမ္မဟောင်းကာလက ကလေးငယ်များကို ဗတ္တိဇံပေးခဲ့ခြင်းကလည်း ကျွန်တော်တို့ကို မလန့်ဖြန့်စေပါ။ ဓမ္မဟောင်းနှင့်ဓမ္မသစ်တွင် ဘုရားသခင်၏လူတမျိုးတည်း ရှိပါသည်၊ ပဋိညာဉ်တခု၊ ကယ်တင်ခြင်းရရာ နည်းလမ်းတခုတည်း၊ ပဋိညာဉ်အတွက် နိမိတ်ပုံတခုတည်းသာရှိပါသည်။

## မိသားစုဗတ္တိဇံအကြောင်း(Family Baptism)

ကျွန်တော်တို့က ကလေးငယ်များအား ဗတ္တိဇံပေးခြင်းဆိုသည်ထက်၊ မိသားစု (သို့) တအိမ်ထောင်လုံး ဗတ္တိဇံပေးခြင်းဟု ပို၍ခေါ်ချင်ပါသည်။ ထိုသို့ခေါ်ရခြင်းတွင် အကြောင်းအရင်းအတော်များများရှိပါသည်။

ပထမ၊ မည်သူကမှ ကလေးငယ်များကိုသာ ဗတ္တိဇံမပေးခဲ့ကြပါ။ မိမိတို့ဘဝနောက်ပိုင်းမှ ပြောင်းလဲလာကြသူများ၊ ယခင်က ဗတ္တိဇံတခါမှမခံခဲ့ဘူးကြသူ လူကြီးများကို၊ ကလေးငယ်များအား ဗတ္တိဇံပေးသော အသင်းတော်များကလည်း လူကြီးများအနေနှင့် ဗတ္တိဇံပေးကြပါသည်။

ဒုတိယ၊ မိသားစုတခုလုံး (သို့) တအိမ်ထောင်လုံး ဗတ္တိဇံမင်္ဂလာခံခြင်းသည် ကျမ်းစာက ဗတ္တိဇံပေးထိုက်သူများကို ဗတ္တိဇံပေးပါဟု ဖော်ပြသော ဗတ္တိဇံဖြစ်ပါသည်။

တတိယ၊ “မိသားစုဗတ္တိဇံ”က တမန်တော်(၁၆)ကဲ့သို့သောကျမ်းပိုဒ်များ၏ ကလေးငယ်များနှင့်လူကြီးများကိုပါ ဗတ္တိဇံပေးသင့်ကြောင်း သက်သေပြနေကြခြင်းကို သတိရစေပါသည်။

ကျမ်းစာက မိသားစုများအားဗတ္တိဇံပေးခြင်းကို ပြောပြကြောင်း ရှင်းနေပါသည်။ တမန်တော်(၁၆)တွင် လီဒီယာတို့မိသားစု နှင့် ဖိလစ်ပီယန်မြို့ ထောင်မှူးမိသားစုတို့၏ ဗတ္တိဇံခံခြင်းအကြောင်းတို့ကို ပြောပြပါသည်။ ပေါလ်က ၁ကော ၁း၁၆ တွင် စတီဖဲန်းနပ်စ်တို့မိသားစုအား ဗတ္တိဇံပေးခဲ့ကြောင်းပြောပြပါသည်။ တမန်တော် ၁၀း၄၈ တွင် ကော်နေလီယပ်စ်တို့ မိသားစုအား ပီတာက ဗတ္တိဇံပေးခြင်းကို ဖတ်နိုင်ပါသည်။ ၎င်းတို့သည် ဓမ္မသစ်ကျမ်းကပြောနေသော ဗတ္တိဇံပေးပုံအဆင် ဖြစ်ပါသည်။

ထို့ကြောင့် ထိုကျမ်းပိုဒ်များက ယုံကြည်သူတို့၏သားသမီးများအား ဗတ္တိဇံပေးခြင်းကျင့်သုံးမှုကို ထောက်ခံနေကြပါသည်။ မှန်ပါသည်၊ ထိုမိသားစုများတွင် ကလေးငယ်လေးများ ရှိမရှိကို ကျွန်တော်တို့ အတိအကျမသိနိုင်ကြပါ။ သို့သော် ထိုဖော်ပြပါ မိသားစုလေးခုစလုံးတွင် ကလေးငယ်တယောက်မှ မရှိပါဟု ပြောခြင်းသည်လည်း အတော်ယုတ္တိမရှိသော အတွေးဖြစ်ပါမည်။ မည်သို့ဖြစ်ပါစေ၊ မိသားစုလိုက်ဗတ္တိဇံခံခြင်းသည် ဗတ္တိဇံပေးခြင်းပုံစံဟု ကျမ်းစာကပြောသဖြင့်၊ ကလေးများကိုတော့ ထည့်မပေးဟုပြောခြင်းသည် ကျင့်သုံး၍မဖြစ်နိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် မိသားစုအများတွင် ကလေးငယ်များလည်း ပါဝင်နေ၍ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ထပ်၍ထည့်သွင်းပြောပြချင်သည်မှာ အကယ်၍ နှစ်ခြင်းဂိုဏ်းတို့ပြောသလို၊ "ယုံကြည်သူကိုသာနှစ်ခြင်းပေးမည်" ဆိုသောအချက်သာ ကျမ်းစာကပြောသည့်တခုတည်းသော ဥပဒေသဖြစ်သည်ဆိုလျှင်၊ မိသားစုဗတ္တိဇံများသည် မဖြစ်နိုင်သောအရာများသာ ဖြစ်လာပါမည် (ကျမ်းစာက မမှန်သည်ကို ပြောနေခြင်း ဖြစ်လာပါမည်)။ အကယ်၍ တမိသားစုလုံး တချိန်တည်းတနေရာတည်း၊ တနေ့တည်းတွင် ပြောင်းလဲကြ၍ နှစ်ခြင်းအသင်းတော်တွင် အတူတူ နှစ်ခြင်းခံကြပါသည်ဆိုဦးတော့၊ ထိုသို့ မိသားတစုလုံးတနေ့ထဲ နှစ်ခြင်းအသင်းတော်တွင် နှစ်ခြင်းခံခြင်းသည် မိသားစုဗတ္တိဇံ မဟုတ်နိုင်ပါ၊ တဦးချင်းပြောင်းလဲ၍၊ တဦးချင်း၏ ယုံကြည်ခြင်းကြောင့်သာ နှစ်ခြင်းခံကြခြင်း ဖြစ်နေပါဦးမည်။ ထို့ကြောင့် နှစ်ခြင်းဂိုဏ်းတို့အတွက် မိသားစုဗတ္တိဇံအကြောင်း ကျမ်းစာ၏ပြောပြချက်များသည် အလကားသာ ဖြစ်နေပါသည်။

မိသားစုလိုက်၊ အိမ်ထောင်စုလိုက် ဗတ္တိဇံခံကြခြင်းက ဘုရားသခင်၏မိသားစုပဋိညာဉ်ကို ယုံကြည်ကြသဖြင့် ဆိုသောအချက်ကို ဆက်လက်ပြောပြပါသည်။ ဘုရားသခင်သည် အစိုးရတော်မူစွာ၊ ကျေးဇူးတော်ပြည့်ဝစွာ၊ မပြောင်းလဲနိုင်စွာဖြင့် ကယ်တင်ခြင်းကတိတော်များကို မိသားစုများ၊ အိမ်ထောင်စုများသို့ ပေးတော်မူပါသည်။ သူသည် ယုံကြည်သူများနှင့် သူတို့သားသမီးများ၏ ဘုရားသခင်ဖြစ်တော်မူမည်ဟု ကတိပေးနေပါသည် (ကမ္ဘာ ၁၇း၇၊ တမန် ၂း၃၉)။

ထိုသို့ကျင့်သုံးခြင်းကြောင့်၊ မိသားစုဝင် တယောက်မကျန် ကယ်တင်ခြင်းရကြသည်ဟု မဆိုလိုပါ။ ထို့အတူ နှစ်ခြင်းဂိုဏ်းများကလည်း ၄င်းတို့ထံ နှစ်ခြင်းခံကြသမျှ ကယ်တင်ခြင်းရကြမည်ဟု အာမခံမပေးရဲကြပါ။ ဗတ္တိဇံခံလိုက်ယုံနှင့် ကယ်တင်ခြင်းရမည်ဟု မည်သည့်အခါတွင်မျှလည်း ပြောမထားပါ။

မိသားစုလိုက်ဗတ္တိဇံခံခြင်းသည် ကျမ်းစာ၏ ရှင်းလင်းသောသင်ပြချက်ကို လိုက်နာခြင်းသာဖြစ်ပါသည်။ ဘုရားသခင်ကိုယ်တိုင်သည် မိသားစုဘုရားသခင်ဖြစ်သည်ကို သတိရခြင်းဖြစ်ပါသည်၊ ခမည်းတော်-သားတော်-သန့်ရှင်းသောဝိညာဉ်တော်၊ ထိုအချက်ကို ရှင်သန်စေသည့်အနေနှင့် သူသည် ကယ်တင်ခြင်းကို မိသားစုများသို့ ပို့ဆောင်သော ဘုရားအနေနှင့် မိမိကိုယ်ကို ဖွင့်ပြနေတော်မူပါသည်။ သူသည် အမှန်ပင် မိသားစုတို့၏ဘုရားသခင်ဖြစ်တော်မူပါသည်(ဆာလံ ၁၀၇း၄၁)။

### ဗတ္တိဇံနှင့် နိုင်ငံတော်သို့ဝင်ရောက်ခြင်း(Baptism and Entrance into the Kingdom)

ကလေးငယ်များအားဗတ္တိဇံပေးခြင်းကို ကျင့်သုံးသူများက မိမိတို့၏ယုံကြည်ခြင်းကို သက်သေပြသည့်အနေနှင့် သုံးတတ်ကြသော ကျမ်းပိုဒ်တခုမှာ မာကု ၁၀း၁၃-၁၆ ဖြစ်ပါသည်။ ၄င်းတွင် သခင်ယေရှုက ကလေးငယ်များကို ကောင်းချီးပေးခြင်းအား မှတ်တမ်းတင်ထားပါသည်။ "ယုံကြည်သူလူကြီးများကိုသာ နှစ်ခြင်းပေးရမည်" ဆိုသောသူတို့အတွက် အတော်ခေါင်းခြောက်စရာကောင်းသော ကျမ်းပိုဒ်ဖြစ်ပါသည်။ ထိုကျမ်းပိုဒ်က ဗတ္တိဇံပေးခြင်းကို ပြောမထား၍ ဖြစ်သည်။

သို့သော်၊ မာကု(၁၀)ကို ကလေးငယ်များအားဗတ္တိဇံပေးခြင်းသည်မှန်ကန်ကြောင်း သက်သေပြဖို့ သုံးနိုင်ပါသည်။ ထိုအချက်မှန်ကြောင်း အချက်အတော်များများကပြောနေကြပါသည်၊ သို့သော် ထိုအချက်များကိုမပြောခင်ကပင် ကျွန်တော်တို့သိရမည်မှာ သခင်ယေရှု ကောင်းချီးပေးခဲ့သော ကလေးများသည် နို့စို့အရွယ် ပေါက်စနကလေးများ ဖြစ်ကြပါသည်(လုကာ ၁၈း၁၅)။

ပထမ၊ ကလေးငယ်များကို သခင်ယေရှုကလက်ခံသည်၊ သူ့လက်နှင့်ချီပွေ့ကာ ကောင်းချီးပေးတော်မူသည်။ သခင်ယေရှု၏ လက်တော်များနှင့်ချီထားခြင်းခံရသည်၊ ကောင်းချီးပေးခြင်းခံရသည်ဆိုသည်မှာ ကယ်တင်ခြင်းခံရသည်ဆိုသည်နှင့် ဘာမှမခြားပါ။ ထိုကလေးငယ်များ ကယ်တင်ခြင်းရကြပါသည်ဆိုခြင်းကို အငယ်(၁၄)နှင့်(၁၅)တို့က ရှင်းစွာပြောပြသည်။ ထိုနေရာတွင် ကလေးတို့သည် နိုင်ငံတော်ကို လက်ခံရရှိကြသည်ဟု အသေချာပြောထားပါသည်။

ထိုသို့ ကယ်တင်ခံရခြင်း၊ နိုင်ငံတော်ကို လက်ခံရရှိခြင်းတို့ကို ဗတ္တိဇံက နိမိတ်ပုံသင်္ကေတပြပေးသည်၊ ကျွန်တော်တို့ နိုင်ငံတော်သို့ မည်ကဲ့သို့ဝင်ရောက်ကြောင်း ဖေါ်ပြပေးသည်။ ထို့ကြောင့် ကျိုးကြောင်းဆက်စပ်ပြောချင်သည်မှာ - ထိုကလေးငယ် ပိစိကွေးကလေးတို့က ဗတ္တိဇံကညွှန်ပြသော တကယ့်အရှိတရားကို လက်ခံကြရသည်ဆိုလျှင်၊ အဘယ့်ကြောင့် ထိုနိမိတ်ပုံသင်္ကေတကို ကလေးတို့ထံ မပေးဘဲနေမည်နည်း။ နောက်တနည်းနှင့်ပြောရလျှင်၊ အကယ်၍ ကလေးငယ်တို့သည် သာ၍ကြီးမြတ်သောအရာကို လက်ခံနိုင်ကြသည်ဆိုလျှင်၊ အဘယ့်ကြောင့် ထိုမျှမကြီးမြတ်သောအရာကို မပေးဘဲ နေရပါမည်နည်း? သူတို့သည် တကယ့်အစစ်အမှန်ကို လက်ခံနိုင်ကြသည်၊ လက်လည်းလက်ခံရကြသည်ဖြစ်၍၊ သူတို့သည် အစစ်အမှန်၏ နိမိတ်ပုံသင်္ကေတကိုလည်း လက်ခံရရှိ သင့်ကြပါသည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ ကယ်တင်ခြင်းကို ကျေးဇူးတော်ပဋိညာဉ်ထဲတွင် သူတို့ထံသို့နှင့်လူကြီးတို့ထံ ကတိပေးထားပါသည်။

ဒုတိယ၊ သခင်ယေရှုက အငယ်(၁၅)တွင် ကလေးငယ်တို့ကဲ့သို့ လက်ခံသည့်နည်းလမ်းဖြင့် လက်မခံသူမည်မျှ နိုင်ငံတော်ကို လက်မခံကြရဟုပြောထားပါသည်။ ကလေးငယ်များက နိုင်ငံတော်ကို ဘာမှမလုပ်ကိုင်ဘဲ ပြုသမျှနုရမည့်ပုံစံဖြင့်(passively)၊ သူတို့ဖက်မှ အားထုတ်မှုဘာမှမလုပ်ဘဲ လက်ခံရရှိကြပါသည်။ ၄င်းသည် ကလေးငယ်တို့ နိုင်ငံတော် လက်ခံရာ တခုတည်းသောနည်း လမ်းဖြစ်ပါသည်။

အမှန်ပြောရလျှင်၊ ၄င်းသည် မည်သူမဆို နိုင်ငံတော်ကို လက်ခံရရှိနိုင်ရာ တခုတည်းသော နည်းလမ်းဖြစ်ပါသည်။ ကယ်တင်ခြင်း ပထမဆုံးအကြိမ် ကျွန်တော်တို့ထံရောက်လာသောအခါ ကျွန်တော်တို့သည် ၄င်းကို ရှာမနေကြပါ၊ လိုလည်းလိုချင်ကြသည် မဟုတ်ပါ။ ထိုအချိန် ကျွန်တော်တို့သည် အပြစ်များနှင့်လွန်ကျူးခြင်းများထဲ၌ သေနေခဲ့ကြပါသည်။ ဘုရားသခင်က ကျေးဇူးတော်ရှိစွာ ကျွန်တော်တို့ထံသို့ ကယ်တင်ခြင်းကိုပေးသည့်အခါမှသာ၊ အသစ်မွေးဖွားစေလျှက် ကျွန်တော်တို့ထံ နိုင်ငံတော်ကို ပေးသည့်အခါမှသာ၊ ကျွန်တော်တို့သည် စတင်၍ရှာဖွေကြပါသည်၊ သူ ကျွန်တော်တို့အတွက် ဘာလုပ်ပေးခဲ့သည်ကို စတင်သိကြပါသည်။ ထို့ကြောင့် သခင်ယေရှုက နိုင်ငံတော်ကို လက်ခံရရှိနိုင်ရာ နည်းလမ်း တမျိုးတည်းရှိသည်ဟု ပြောနေခြင်းဖြစ်သည်၊ ၄င်းမှာ ကလေးငယ်များကဲ့သို့ လက်ခံခြင်းဖြစ်ပါသည်။ ထိုနည်းလမ်းဖြင့် လက်မခံကြလျှင်၊ ကျွန်တော်တို့သည် နိုင်ငံတော်ကို မည်သို့မျှ မရနိုင်ကြပါ။

ကလေးငယ်များကို ဗတ္တိဇံပေးရသည့်အကြောင်း နောက်တခုရှိပါသေးသည်။ ဗတ္တိဇံခံသောကလေးတယောက် မကျန် ကယ်တင်ခံကြရသည်ဟု ကျွန်တော်တို့ မပြောကြပါ။ သို့သော် ကလေးငယ်တို့၏ဗတ္တိဇံခံခြင်းတိုင်းတွင် ဘုရားသခင့် ပဋိညာဉ်ကတိတော်အရ၊ ကယ်တင်ခြင်းသည် ကလေးငယ်တဦးအတွက် မည်သို့ဖြစ်နိုင်ကြောင်း ရုပ်ပုံကားချပ်ကို တွေ့နေရပါသည်။ ၄င်းမှာ အစိုးရတော်မူသော ကျေးဇူးတော်၏တန်ခိုးတော်ဖြင့် ဖြစ်ပါသည်။

အမှန်တကယ်ဆိုလျှင်၊ ဗတ္တိဇံခံသောကလေးငယ်တိုင်း၌ မည်ကဲ့သို့ ကျွန်တော်တို့တဦးချင်းစီတိုင်းသည် ကယ်တင်ခြင်းခံရပါသနည်း? ဆိုသောရုပ်ပုံကားချပ်ကို တွေ့နိုင်ပါသည်၊ ၄င်းမှာ လိုချင်၍ (သို့) ကြိုးစား၍မဟုတ်၊ သို့သော် အစိုးရတော်မူသော ကျေးဇူးတော်၏တန်ခိုးတော်ကြောင့်သာဖြစ်သည်။ ထိုတန်ခိုးတော်သည် ကလေးငယ်ထံသို့ သူ မရှာဖွေသောအချိန်၊ ကြည့်ရှုမနေသောအချိန်တွင် ရောက်လာခဲ့ပါသည်။ ဘုရားသခင်ကသာ ကျွန်တော်တို့ကို အသစ်သော မွေးဖွားခြင်း၊ အသစ်သောအသက်ရှင်ခြင်းကို ပေးတော်မူပါသည်။

ထိုသို့ဆိုလျှင်၊ ကလေးငယ်များခံယူသော ဗတ္တိဇံ၏ရည်ရွယ်ချက်မှာ ကျွန်တော်တို့ မည်သို့ကယ်တင်ခံရသည်ကို ပြသရန်ဖြစ်ပါသည်။ ဗတ္တိဇံခံသောကလေးငယ် ကယ်တင်ခြင်းရပါသည်ဟု သက်သေပြခြင်းမဟုတ်ပါ (ရေနှင့်ပေးသော ဗတ္တိဇံတခုတည်းက ထိုအချက်ကို မဖြစ်စေနိုင်ပါ)။ ဗတ္တိဇံက ကယ်တင်ခြင်းရရာ တခုတည်းသောလမ်းကို ပြသပါသည်၊ ထို့အပြင် ဘုရားသခင်က ယုံကြည်သူတို့၏ကလေးငယ်များကို၊ သူတို့၏မိဘများအားကယ်တင်သည့် အစိုးရတော်မူသော ကျေးဇူးတော်အားဖြင့်ပင် ကယ်တင်မည်ဆိုသော ကတိတော်ကို ကျွန်တော်တို့ထံ သတိရစေပါသည်။ များစွာသော ယုံကြည်သူတို့ ထိုသက်သေကို အကူအညီမဲ့သော ကလေးငယ်လေးများ၏ဗတ္တိဇံတွင် မတွေ့ကြရခြင်း၊ မရရှိကြခြင်းသည် အတော်ဝမ်းနည်းစရာ ကောင်းနေပါသည်။

### ဗတ္တိဇံနှင့်အရေဖျားလှီးခံခြင်းအကြောင်း (Baptism and Circumcision)

ကလေးငယ်ဗတ္တိဇံနှင့်မိသားစုဗတ္တိဇံတို့ကို ထောက်ခံပြောဆိုသောအကြောင်းအရင်းများတွင် အရေဖျားလှီးခြင်း အကြောင်းသည် တခုအပါအဝင်ဖြစ်ပါသည်။ သို့သော် ထိုကိစ္စကိုသဘောပေါက်ရန် သိပ်တော့မလွယ်ပါ။ အဘယ့်ကြောင့်ဆိုသော် တွေ့ရသည့်ပုံစံက အတော်ပင် ခြားနားနေ၍ဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့ ညွှန်ပြချင်သည်မှာ ဗတ္တိဇံနှင့်အရေဖျားလှီးခြင်း နှစ်ခုစလုံးသည် သင်္ကေတနိမိတ်ပုံများသာ ဖြစ်ကြပါသည်။ ၄င်းတို့၏ အနက်အဓိပ္ပါယ်ကို သေချာကြည့်လျှင် နှစ်ခုစလုံး အတူတူဖြစ်ကြောင်း တွေ့ရပါမည်။ အရေဖျားလှီးခြင်းက သင်္ကေတပြုသော တကယ့်အရှိတရားနှင့် ဗတ္တိဇံက သင်္ကေတပြုသော တကယ့်အရှိတရား အတူတူဖြစ်ကြသည်။

အရေဖျားလှီးခြင်းအစစ်နှင့် ဗတ္တိဇံအစစ်သည် ကယ်တင်ခြင်းပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ခရစ်တော်၏ လက်ဝါးကပ်တိုင်အားဖြင့် အပြစ်တို့ကို ဖယ်ပစ်လိုက်ခြင်းဖြစ်ပါသည်။ အရေဖျားလှီးခြင်းအတွက် တရားဟောရာကျမ်း ၃၀း၆ နှင့် ကောလောသဲ ၂း၁၁ ဖြစ်သည်၊ ဗတ္တိဇံအတွက် ရောမသြဝါဒဟာ ၆း၁-၆ နှင့် ပေတရုသြဝါဒစာပထမဆောင် ၃း၂၁ ဖြစ်သည်။ သင်္ကေတပြုချက်တို့သည်၊ အပြင်ပန်းကကြည့်လျှင် အလွန်ခြားနားစွာ မြင်ရသော်လည်း၊ ဝိညာဉ်ရေးရာ တကယ့်အရှိတရားတွင် အတူတူပင်ဖြစ်ကြပါသည်။ တူညီသောဝိညာဉ်ရေးရာအမှန်တရားကို နိမိတ်ပုံပြနေကြပါသည်။

၄င်းတို့သည် လုံးဝခြားနားကြပါသည်ဟု ပြောခြင်းသည်၊ ဒစ်ပင်ဆေးရှင်းဝါဒအမှားကို ရောက်ခြင်းဖြစ်ပါသည်။ ထိုသို့ပြောခြင်းသည် ကယ်တင်ခြင်းရရန် နည်းလမ်းနှစ်မျိုးရှိပါသည်၊ ဓမ္မဟောင်းတွင်တမျိုး၊ ဓမ္မသစ်တွင်တမျိုးဟု ပြောရာရောက်ပါသည်၊ အလွန်မှားသောသွန်သင်ချက်ဖြစ်သည်။ ခရစ်တော်သည်သာ တခုတည်းသောလမ်းဖြစ်ပါသည်။ နှစ်ခြင်းဂိုဏ်းများက ထိုအမှန်တရားကို ဝန်မခံချင်ကြပါ၊ တရားဟောရာ ၃၀း၆ နှင့် ကောလောသဲ ၂း၁၁ တို့က ရှင်းနေအောင်ပြောနေသော်လည်း၊ အရေဖျားလှီးခြင်းသည် ကယ်တင်ခြင်း၏သင်္ကေတ မဟုတ်ပါဟု ငြင်းနေကြပါသည်။ ၄င်းသည် အစ္စရေးလူမျိုးဖြစ်ကြောင်းကိုသာ ပြသောအမှတ်လက္ခဏာဖြစ်သည်ဟုသာ ပြောနေကြပါသည်။

ထိုအချက်ကို ရှင်ပေါလုက ရောမသဝါဒစာ ၂း၂၈ တွင်အပြတ်ငြင်းပါသည်။ ထိုနေရာတွင် ပေါလုက အပြင်ဖက်မှ အရေဖျားလှီးခြင်းသက်သက်က၊ တကယ့်အရှိတရားနှင့် ဘာမှမဆိုင်ကြောင်း ပြောပြပါသည်။ အပေါ်ယံမျှ ဂျူးဖြစ်ခြင်းက ဘာမှအကျိုးမရှိ၊ တကယ့်အရေဖျားလှီးခြင်းသည် နှလုံးသားမှဖြစ်ကြောင်း ပြောပြနေပါသည်။ ထို့ကြောင့် ဂျူး အစစ်ဆိုသည်မှာ အတွင်းသဘော မှန်ကန်သူသာဖြစ်ကြောင်း ပြောပြနေပါသည်။ အေဗြာဟန်၏ သာမန်မျိုးနွယ်ဆက်ဖြစ်ခြင်းက အထူးအခွင့်အရေးများရှိနေပါသည်ဟု မှားယွင်းစွာယုံနေကြသူများ ဤကျမ်းပိုဒ်ကို သေချာဖတ်သင့်ပါသည်။

ထိုသို့ဆိုလျှင် အပြင်ဖက်နှင့်ဆိုင်သော ထိုနိမိတ်သင်္ကေတနှစ်မျိုးကြားတွင် အဘယ့်ကြောင့် ခြားနားမှုများ ရှိနေရပါသနည်း? အဖြေကို ဓမ္မဟောင်းကာလနှင့်ဓမ္မသစ်ကာလတို့၏ ခြားနားမှုတွင် တွေ့နိုင်ပါမည်။ ဓမ္မဟောင်းကာလတွင် အားလုံးသည် ခရစ်တော်ကိုညွှန်ပြနေကြသည်၊ အသွေးသွန်းလောင်းခြင်းတို့နှင့်ပတ်သက်နေကြသည် (ဟေဗြဲ ၁၀း၁၂)။ သို့သော် ခရစ်တော်၏အသွေးတော် သွန်းပြီးသောအခါ၊ သွေးနှင့်ပတ်သက်သောအရာတို့ကို ထပ်လုပ်စရာမလိုတော့ပါ (ဟေဗြဲ ၁၀း၁၂)၊ အရေဖျားလှီးခြင်းပင် မလိုတော့ပါ။

ထိုအချက်သည် ဗတ္တိဇံနှင့်အရေဖျားလှီးခြင်းတို့ကြားရှိ အဓိကခြားနားချက်ဖြစ်ပါသည်။ အဓိပ္ပါယ်နှင့် တကယ့်အရှိတရားတို့တွင်မူ အတူတူဖြစ်ကြပါသည်။ ကျမ်းစာကိုယ်က ထိုသို့ပြောပါသည်၊ ကောလောသဲ ၂း၁၁-၁၂။ ထိုကျမ်းပိုဒ်သည် အတော်ရှည်သဖြင့်၊ ဘာကိုဆိုလိုကြောင်း သဘောပေါက်ဖို့ အနည်းငယ်ခက်ပါသည်။ နှစ်ပိုင်းပါဝင်နေသည်၊ ပေါလုက ပြောချင်သည်မှာ အရေဖျားလှီးခံခြင်းသည် ဗတ္တိဇံခံခြင်းဖြစ်သည်။ ဂျူးမဟုတ်သောခရစ်ယာန်တို့ကို ပေါလုက သူတို့သည် ခရစ်တော်အားဖြင့်၊ အရေဖျားလှီးခြင်းအပါအဝင် အားလုံးကိုပိုင်ဆိုင်ကြသည်ဟု ပြောပါသည် (၂း၁၀-၁၁)။ ခရစ်တော်အားဖြင့် သူတို့မပိုင်သောအရာ တခုမှမရှိ၊ ထိုခရစ်တော်ထံတွင် ဘုရားသခင့်အဖြစ်တော်သည် ပြည့်ဝစွာရှိနေပါသည် (၂း၉)။

အမှန်ပြောရလျှင် အရေဖျားလှီးခြင်းနှင့်ဗတ္တိဇံတို့သည် တူညီသောအဓိပ္ပါယ်ရှိကြယုံသာမကပါ၊ ဝိညာဉ်ရေးရာ တကယ့်အရှိတရားနှင့်ပတ်သက်လျှင်လည်း အတူတူပင်ဖြစ်ကြပါသည်။ ထို့အတွက်ကြောင့် ဘုရားသခင်လူတို့ထံ ထို နိမိတ်လက္ခဏာကို ပေးကြခြင်းဖြစ်သည်။ ယခင်က အရေဖျားလှီးခြင်း၊ ယခု ဗတ္တိဇံပေးခြင်း။ ဓမ္မဟောင်း၊ ဓမ္မသစ် နှစ်ခုစလုံးတွင် ကလေးငယ်များကိုလည်း ပေးကြပါသည်။

## မယုံကြည်သူများနှင့်ပဋိညာဉ်အကြောင်း(Unbelievers and the Covenant)

နှစ်ခြင်းဂိုဏ်းများ၏ ကလေးငယ်များအားဗတ္တိဇံပေးခြင်းကို ကန့်ကွက်ကြသည့်အချက်တခုမှာ ဗတ္တိဇံခံသောကလေးငယ်အချို့သည် မပြောင်းလဲသူများဖြစ်ကြသည်၊ မည်သည့်အခါတွင်မျှ ကယ်တင်ခြင်းမရကြသူများဖြစ်ကြမည် ဆိုသောအချက်ဖြစ်သည်။ အမြဲတမ်း ပြောတတ်ကြသည်မှာ ကလေးငယ်များအား ဗတ္တိဇံပေးကြသူတို့သည်၊ မပြောင်းလဲသေးသူများ၊ ယုံကြည်ပါသည်ဟု မပြောကြသူများကို ဗတ္တိဇံပေးသူများဖြစ်သည်ဟူ၍ ဖြစ်ပါသည်။ နှစ်ခြင်းတို့အတွက် ထိုကိစ္စသည် အတော်တဖက်သတ်နိုင်သောအချက် ဖြစ်နေပါသည်။

ထိုကန့်ကွက်ခြင်းကို ကျွန်တော်တို့ အဖြေပေးလိုသည်မှာ၊ နှစ်ခြင်းအသင်း၌ဖြစ်စေ၊ ရီဖော့မ်အသင်း၌ဖြစ်စေ၊ ကယ်တင်ခြင်းရသူများကိုသာ ဗတ္တိဇံပေးခြင်းသည် မဖြစ်နိုင်သောကိစ္စဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် နှလုံးသား၏လျှို့ဝှက်ချက်များကို ကျွန်တော်တို့ မသိနိုင်ကြ၍ဖြစ်သည်။ နှစ်ခြင်းတို့ကလည်း အပြင်ဖက်မှ ဝန်ခံချက်ပြုခြင်းကိုသာ ကြည့်၍ ဗတ္တိဇံပေးကြရပါသည်။

ထိုအချက်ကို နှစ်ခြင်းအသင်းများမှ မိတ်ဆွေ၊ အသိများထံ ပြောကြသောအခါ၊ သူတို့က ပြန်ဖြေတတ်သည်မှာ၊ “ဘာဘဲဖြစ်ဖြစ်၊ ငါတို့က မင်းတို့ထက် ပိုနည်းတဲ့ကယ်တင်ခြင်းမရသူတွေကိုဘဲ ဗတ္တိဇံပေးကြတယ်”ဟူ၍ဖြစ်ပါသည်။ အမှန်တရားမှာ နှစ်ခြင်းဂိုဏ်းတို့က ကယ်တင်ခြင်းမရသူ တဦးတည်းကိုသာ ဗတ္တိဇံပေးသည်ဆိုဦးတော့၊ သူတို့၏ကြေညာနေသော အမှန်တရားမှာ ပျက်ပြီဖြစ်ပါသည်၊ နှစ်ခြင်းတို့က “ယုံကြည်သူများကိုသာဗတ္တိဇံပေးသည်”ဟု တွင်တွင်ကြေညာနေကြ၍၊ ထိုအချက်ပျက်ပြီး “ယုံသည်ဟု ဝန်ခံချက်ပြုသူကို ဗတ္တိဇံပေးသည်”ဟု ပြောင်းရတော့မည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်ပါစေ၊ ကျမ်းစာက ပြောနေသည်မှာ အရေဖျားလှီးခြင်းဖြစ်စေ၊ ဗတ္တိဇံဖြစ်စေ၊ မယုံကြည်သူများထံလည်း တမင်သက်သက်ပေးပါသည် ဆိုသောအချက်ဖြစ်သည်။ ဣရှမေလသည် ပဋိညာဉ်တွင် ပါဝင်ရမည်မဟုတ်ဟု ဘုရားသခင်က ပြောပြီးသောအခါ(ကမ္ဘာ ၁၇း၁၈-၁၉)၊ အာဗြဟံက ဣရှမေလကို အရေဖျားလှီးခြင်းခံစေပါသည်။ ဣဇက်ကလည်း ဧသောသည် ငြင်းပယ်ခြင်းခံရသူဖြစ်သည်ဟု ဘုရားသခင်ကပြောပြီးသောအခါ၊ ဧသောကို အရေဖျားလှီးခြင်းခံစေပါသည် (ကမ္ဘာ ၂၅း၂၃-၂၄)။

နှစ်ခြင်းတို့က ထိုခေတ်က အရေဖျားလှီးခြင်းသည် နိုင်ငံတနိုင်ငံ၏ အထိမ်းအမှတ်မျှသာ ဖြစ်သည်ဟု ဇောဒကတက်ကြပြန်ပါသည်။ သို့သော် မမှန်ပါ၊ ကျမ်းစာက အရေဖျားလှီးခြင်းဆိုသည်မှာ "အသွေးအသား၏အပြစ်ကို ခန္ဓာကိုယ်မှနေ၍ ခရစ်တော်၏ အသေခံခြင်းဆိုသော အရေဖျားလှီးခြင်းဖြင့် ဖယ်ထုတ်ပစ်လိုက်ခြင်း"၏ အထိန်းအမှတ်သင်္ကေတဖြစ်သည်ဟု ရှင်းနေအောင်ပြောနေပါသည် (ကော ၂း၁၁၊ တရား ၁၀း၁၆၊ ၃၀း၆၊ ယေရမိ ၄း၄)။

ဗတ္တိဇံလည်း အတူတူပင်ဖြစ်ပါသည်။ ပင်လယ်နီအား ဖြတ်သန်းကြခြင်းကို ၁ကော ၁၀း၁-၂ က တကယ့်ဗတ္တိဇံအစစ်ဟု ပြောထားသည်။ ထိုသို့ဖြတ်သန်းခြင်းဖြင့် ဗတ္တိဇံကြသူများတွင် "ငါအတော်မကြိုက်သူများပါသည်"ဟု ဘုရားသခင်က ပြောထားပါသည်၊ ထိုသူများကို နောက်ပိုင်းတွင် သဲကန္တာရထဲ၌သတ်ပစ်ပါသည် (၁ကော ၁၀း၅-၁၀)။ ဟာမသည်လည်း နောဧ၏မိသားစုဝင်ဖြစ်သဖြင့် ဗတ္တိဇံခံသူဖြစ်ပါသည် (၁ပေ ၃း၂၀-၂၁)၊ သို့သော် ကယ်တင်ခြင်းမခံရပါ။

မေးဖို့ရန်ကျန်သော မေးခွန်းတခုသာ ရှိပါတော့သည်၊ "ဘုရားသခင်သည် အဘယ့်ကြောင့် ပဋိညာဉ်နှင့်ကယ်တင်ခြင်း၏ နိမိတ်လက္ခဏာသင်္ကေတအား၊ ဓမ္မဟောင်းနှင့်ဓမ္မသစ် နှစ်ခုစလုံးတွင်၊ ကယ်တင်ခြင်းမခံရသူများကိုလည်း ကယ်တင်ခြင်းခံရသူများနှင့်အတူ ပေးဖို့ အလိုတော်ရှိရပါသနည်း?" လူကြီးဖြစ်စေ၊ ကလေးဖြစ်စေ မည်သို့မျှခြားနားမှု မရှိပါ။ နှစ်ခြင်းဂိုဏ်းတို့ကလည်း ထို မေးခွန်းကို ဖြေဖို့လိုပါသည်။

ထိုမေးခွန်း၏အဖြေသည် ဘုရားသခင်၏ထာဝရ ရည်ရွယ်ချက်တွင်တည်နေပါသည်။ တချို့သောသူတို့ကိုသာ ကယ်တင်ခြင်းရစေ၍ အချို့သောသူများကိုတော့ မရစေပါဆိုသောအမှန်တရားအပါအဝင်၊ ဘုရားသခင်သည် အရာအားလုံးကို ထာဝရကာလမှနေ၍ ခန့်အပ်ထားသည်ဟု ခိုင်မာစွာယုံကြည်နိုင်သူသာ ရှင်းလင်းသော၊ ဝေဝါးမှုမရှိသောအဖြေကို ပေးနိုင်ပါမည်။

ပေးသောအဖြေမှာ ဤသို့ဖြစ်ရပါမည် - ဓမ္မဟောင်းတွင် အရေဖျားလှီးခြင်း၊ ဓမ္မသစ်တွင် ဗတ္တိဇံခံခြင်းတို့သည် ဧဝံဂေလိတရားဟောခြင်းနှင့်တူသည်၊ ထို့ကြောင့် ၎င်းတို့သည် ကယ်တင်ခြင်း၏ တန်ခိုးနှင့်သက်သေဖြစ်သလို၊ ခေါင်းမာစေခြင်းနှင့် အပြစ်ဒဏ်ခံစေခြင်း၏ တန်ခိုးနှင့်သက်သေလည်း ဖြစ်ကြသည်၊ ထိုသို့ပြုကြခြင်းသည် ဘုရားသခင်၏ ရည်ရွယ်ချက်အတိုင်း ပြုကြခြင်းဖြစ်သည် (၂ကော ၂း၁၄-၁၆)။ ထို့ကြောင့် ကျွန်တော်တို့သည် ကလေးများနှင့်လူကြီးတို့ကို ဗတ္တိဇံပေးကြသည်၊ ဘုရားသခင်က ၎င်းကို အချို့တို့၏ကယ်တင်ခြင်းအတွက်နှင့်၊ ကျန်သောသူတို့၏ အပြစ်ဒဏ်ခံရခြင်းအတွက် အသုံးပြုတော်မူမည်ဟု သေချာသိလျှက် ပေးကြခြင်းဖြစ်ပါသည်။ မိမိ၏ရည်ရွယ်ချက်အတိုင်း၊ ဣရှမေလ၊ ဧသောနှင့် ဟာမတို့ထံတွင် ပြုတော်မူသကဲ့သို့ ပြုတော်မူခြင်းဖြစ်ပါသည်။

## ယုံကြည်ခြင်းနှင့်ဗတ္တိဇံအကြောင်း (Faith and Baptism)

ယခုတွင် ကျွန်တော်တို့သည် နှစ်ခြင်းဂိုဏ်းတို့၏ အရေးကြီးသော ငြင်းဆိုချက်နောက်တခုကို ဖြေရှင်းကြပါမည်။ ၎င်းမှာ ဗတ္တိဇံမပေးခင် ယုံကြည်ရမည် ဆိုသောအချက်ဖြစ်သည်။ ထို့ကြောင့် နှစ်ခြင်းတို့က သူတို့ပေးသောနှစ်ခြင်းကို "ယုံကြည်သူ၏ဗတ္တိဇံ" ဟုခေါ်ကြသည်။

ပထမဆုံးပြောချင်သည်မှာ နှစ်ခြင်းဂိုဏ်းတို့၏ပြောဆိုချက် မဖြစ်နိုင်ခြင်းဖြစ်သည်။ ကျွန်တော်တို့ အထက်ကပြောခဲ့သလို၊ နှစ်ခြင်းတို့က အဖြစ်နိုင်ဆုံးဖြင့် လုပ်နိုင်သည်မှာ၊ ယုံကြည်ပါသည်ဟု အပေါ်ယံပြောသူတို့လောက်ကိုသာ နှစ်ခြင်းပေးနိုင်ကြခြင်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မည်သူကမျှ နှလုံးသားကို မမြင်နိုင်၍ဖြစ်ပါသည်။ ထို့ကြောင့် "ယုံကြည်ပါသည်"ဟု အပေါ်ယံကျောပြောယုံမျှဖြင့် အစစ်အမှန်ဖြစ်မည်ဟု မည်သို့မျှ နိဂုံးဆွဲ၍မရပါ။

ထိုသို့ပြောလျှင်၊ နှစ်ခြင်းတို့က ပုံမှန် ပြန်ဖြေတတ်ကြသည်မှာ၊ အထက်ကကျွန်တော်တို့ပြောခဲ့သလို၊ "ငါတို့က မိသားစုလိုက် ဗတ္တိဇံပေးကြသူတွေ၊ ကလေးများကို ဗတ္တိဇံပေးကြသူတွေထက်တော့၊ ပိုနည်းတဲ့ မယုံကြည်သူတွေကို ဗတ္တိဇံပေးကြသူတွေ ဖြစ်တယ်"ဟူ၍သာဖြစ်ပါသည်။ ထိုသို့ပြောနေစရာပင် မလိုအောင်ဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ဟန်ဆောင်သူတဦး (သို့) ယုံကြည်သူအတုတဦးကို နှစ်ခြင်းဂိုဏ်းက နှစ်ခြင်းပေးလိုက်ပြီဆိုသည်နှင့်၊ သူတို့ကြွားနေသော "ယုံကြည်သူ၏ဗတ္တိဇံ"ဆိုခြင်းသည် မဖြစ်နိုင်တော့သောကြောင့်ဖြစ်သည်။

မည်သို့ပင်ဖြစ်ပါစေ၊ ထိုအချက်ကို အဓိကပြောချင်ခြင်းမဟုတ်ပါ။ သခင်ယေရှုက မာကု ၁၆း၁၆ တွင် ဤသို့ ပြောထားပါသည်၊ "ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတံ့။" ဤကျမ်းပိုဒ်ကို ရှင်းရန်လိုပါသည်၊ အထူးသဖြင့် ဤကျမ်းပိုဒ်သည် ဓမ္မသစ်အသင်းတော်က ဗတ္တိဇံ ပေးနိုင်သည်ဟု အာမခံချက်ပေးသော အမိန့်တော်ဖြစ်သောကြောင့်ဖြစ်ပါသည်။

ပထမ၊ ဤကျမ်းပိုဒ်က "လူတဦးယုံကြည်မည်၊ ထို့နောက် ဗတ္တိဇံခဲ့လျှင် ကယ်တင်ခြင်းရမည်"ဟု မပြောပါ (ထိုသို့ နှစ်ခြင်းဂိုဏ်းများက ဖတ်တတ်ကြသည်)။ ဤကျမ်းပိုဒ်က ပြောသည်မှာ ကယ်တင်ခြင်းရဖို့ ယုံကြည်ခြင်းနှင့် ဗတ္တိဇံတို့သည် မရှိမဖြစ် လိုအပ်ကြသည် ဟူ၍သာဖြစ်သည်။

ဒုတိယ၊ ယုံကြည်ခြင်းနှင့်ဗတ္တိဇံကို စီစဉ်တကျ ထိုသို့ဖော်ပြနေသဖြင့်၊ ထိုသို့ပင် လက်တွေ့တွင်လည်း ဖြစ်ရမည်ဟု မဆိုလိုပါ။ ၂ပေ ၁း၁၀ တွင် "ခေါ်တော်မူခြင်း"ကို "ရွေးကောက်တော်မူခြင်း"ရှေ့တွင်ထား၍ ဖော်ပြသည်၊ သို့သော် ရွေးကောက်ခြင်းက အရင်ကျပါသည်ဟု ကဲလ်ဗင်းဝါဒီများအားလုံးကသိပါသည်။

ထို့ကြောင့် မာကု ၁၆း၁၆ ၌ပါသော အစီအစဉ်သည် အရေးကြီးမှု အစီအစဉ်သာဖြစ်ပါသည်။ ယုံကြည်ခြင်းကို ဗတ္တိဇံရှေ့ တွင်ထား၍ဖော်ပြသည်၊ အဘယ့်ကြောင့်ဆိုသော် ယုံကြည်ခြင်းက ပို၍အရေးကြီးသောကြောင့် ဖြစ်သည်။ ထိုကျမ်းပိုဒ်၏အဆုံးတွင် ဗတ္တိဇံဆိုသောစကားလုံးကိုပင် ထည့်မထားတော့သည်ကို တွေ့နိုင်သည်၊ သို့သော် ယုံကြည်ခြင်းကိုတော့ ထပ်ထည့်ထားပါသည်။

အကယ်၍ မာကု ၁၆း၁၆ ၌ပါသော အစီအစဉ်သည် အချိန်နှင့်ပတ်သက်သော အစီအစဉ်ဖြစ်သည်ဆိုလျှင်၊ (သို့) လက်တွေ့တွင် တကယ်ဖြစ်ရမည့် အစီအစဉ်ဖြစ်သည်ဆိုလျှင်၊ အစီအစဉ်သည် ဤသို့ဖြစ်လာပါမည်၊ ယုံကြည်ခြင်း၊ ဗတ္တိဇံ၊ ကယ်တင်ခြင်း။ "တစုံတဦးသည် ယုံကြည်၏၊ ထို့နောက်ဗတ္တိဇံခံ၏၊ ထိုသို့ပြုသူသာ ကယ်တင်ခြင်းရမည်ဖြစ်၏။" မည်သူကမျှ ထိုအစီအစဉ်ကို လိုချင်မည်မဟုတ်ပါ။

ထပ်ပြောရလျှင်၊ ဓမ္မသစ်ကျမ်းက အချို့သောအဖြစ်အပျက်များတွင်၊ ယုံကြည်ခြင်းက ဗတ္တိဇံထက် အရင်မကျပါဟု ပြောတတ်ပါသည်။ ဥပမာ - တမန်တော် ၁၉း၄ က ယောဟန်ပေးသော ဗတ္တိဇံအကြောင်း ပြောပြပါသည်၊ ယောဟန်က လူအုပ်ကြီးထံ ဗတ္တိဇံပေးသောအခါ ပြောခဲ့သည်မှာ၊ သူ့နောက်လာသောသူကို ယုံကြည်ကြပါဟု ပြောလျှက် ဗတ္တိဇံပေးခြင်းဖြစ်သည်။ သူတို့က ခရစ်တော်ကို ယုံကြည်ကြပြီးသောကြောင့် ဗတ္တိဇံပေးခြင်းမဟုတ်ပါ။

ထို့ကြောင့် တမန်တော် ၁၉း၄ နှင့်ပတ်သက်၍ နှစ်ခြင်းဂိုဏ်းတို့အတွက် နှစ်မျိုးထင်မြင်နိုင်သည်။ ယောဟန်၏ဗတ္တိဇံသည် ဓမ္မသစ်ကျမ်း၏ ဗတ္တိဇံအစစ်မဟုတ် ဟူ၍ဖြစ်ပါမည်။ ထိုသို့ထင်ခြင်းမှားသည်၊ အဘယ့်ကြောင့်ဆိုသော် ဓမ္မသစ်ကျမ်း၏ ဗတ္တိဇံအကြောင်း ဖော်ပြချက်များ၏ ထက်ဝက်ကျော်မှာ ယောဟန်ပေးသောဗတ္တိဇံအကြောင်းကို ဖြစ်ပါသည်။ နှစ်ခြင်းဂိုဏ်းတို့ထင်သလိုဖြစ်လျှင် ယောဟန်၏ဗတ္တိဇံမှ ဓမ္မသစ်ကျမ်း၏ဗတ္တိဇံ မည်သို့ပေးရမည်ကို နိဂုံးဆွဲနိုင်မည် မဟုတ်ပါ။ (သို့) နှစ်ခြင်းဂိုဏ်းတို့က နောက်တမျိုးလည်း မြင်နိုင်ပါသည်၊ ယုံကြည်ခြင်းသည် အမြဲတမ်း ဗတ္တိဇံရှေ့ ကျစရာမလိုပါ။

## နောင်တရခြင်းနှင့်ဗတ္တိဇံအကြောင်း (Baptism and Circumcision)

နှစ်ခြင်းတို့၏ "ယုံကြည်သူများကိုသာ ဗတ္တိဇံပေးသည်" ဆိုရခြင်းအကြောင်းတွင် တခုအပါအဝင်အဖြစ် ပြောတတ်ကြသည်မှာ ယုံကြည်ခြင်းသာမက၊ နောင်တရခြင်းသည်လည်း ဗတ္တိဇံမပေးခင် ရှိရမည် ဆိုသောအချက်ဖြစ်ပါသည်။

ထို့ကြောင့် နောင်တရခြင်းဗတ္တိဇံကို ဖော်ပြသော ကျမ်းပိုဒ်၊ မာကု ၁း၁၄ ကို အရင်ကြည့်ပါမည် "ယောဟန်သည် တော၌ ဗတ္တိဇံကိုပေးလျက်၊ အပြစ်လွှတ်ခြင်းအဘိုအလိုငှါ နောင်တနှင့်စပ်ဆိုင်သော ဗတ္တိဇံတရားကိုဟောလျက် ပေါ်ထွန်း၏။" အများစုက ဤကျမ်းပိုဒ်ကိုကြည့်၍ ဗတ္တိဇံမပေးခင် နောင်တအရင်ရရမည်ဟု ပြောတတ်ကြပါသည်။

ထိုသို့ထင်ခြင်း မှားပါသည်။ အဘယ့်ကြောင့်ဆိုသော် "နောင်တရခြင်းနှင့်ဗတ္တိဇံ"တို့သည် တစုတည်းဖြစ်ပါသည်။ တခုပြီးမှတခုလာရမည်ဟု အစီအစဉ်ကို ပြောနေခြင်းမဟုတ်ဘဲ၊ အတူတကွ ပါဝင်ခြင်းကို ပြောနေခြင်းဖြစ်ပါသည်။ ဗတ္တိဇံခံပြီးမှ နောင်တရခြင်းလည်းဖြစ်နိုင်သလို၊ မခံခင် နောင်တရခြင်းလည်း ဖြစ်နိုင်ပါသည်။ ထိုကျမ်းပိုဒ်နှင့် ကျမ်းပြိုင်ဖြစ်သော မဿဲ ၃း၁၁ တွင် ဤသို့ပြောပါသည်၊ "ငါသည် နောင်တအဘို့အလိုငှါ သင်တို့ကို ရေနှင့်ဗတ္တိဇံပေး၏။ ငါ့နောက် ကြွလာသောသူသည် ငါ့ထက် တတ်စွမ်းနိုင်၏။ ထိုသူ၏ခြေနင်းတော်ကိုမျှ ဆောင်ခြင်းငှါ ငါမထိုက်။ ထိုသူသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်၎င်း၊ မီးနှင့်၎င်း သင်တို့ကို ဗတ္တိဇံပေးမည်။" ဤကျမ်းပိုဒ်တွင် နောင်တရဖို့ဟု ပြောထားသဖြင့်၊ နောင်တရပြီးမှ ဗတ္တိဇံပေးရမည်ဟု တုံးတိပြောခြင်းသည် တဖက်သတ်နိုင်ပါသည်။

ဤသည်တို့မှနေ၍ နှစ်ခြင်းအမြင်နှင့်ရီဖေ့(မ်)အမြင်တို့၏ ခြားနားချက်ကို တွေ့လာနိုင်ပါသည်။ နှစ်ခြင်းဂိုဏ်းတို့က ဗတ္တိဇံဆိုသည်မှာ ကျွန်တော်တို့လုပ်သော အလုပ်များဖြစ်ကြသည့် နောင်တရခြင်း၊ ယုံကြည်ခြင်းတို့အတွက် သင်္ကေတ ပြုပေးခြင်းဖြစ်ပါသည်၊ ရီဖေ့(မ်)ဂိုဏ်းတို့အတွက်မူ ဗတ္တိဇံဆိုသည်မှာ ကျွန်တော်တို့အား အသစ်ပြုပြင်ပြောင်းလဲစေဖို့ ဘုရားသခင်လုပ်ပေးသော ကျေးဇူးတော်၏အလုပ်ကို သင်္ကေတပြုပေးခြင်းဖြစ်ပါသည်။ ကျေးဇူးတော်ကို ကျွန်တော်တို့ မည်သို့ တုန့်ပြန်ပြုမူသည်ဆိုခြင်းကို သင်္ကေတ မပြုပါ၊ ကျေးဇူးတော်၏အလုပ်ကို တိုက်ရိုက်သင်္ကေတပြုပါသည်။

ဗတ္တိဇံက သခင်ယေရှု၏အသွေးတော်ဖြင့် အပြစ်များကို ပြောင်စင်အောင်ဆေးကြောပေးပစ်လိုက်ခြင်းကို ပုံပမာပေးပါသည်။ ထိုအပြုအမူသည် ဘုရားသခင်က ကျွန်တော်တို့ကို ကယ်တင်ချိန်တွင်ပြုခြင်းဖြစ်သည်၊ ဘုရားသခင်က ပထမ လုပ်ပေးသည်။ ကျွန်တော်တို့က သူ၏ကျေးဇူးတော်နှင့်ပြည့်ဝသောအလုပ်ကို မည်သို့မျှ မတုန့်ပြန်နိုင်ခင် လုပ်ပေးခြင်းဖြစ်သည်။ ထိုသို့ပြုပေးပြီးခါမှ ကျွန်တော်တို့ နောင်တရလာကြခြင်းဖြစ်သည်။ နောင်တရခြင်းက နောက်မှလိုက်လာသည်။

ထိုသို့ ကျွန်တော်တို့သဘောပေါက်လျှင်၊ ကလေးငယ်များအားဗတ္တိဇံပေးခြင်းကို ထူးဆန်းသောအရာဟု မမြင်တော့ဘဲ၊ သင့်တော်သောအရာဟု မြင်လာပါမည်။ အဆုံးတွင် ကျွန်တော်တို့အားလုံး၊ ကလေးဖြစ်စေ၊ လူကြီးဖြစ်စေ၊ ကယ်တင်ခြင်းရသူအားလုံးတို့သည် ကလေးကဲ့သို့ ကောင်းကင်နိုင်ငံတော်သို့ မဝင်ကြသူ မည်သူမျှမရှိပါ။ ဆိုလိုသည်မှာ ကျေးဇူးတော်သက်သက်ကြောင့်သာ ဝင်ရခြင်း၊ လုပ်ကိုင်မှုအားလုံးထက် ကျေးဇူးတော်က အရင်ကျခြင်း၊ ကယ်တင်ခြင်းခံရသူ၏ ယုံကြည်ခြင်းက နောက်မှသာလိုက်လာ ခြင်းတို့ဖြစ်ပါသည်။ ထိုကျေးဇူးတော်၏လုပ်ကိုင်ပေးခြင်းကို ကလေးတို့၏ ဗတ္တိဇံက ဂုဏ်ပြုနေခြင်းဖြစ်ပါသည်၊ အထိမ်းအမှတ်အဖြစ် အမှတ်တရ ကျင်းပနေခြင်းဖြစ်ပါသည်။

## ကမ္ဘာ့နိုင်ငံများကိုတပည့်ဖြစ်ရန်သင်ပေးခြင်းနှင့်ဗတ္တိဇံပေးခြင်းအကြောင်း
(Descipling and Baptizing nations)

မဿဲ ၂၈း၁၉ သည် ခရစ်တော်၏ဓမ္မသစ်အသင်းတော်အား ဗတ္တိဇံပေးရန် အခွင့်အာဏာ အပ်နှင်းမိန့် ပြန်ကြားရာနေရာ ဖြစ်ပါသည်၊- "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။" ထို့အပြင် ဗတ္တိဇံဆိုသည်မှာ ဂျူးလူမျိုးစုကလေး၏ ထုံးတမ်းစဉ်လာမဟုတ်၊ တကမ္ဘာလုံး၏ ဓလေ့ထုံးစံဖြစ်ကြောင်းကိုလည်း အတည်ပြုပေးပါသည်။

ဤအရေးကြီးလှသော ကျမ်းပိုဒ်နှင့်ပတ်သက်၍ အချက်နှစ်ခုပြောချင်ပါသည်။ ထိုကျမ်းပိုဒ်သည် ကလေးငယ်များဗတ္တိဇံကို ကန့်ကွက်နေခြင်းမဟုတ်၊ ထောက်ခံနေခြင်းဖြစ်သည်။ ပြင်းပြင်းထန်ထန် ထောက်ခံနေပါသည်။ နှစ်ခြင်းဂိုဏ်းများက ပြောတတ်ကြသည်မှာ သခင်ယေရှုက ကျွန်တော်တို့ကို ပထမ သင်ခိုင်းသည်၊ ထို့နောက် ဗတ္တိဇံပေးခိုင်းသည်၊ ထို့ကြောင့် ကလေးများသည် သင်၍မရသေး၊ ထို့ကြောင့် တပည့်တော်မဖြစ်နိုင်ကြသေး၊ ထို့ကြောင့် ဗတ္တိဇံမခံရဟူ၍ဖြစ်ပါသည်။ ထိုသို့ပြောခြင်းသည်၊ အရေးကြီးသောအချက် အတော်များများကို လွဲချော်သွားသော သင်ပေးခြင်းဖြစ်သည်။

ပထမ၊ ဤကျမ်းပိုဒ်တွင် သခင်ယေရှုက "နိုင်ငံအားလုံးကို သင်ပေး(တပည့်ဖြစ်စေ)ပါ၊ ထို့နောက် ဗတ္တိဇံပေးပါ" ဟု မပြောပါ။ ဒုတိယ၊ ဤကျမ်းပိုဒ်က တဦးချင်းအကြောင်း မပြောဘဲ၊ နိုင်ငံများအကြောင်း ပြောနေပါသည် (ယုဒသန်ကျမ်း၌ လူမျိုးတကာဟု သုံးသောစကားလုံးသည် နိုင်ငံများဟု ဆိုလိုခြင်းဖြစ်သည်)။ ထို့ကြောင့် သင်ပေးခြင်း(တပည့်ဖြစ်စေခြင်း)နှင့် ဗတ္တိဇံပေးခြင်း နှစ်ခုတို့သည် တချိန်တည်းဖြစ်နေသော အဖြစ်အပျက်နှစ်ခုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တကမ္ဘာလုံးရှိ နိုင်ငံအားလုံးကို သင်ပေးပြီးမှ ဗတ္တိဇံပေးရမည်ဆိုလျှင် မစောင့်နိုင်ပါ။ ထိုသို့ဖြစ်လျှင် ဗတ္တိဇံပေးခြင်းလည်း ရှိနိုင်မည် မဟုတ်ပါ။

ကျမ်းပိုဒ်တွင်သုံးသော သဒ္ဒါတည်ဆောက်ပုံကိုယ်၌က နှစ်ခြင်းဂိုဏ်းတို့၏အိုင်ဒီယာကို ငြင်းပယ်နေပါသည်။ ထိုကျမ်းပိုဒ်ကို အရှိအတိုင်းတိုက်ရိုက် ပြန်ရလျှင် "နိုင်ငံအားလုံးကို ဗတ္တိဇံပေးပြီးနောက် သင်ပေးပါ" (သို့) "နိုင်ငံအားလုံးကို ဗတ္တိဇံပေးလျှက် သင်ပေးပါ"ဟုဖြစ်ပါမည်။ "နိုင်ငံအားလုံးကို ဗတ္တိဇံမပေးခင် သင်ပေးပါ"ဟု လုံးဝပြန်ဆို၍မရပါ။ ထို့အပြင် ထိုကျမ်းပိုဒ်က တခုပြီးတခု ဖြစ်ရမည့်အစီအစဉ်ကိုလည်း ပြောနေခြင်းမဟုတ်ပါ။

ထို့အပြင် နိုင်ငံများတွင် ကလေးများလည်း ပါကြပါသည်။ ထို့ကြောင့် နိုင်ငံများကို တပည့်ဖြစ်စေလျှက် ဗတ္တိဇံပေးခြင်းတွင် ထိုနိုင်ငံများ၌ပါနေသော ကလေးငယ်များကိုလည်း တပည့်မဖြစ်စေဘဲ၊ ဗတ္တိဇံမပေးဘဲ နေ၍မဖြစ်နိုင်ပါ။ ထို့အပြင် မဿဲ ၂၈း၁၉ သည် ဟေရှာ ၅၂း၁၅ ပြည့်စုံခြင်းဖြစ်သည်ကိုလည်း မေ့ထား၍မရပါ၊ ("ထိုအတူ သူသည်

အများသောလူမျိုးတို့ကို သန့်ရှင်းစေလိမ့်မည်၊" ဟု ဆရာယုဒသန်က ဘာသာပြန်သော်လည်း၊ အမှန်တွင် "So shall he sprinkle many nations;"ဟုပြောခြင်းဖြစ်သည်၊ ဘာသာ ပြန်ရလျှင် "သူသည် နိုင်ငံအများကို ဖြန်းခြင်းပေးလိမ့်မည်" ဟူ၍ဖြစ်သည်။) ရှင်မဿဲကိုကြည့်လျှင် ကျွန်တော်တို့သည် အမြဲတမ်း ဓမ္မဟောင်းကျမ်း၏ ပြည့်စုံမှုကို ရှာရမည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချက်သည် ရှင်မဿဲကို ရေးရသည့်အကြောင်းများတွင် တခုဖြစ်သည်။ ရှင်မဿဲက အမြဲတမ်းပြနေသည်မှာ သခင်ယေရှုသည် ဓမ္မဟောင်းကို ပြည့်စုံစေသူဖြစ်သည် ဆိုသည့်အချက်ဖြစ်သည် (အထူးသဖြင့် အခန်းကြီး ၁၊ ၂ တို့တွင်ဖြစ်သည်)။ ထိုနေရာတွင် ပြည့်စုံပြီဟု ပြည့်ဆွန်ချင်သည့် အဓိကကျမ်းမှာ ဟေရှာ ၅၂း၁၅ ဖြစ်သည်။

ဟေရှာယကဖေါ်ပြသော နိုင်ငံများကိုဖြန်းခြင်းပေးသည် ဆိုသောကျမ်းပိုဒ်ကို၊ ခရစ်တော်၏ဝေဒနာခံစားခြင်းနှင့် အပြစ်အတွက်အသေပေးခံခြင်းက ဆက်လိုက်ပါသည်။ ၎င်းကို "သူသည် လူမဟုတ်သကဲ့သို့ မျက်နှာပျက်ခြင်း၊ လူသား မဟုတ်သကဲ့သို့ အဆင်းအသရေ ပျက်ခြင်းရှိသည်ကို၊ အများသောသူတို့သည် အံ့သြမိန်းမောကြသည်ဖြစ်၍" ဟူသောဖေါ်ပြချက်က ပြောနေပါသည်(ငယ် ၁၄)။ ထိုအချက်ကို နိုင်ငံအများအား ဖြန်းခြင်းပေးသည်ဟု ဆိုလိုခြင်းဖြစ်သည်။ လက်တွေ့အနေနှင့် မဿဲ ၂၈း၁၉ပါ ခရစ်တော်၏အမိန့်တော်ကို နာခံကျင့်သုံးခြင်းဖြင့် ဖြစ်လာနေပါသည်။

ဟေရှာ ၅၂း၁၄က နိုင်ငံများကို ဗတ္တိဇံပေးခြင်းအား ဖြန်းခြင်းနှင့်တထပ်တည်းဖြစ်ကြောင်း ပြနေယုံသာမကပါ၊ ဟေရှာယကျမ်း တအုပ်လုံးက တိုင်းနိုင်ငံများသည် ထိုဖြန်းခြင်းကိုခံယူရန် မိမိတို့ကလေးငယ်များနှင့်အတူ တနေရာသို့ စုဝေးလျှက် ရှိကြသည်ကိုလည်း ဖေါ်ပြနေပါသည်။ တိုင်းနိုင်ငံအများတို့က ခရစ်တော်ထံသို့ ဖြန်းခြင်းခံရန်၊ ကယ်တင်ခြင်းရရန် လာကြသောအခါ၊ သူတို့သည် မိမိတို့ သားသမီးများကို ခေါ်လာကြပါသည်၊ နို့စို့ကလေးငယ်များကိုလည်း ခေါ်ဆောင်လာကြပါသည်(ဟေရှာ ၄၉း၂၂၊ ၆၀း၄)။ ထိုတိုင်းနိုင်ငံများကို ဖြန်းခြင်းပေးခြင်းသည် သခင်ယေရှုခရစ်၏ ကယ်တင်ခြင်းလုပ်ငန်းတွင် ပြည့်စုံခဲ့ပြီဖြစ်သည်၊ ထိုပြည့်စုံခြင်းကို ဗတ္တိဇံပေးခြင်း၌ မှတ်မိသတိရကြပါသည်၊ မြင်တွေ့ကြပါသည်။ ရိုမန်ကက်သလစ်တို့၏ ဓလေ့ထုံးစံကို အတုခိုးခြင်းက ထိုအချက်ကို မဖေါ်ပြပါ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံခြင်းကသာ ဖေါ်ပြနိုင်ပါသည်၊ ထိုနာခံခြင်းဖြင့် ရီဖေါ့(မ်)အသင်းတော်များက ကလေးငယ် များအားဗတ္တိဇံပေးခြင်းကို ကျင့်သုံးကြခြင်းဖြစ်ပါသည်။

### သခင်ဘုရား၏ညစာပွဲတော်အကြောင်း (The Lord's Super)

ပွဲတော်မင်္ဂလာ နှစ်ခုသာရှိသည် ဆိုသောအကြောင်း ပြောသောခေါင်းစဉ်တွင်၊ ဗတ္တိဇံသည် ဘုရားသခင်၏ပဋိညာဉ်နှင့် သူငယ်ချင်းမိတ်ဆွေဖြစ်မှုအတွင်း ဝင်ရောက်ခြင်းကို နိမိတ်ပုံဆောင်သည်၊ ညစာပွဲတော်မင်္ဂလာက ထိုပဋိညာဉ်အတွင်း နေထိုင်အသက်ရှင်ပုံကို ပုံဆောင်ပါသည်ဟု ပြောခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ထိုနှစ်ခုပေါင်းက ကျွန်တော်တို့၏ ခရစ်ယာန်တဘဝလုံးကို ပြသနေပါသည်။ ကျေးဇူးတော်သက်သက်ကြောင့်သာ ဖြစ်ကြောင်း ပြနေကြပါသည်။

ထိုပွဲတော်မင်္ဂလာနှစ်ခုကပေးသည့် ထူးခြားလှသောသက်သေမှာ ခရစ်တော်နှင့်သူ၏ယဇ်ပူဇော်ပေးခြင်းတို့သည် အခရာ ဖြစ်သည်ဟု ပြနေခြင်းဖြစ်သည်။ ရေနှင့်ပေးသောဗတ္တိဇံက ခရစ်တော်၏အသွေးတော်နှင့်အသေခံခြင်းကြောင့် ကျွန်တော်တို့ ပဋိညာဉ်ထဲဝင်ရောက်ခွင့်ရကြသည်ဟု ပြောပြနေချိန်တွင်၊ သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာက ဘုရားသခင်၏နိုင်ငံတော်နှင့် ပဋိညာဉ်ထဲ ဝင်ရောက်ကြပြီးသောအခါတွင်လည်း ထိုခရစ်တော်၏အသေခံပေးသော၊ ကိုယ်ခန္ဓာနှင့် အသွေးတော်သည်သာ ကျွန်တော်တို့၏ အသက်၊ အဟာရ၊ ခွန်အားဖြစ်ပါသည်ဟု ပြောပြနေပါသည်။

သခင်ဘုရား၏ ညစာပွဲတော်မင်္ဂလာက ဘုရားသခင်၏ပဋိညာဉ်ထဲတွင်အသက်ရှင်ရခြင်းသည် အဘယ်သို့နည်းဆိုသည်ကို ပြောပြပါသည်။ ၎င်းက ပြောပြနေသောအမှန်တရားမှာ သခင်ဘုရား၏စားပွဲတွင် သူ၏မိသားစုဝင်များအဖြစ် အတူတူထိုင်ရခြင်းကို ဖြစ်ပါသည်။ ထို့အပြင် ကျွန်တော်တို့၏ဖခင်ကြီးဖြစ်သော ဘုရားသခင်က ကျွန်တော်တို့ကို မည်မျှဂရုစိုက်ကာ၊ လိုအပ်မှုအားလုံးအတွက် ပံ့ပိုးပေးနေသည်ကို ပြောပြပါသည်။ အမှန်ပြောရလျှင်၊ သခင်ဘုရား၏ညစာပွဲတော်က ထိုမျှကိုသာ ပြောပြသည်မဟုတ်ပါ၊ ၎င်းသည် ထိုမိတ်သဟာယဖွဲ့မှုနှင့် ဂရုစိုက်မှုတို့ကို ကျွန်တော်တို့ ခံစားနိုင်ရာ နည်းလမ်းလည်းဖြစ်ပါသည်။

သခင်ဘုရား၏ ညစာပွဲတော်မင်္ဂလာက ပေးသောနိမိတ်ပုံများတွင် ခြားနားသောအကြောင်းအရာများ ပါဝင်နေပါသည်။ ထိုအကြောင်းအရာအားလုံးက ဘုရားသခင်၏ မိတ်သဟာယသူငယ်ချင်းဖွဲ့မှု၊ ထောက်ပံ့မစမှုတို့ကို အထူးပြုဖေါ်ပြနေသလို၊ ဘုရားသခင်၏ပဋိညာဉ်အတွင်း နေထိုင်အသက်ရှင်ပုံကိုလည်း အထူးပြုဖေါ်ပြပါသည်။

ပထမ၊ စားပွဲကိုယ်၌က ထူးခြားလှသည်။ ထို့ကြောင့် "သခင်ဘုရား၏စားပွဲ"ဟုပင် တချို့ကခေါ်ပါသည်(၁ကော ၁၀း၂၁)။ ထိုစားပွဲက ဘုရားသခင့်ပဋိညာဉ်ထဲရှိ ကျွန်တော်တို့၏နေရာကို သင်္ကေတပြုပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့ကို ဖခင်ကဲ့ သို့ချစ်တော်မူသည်၊ ကျွန်တော်တို့၏ လိုအပ်ချက်များအားလုံးကို ထောက်ပံ့မစသည်။

ဒုတိယ၊ မုန့်နှင့်စပျစ်ရည်ဖြစ်သည်။ ထိုအရာများလည်း အရေးကြီးကြပါသည်။ ချိုးဖဲ့ခြင်း၊ သွန်းလောင်းခြင်း စသည်တို့က ခရစ်တော်၏ ဝေဒနာခံစားခဲ့ရသောခန္ဓာ၊ သွန်းခဲ့ရသောအသွေးတို့ကို သင်္ကေတပြုနေကြသည်။ ၎င်းတို့သည် ကျွန်တော်တို့၏ နေ့စဉ်စားရသောအစားအစာများကဲ့သို့ ကျွန်တော်တို့ကို ခွန်အားရှိစေသည်၊ လန်းဆန်းစေပါသည်၊ ထိုအရာတို့ဖြင့် ကျွန်တော်တို့၏ဝိညာဉ်များကို ကျွေးမွေးတော်မူသည်၊ ထောက်ပံ့သည်၊ ကြီးလာစေသည်၊ တိုးတက်စေသည်၊ ထာဝရအသက်ရဖို့ ကျွန်တော်တို့ကို စောင့်ထိန်းပေးပါသည်။ ထိုအရာများကို ကျွန်တော်တို့ မမေ့ဘဲနေကြရမည်။ ခရစ်တော်၏ယဇ်ပူဇော်ခြင်းသည် ကျွန်တော်တို့အပြစ်များအတွက် ပေးဆပ်ခြင်းသာမကပါ၊ ကျွန်တော်တို့ကို ဘုရားသခင်၏ မျက်နှာသာပေးခြင်းနှင့် မိတ်သဟာယပြုခြင်းသို့ ပြန်လည်ပို့ဆောင်သော နည်းလမ်းလည်းဖြစ်ပါသည်။ ထို့အပြင် ၎င်းသည် ကျွန်တော်တို့၏နေ့တိုင်းလိုအပ်သော ခွန်အား၊ အဟာရဓါတ်၊ အကူအညီလည်းဖြစ်ပါသည်၊ ယွှုဘဝကိုထားခဲ့ကာ ထာဝရအိမ်သို့ဝင်ရောက်ကြချိန်ထိ ထိုအရာတို့ကိုပြုပေးနေမည်ဖြစ်ပါသည်။ ညစာပွဲတော်မင်္ဂလာက ခရစ်တော်သည် အရာခပ်သိမ်း၏အရာခပ်သိမ်းဖြစ်သည်ဟု ပြောပြပါသည်။

တတိယ၊ စားခြင်းနှင့်သောက်ခြင်း။ ၎င်းတို့က ကျွန်တော်တို့၏ယုံကြည်ခြင်းကို ပုံဆောင်ကြပါသည်။ ထို့အပြင် ယုံကြည်ခြင်းသည် အရေးကြီးသောအရာ၊ မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်ဟုလည်း ပြောပြပါသည်။ စားစရာနှင့် သောက်စရာများသည် ကျွန်တော်တို့က မစားသ၍၊ မသောက်သ၍ ဘာမှအကျိုးမရှိသေးပါ။ ထို့အတူ ခရစ်တော်၏ ချိုးဖဲ့ထားသောကိုယ်၊ သွန်းသောအသွေးတို့သည်လည်း ယုံကြည်ခြင်းမရှိလျှင် အချည်းနှီးသာဖြစ်ပါသည်။ ရိုမန်ကက်သလစ်တို့က ပြောသလို၊ ပွဲတော်ကိုစားယုံနှင့် အော်တိုမက်တစ် ကောင်းချီးဆိုသည်မျိုး မရှိပါ။ ရီဖော့(မ်)ခံယူယုံကြည်ချက် ဘဲလ်ဂျစ်ယုံကြည်ချက်က၊ "ကျွန်ုပ်တို့၏ဝိညာဉ်များ၏ လက်နှင့်ပါးစပ်"ဟု ယုံကြည်ခြင်းကို ခေါ်ထားပါသည်။ ထို့ကြောင့် သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာကို စားခြင်းနှင့်သောက်ခြင်းက ကျွန်တော်တို့၏ နေ့စဉ်အစားအစာကို စားကြသလို၊ ယုံကြည်ခြင်းဖြင့် ကျွန်တော်တို့သည် ခရစ်တော်ကို တကယ်ပင် လက်ခံရရှိကြသည်၊ ထို့အပြင် သူသည် ယုံကြည်ခြင်း အားဖြင့် ကျွန်တော်တို့အထဲ၌ နေထိုင်တော်မူလျှက်၊ သူသည် ကျွန်တော်တို့၏အသက်နှင့် ခွန်အားဖြစ်သည်ကို သတိရစေပါသည်။

မည်မျှလှပသော ပန်းချီကား ဖြစ်ပါသနည်း!

## သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာတွင် ခရစ်တော်ရှိနေပုံအကြောင်း

(The Presence of Christ in the Lord's Supper)

ဘုရားသခင်၏မိသားစုညီညွတ်ခြင်းကို သင်္ကေတပြုနေသည့် သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာသည် အသင်းတော်များအကြား အများအပြားကွဲပြားစေသည့်၊ အငြင်းပွားမှုများကိုဖြစ်စေသည့် အကြောင်းအရင်းတခုဖြစ်နေရခြင်းမှာ အတော်ပင်ဝမ်းနည်းစရာ ကောင်းလှပါသည်။ သို့သော် ထိုသို့ဖြစ်စေရသည့်အကြောင်းအရင်းများသည် အရေးမကြီးသော ကိစ္စလေးများတော့ မဟုတ်ကြပါ။

အဓိကအငြင်းပွားကြသည့်မေးခွန်းမှာ သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာတွင်/မင်္ဂလာ၌ ခရစ်တော် ရှိနေပါသလော? မည်သို့မည်ပုံရှိနေသနည်း? စသည့်တို့နှင့်ပတ်သက်သောမေးခွန်းဖြစ်ပါသည်။ ဤပြဿနာအပေါ်ထားသော ကျွန်တော်တို့၏အမြင်များက ညစာပွဲတော်ကို မည်သို့ အသုံးပြုကြပါသနည်း? ဆိုသည်ကို ကြီးစွာသက်ရောက်လာပါမည်၊- အယူသီးခြင်းဖြင့်သုံးသလော? ယုံကြည်စွာနှင့်သုံးသလော? ဂရုမစိုက်စွာနှင့်သုံးသလော? (သို့) ဂရုတစိုက်နှင့်လော? စသည်တို့အပေါ်သက်ရောက်ပါမည်။

ခြားနားသောအမြင်များမှာ အောက်ပါအတိုင်းဖြစ်သည်၊-

ရိုမန်ကက်သလစ်တို့အမြင်၊ ၎င်းတို့က ပွဲတော်ကို *တရန်စပ်စတန်တီယေးရှင်း*(transubstantiantion)ဟုခေါ်ပါသည်။ အဓိပ္ပါယ်မှာ ညစာပွဲတော်မှ မုန့်နှင့်စပျစ်ရည်သည် ဘုန်းတော်ကြီးက ကောင်းချီးပေးလိုက်သည်နှင့် ခရစ်တော်၏ တကယ့်အသွေးနှင့်အသားသို့ ပြောင်းသွားသည်ဟုဖြစ်သည်။ ဤအမြင်က ယုံကြည်ခြင်းကို ဘေးဖယ်ထားလိုက်သည်၊ အားလုံးက ခရစ်တော်ကိုလက်ခံဖို့ လုပ်စရာလိုသည်မှာ မုန့်နှင့်စပျစ်ရည်ကို စားလိုက်ယုံဖြစ်သည်။ ထိုအမြင်က "မတ်စ်" (Mass)ဩဝါဒ၏ အခြေခံသွန်သင်ခြင်းကို ချမှတ်ပေးသည်၊ ပွဲတော်၌သုံးသောမုန့်သည် ခရစ်တော်၏အသားအဖြစ်

ပြောင်းသွားပြီဖြစ်သဖြင့်၊ မုန့်ကိုချိုးဖဲ့သောအခါ၊ ခရစ်တော်၏ယဇ်ပူဇော်ခြင်းသည်နောက် တကြိမ်ပြန်ဖြစ်လာသည်ဟု သင်ပေးသည်။ "မတ်စ်"၏အဓိပ္ပါယ်သည် ယဇ်ပူဇော်ခြင်းဖြစ်သည်။

"မာတင်လူသာ"နောက်လိုက် လူသရန်အသင်းတော်များ၏အမြင်က၊ ခရစ်တော်၏တကကယ့်ခန္ဓာနှင့် အသွေးတို့သည် မုန့်နှင့်စပျစ်ရည်နှင့်အတူ ပါဝင်သည်ဟု သင်ပါသည်။ ၎င်းကို *ကွန်စပ်စတန်တီယေးရှင်း*(consubstantiantion)ဟု ခေါ်ပါသည်။ ရိုမန်ကက်သလစ်တို့နှင့်အတော်ဆင်တူပါသည်၊ သို့သော် ၎င်းတို့က မတ်စ်ဝါဒကိုတော့ ထည့်မသွင်းထားပါ။ နှစ်မျိုးလုံးက ခရစ်တော်၏တကယ့်အသွေးနှင့်အသား ပါဝင်သည်ဟုပြောကြပါသည်။

နောက်တအုပ်စု၏အမြင်မှာ ယနေ့ခေတ် ဧဝံဂေလိအဖွဲ့များ၏အမြင်ဖြစ်သည်၊ ၁၆ ရာစုနှစ်က ဆွစ်ဇာလန်နိုင်ငံ အသင်းတော်ပြန်လည်ပြုပြင်သူ အူလ်ရစ်ချ် ဇွင်လီ(Ulrich Zwingli)၏အမြင်နှင့်အတူတူဖြစ်သည်။ ထိုအမြင်က ခရစ်တော်သည် ပွဲတော်မင်္ဂလာတွင် မည်သည့်ပုံစံနှင့်မျှ မပါပါ၊ ၎င်းသည် ခရစ်တော်၏အသေခံခြင်းကို အောက်မေ့ဘွယ် အတွက်သာ ကျင်းပခြင်းဖြစ်သည်၊ သတိရဖို့သာကျင်းပခြင်းဖြစ်သည်ဟု သင်ပေးပါသည်။ ရိုမန်ကက်သလစ်နှင့် လူသာရန်တို့၏အမှားကို ရှောင်ချင်၍ ထိုသို့သင်ပေးသော်လည်း ကျမ်းစာနှင့်မညီသော သွန်သင်ခြင်းသာဖြစ်သည်ကို မကြာမှီ တွေ့ရပါမည်။ ထို့အပြင် ထိုအမြင်က အဘယ့်ကြောင့် သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာကို ဂရုထားကြီးစွာဖြင့် ကျင့်သုံးရမည့်အကြောင်းကို ရှင်းမပြပါ။ အကယ်၍ ညစာပွဲတော်မင်္ဂလာသည် အောက်မေ့သတိရယုံမျှသာဖြစ်လျှင်၊ မိမိကိုယ်ကို စမ်းစစ်ခြင်းနှင့် "ကျိန်ခြင်းခံရမည်"ကို ကြောက်ရွံ့ရခြင်းတို့ လိုအပ်မည် မဟုတ်ပါ (၁ကော ၁၁း၂၉)။

သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာကို ရီဖော့မ်ယုံကြည်ချက်က တွေ့မြင်ပုံမှာ၊- ခရစ်တော်သည် ညစာပွဲတော်မင်္ဂလာတွင် တကယ်ပင်ရှိနေပါသည်၊ သို့သော် ဝိညာဉ်အားဖြင့်သာရှိနေပါသည်၊ တကယ့်အသွေးအသား ကိုယ်ခန္ဓာနှင့်တော့ မဟုတ်ပါ။ နောက်တနည်းဖြင့်ပြောရလျှင် သူသည် ဘုရားသခင့်လူတို့၏ ယုံကြည်ခြင်းသို့ ရှိနေခြင်းဖြစ်သည်၊ သူသည် သူတို့နှင့်မိတ်သဟာယဖွဲ့သည်၊ ယုံကြည်ခြင်းအားဖြင့် သူတို့ကို ကျွေးမွေးပါသည်။ သူသည် မုန့်နှင့်စပျစ်ရည်ကို သုံးလျှက် သူတို့၏ယုံကြည်ခြင်းကို သူထံသို့ပြည့်ဆွန်ပါသည်။

ထိုရီဖော့(မ်)အမြင်ကို ၁ကော ၁၁း၂၉ တွင် ရှင်းလင်းစွာပြောပြပါသည်။ ၎င်းက ညစာပွဲတော်မင်္ဂလာတွင် "သခင်ဘုရား၏ ကိုယ်ခန္ဓာကို ချင့်ချိန်နားလည်ခြင်း"ဟု ပြောထားပါသည်။ ထို့အတူ ညစာပွဲတော်မင်္ဂလာကို ခန့်အပ်စဉ်ပြောခဲ့သော သခင်ယေရှု၏စကားများတွင်လည်း တွေ့နိုင်ပါသည် "ဤအရာသည် ငါ၏ကိုယ်ခန္ဓာဖြစ်သည်။" ညစာပွဲတော်မင်္ဂလာတွင် ခရစ်တော်ရှိနေသဖြင့်သာ ထိုပွဲတော်မင်္ဂလာကို "သေချာ မိမိကိုယ်ကို မစမ်းစစ်ဘဲ"စားလျှင်၊ သောက်လျှင် ကျိန်ခြင်းကို ခံရခြင်းဖြစ်ပါသည်။ ထို့အတူ ပွဲတော်မင်္ဂလာတွင် ခရစ်တော်ရှိနေ၍သာ ၎င်းသည် ကောင်းချီးမင်္ဂလာခံရရာ ဖြစ်လာနိုင်ပါသည်။ ကျမ်းစာကသင်ပေးသော ရီဖော့(မ်)အမြင်ကသာ သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာကို များစွာသောအဓိပ္ပါယ်နှင့်အကျိုးရလဒ်တို့ကို ပေးပါသည်။ ပွဲတော်မင်္ဂလာ၌ ကျွန်တော်တို့သည် သခင်ယေရှုကို သူ၏ ပြည့်စုံခြင်း အားလုံးနှင့်အတူ ကျွန်တော်တို့၏ကယ်တင်ရှင်အဖြစ်၊ ကယ်လွှတ်ရှင်အဖြစ် စုံတွေ့ကြပါသည်၊ ပျော်ရွှင်စွာ မွေ့လျော်ကြပါသည်။ ထိုသို့ ပွဲတော်မင်္ဂလာကို အသုံးပြုကြရပါမည်။

## ညစာပွဲတော်မင်္ဂလာ၌သုံးသော မုန့်နှင့်စပျစ်ရည်အကြောင်း

(Bread and Wine in the Lord's Supper)

ပွဲတော်မင်္ဂလာနှင့်ပတ်သက်၍ မေးလေ့ရှိသောနောက်မေးခွန်းတခုမှာ "ဗတ္တိဇံမင်္ဂလာတွင် အသုံးပြုသောပစ္စည်း တစ်မျိုးသာ(ရေ)ဖြစ်သော်လည်း၊ အဘယ့်ကြောင့် ညစာပွဲတော်မင်္ဂလာတွင် အသုံးပြုသောပစ္စည်း နှစ်မျိုး(မုန့်နှင့်စပျစ်ရည်) ဖြစ်နေရပါသနည်း?"ဟူ၍ဖြစ်ပါသည်။ ထိုမေးခွန်းသည် ညစာပွဲတော်မင်္ဂလာ၏အဓိပ္ပါယ်နှင့်ပတ်သက်၍ အတော်အရေးကြီးသော မေးခွန်းဖြစ်ပါသည်။

ကျမ်းစာကိုလေ့လာသောအခါ၊ မုန့်(bread = ပေါင်မုန့်)သည် အသက်အတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်ကို တွေ့ရပါသည်(မြန်မာလူမျိုးများအတွက်ဆိုလျှင် ထမင်းနှင့်တူပါမည်)။ ထို့အတွက်ကြောင့် ပေါင်မုန့်ကို ကျွန်တော်တို့က လွယ်လွယ်ကူကူ၊ အသက်အတွက်လိုအပ်ချက်ဟု ပြောလေ့ရှိကြပါသည်။ သခင်ဘုရား၏ ဆုတောင်းချက်တွင်လည်း "နေ့စဉ်အစာ"ကိုဆုတောင်းပါဟု သင်ပေးထားပါသည်။ ထို့ကြောင့် ကျွန်တော်တို့၏ နေ့စဉ်လိုအပ်ချက်များအတွက် ဆုတောင်းခြင်းကို ပြောနေခြင်းဖြစ်သည်။ ထို့ကြောင့် သခင်ဘုရား၏ ညစာမင်္ဂလာ၌သုံးသော မုန့်က ခရစ်တော်၏ ယဇ်ပူဇော်ခြင်းသည် ကျွန်တော်တို့၏ဝိညာဉ်ရေးရာအသက်အတွက် မရှိမဖြစ် လုံးလုံးလျှားလျှားလိုအပ်ခြင်းကို

ပြသနေပါသည်။ "နေ့စဉ်အစာ"မစားရဘဲ အသက်မရှင်နိုင်ကြသလို၊ ခရစ်တော်မပါဘဲ ကျွန်တော်တို့ အသက်မရှင်နိုင်ကြပါ၊ သူသည် အသက်ကိုပေးသောအစာဖြစ်သည်။

သို့ဆိုလျှင် ဝိုင်(စပျစ်ရည်)ကို မည်သို့နားလည်ရမည်နည်း?

ကျမ်းစာတွင် ဝိုင်(စပျစ်ရည်)က ဇိမ်ကျခြင်း၊ ပေါများခြင်း၊ ဝဖြိုးခြင်း၊ တိုးတက်ကြွယ်ဝခြင်း၊ ဝမ်းမြောက်ခြင်း၊ ပျော်ရွှင်ခြင်း၊ ပွဲလမ်းသဘင်ကျင်းပခြင်းတို့ကို ပုံဆောင်ပါသည် (တရား ၂၈း၅၁၊ ဆာလံ ၁၀၄း၁၅၊ ဟေရှာ ၅၅း၁၊ ယောလ ၃း၁၈)။ ၎င်းက နေ့စဉ်လိုအပ်ချက်ထက် ပိုလျှံခြင်းကိုဆိုလိုသည်၊ ဘဝသည် ဖြစ်တည်မှုမျှသာ မကကြောင်း ပြသပါသည်။ ဘဝ၏ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်နေခြင်း၊ ဝမ်းသာနေခြင်း တို့ကိုပြောပါသည်။

ထို့ကြောင့် သခင်ဘုရား၏ ညစာပွဲတော်မင်္ဂလာတွင်သုံးသော စပျစ်ဝိုင်က၊ ခရစ်တော်သည် ကျွန်တော်တို့ ဝိညာဉ်အသက်အတွက် မရှိမဖြစ်၊ အခြေခံလိုအပ်ချက်မျှသာ မကပါ၊ ဝိညာဉ်ဘဝအတွက် ဝဖြိုးခြင်း၊ တိုးတက်ခြင်း၊ ဝမ်းမြောက်ခြင်းတို့ကိုလည်း ဖြစ်စေပါသည် ဆိုသည့်အချက်ကို ပြောပြပါသည်။ နောက်တမျိုးပြောရလျှင် စပျစ်ဝိုင်က ဘုရားသခင်သည် ခရစ်တော်အားဖြင့် ကျွန်တော်တို့ လိုအပ်သည်ကိုသာ ပေးယုံမကပါ၊ အစဉ်အမြဲ "ကျွန်တော်တို့က တောင်းသည်ထက်၊ မတွေးမိသောအရာများကိုပင် အလျှံအပယ်၊ ပေါများလှစွာ ပေးတော်မူပါသည်"ဆိုသည်ကို ကျွန်တော်တို့အား သတိရစေပါသည်(ဧဖက် ၃း၂၀)။ ဘုရားသခင်သည် ဂရုဏာတော်တွင် အလွန်ချမ်းသာပါသည်၊ မိမိလူများကို ပြည့်ဝသော ကျင်နာမှုချစ်ခြင်းဖြင့် ကြည့်ရှုတော်မူပါသည်။

ထို့ကြောင့် သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာတွင် အသုံးပြုသောပစ္စည်းနှစ်မျိုးလုံးကို အတူတကွကြည့်လျှင်၊ ခရစ်တော်သည် အရာခပ်သိမ်းဖြစ်ပါသည် ဆိုသောအမှန်တရားကို ထပ်ပြောပြနေပါသည်။ သခင်ဘုရား၏ညစာပွဲတော် မင်္ဂလာက အဓိကသက်သေပေးသည်မှာ ခရစ်တော်သည် ကျွန်တော်တို့၏ကယ်တင်ခြင်းအတွက် အာလဖာနှင့်အိုမီဂါ ဖြစ်ပါသည် ဆိုသောအချက်ဖြစ်ပါသည်(အာလဖာ၊ အိုမီဂါ ဆိုသည်မှာ အစမှအဆုံးဟုဆိုလိုခြင်းဖြစ်ပါသည်)။ သူသာမပါလျှင် ကျွန်တော်တို့တွင် ဘာမှမရှိပါ။ သူနှင့်အတူဆိုလျှင် ကျွန်တော်တို့တွင် အားလုံးရှိပါသည်။ ထို့ကြောင့် သူ့ကိုသာလျှင်၊ သူတပါးတည်းသာလျှင် ကျွန်တော်တို့က တောင့်တဖို့ ထိုက်တန်ပါသည်၊ ရှာဖွေဖို့၊ ချစ်ဖို့၊ အမှုဆောင်ဖို့ ထိုက်တန်ပါသည်။

သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာဆိုသော ဘုရားသခင်၏လက်ဆောင်ကို ခံစားကြရင်းနှင့် ကျွန်တော်တို့သည် သူ့ကို နှစ်ခွမဟုတ်သောနှလုံးသားနှင့် ရှာဖွေကြပါမည်၊ သူ၏ပြည့်စုံခြင်းအားလုံးကို ပျော်ရွှင်စွာခံစားကြပါမည်။ မိမိတို့ကိုယ်ကို မကိုးစားကြဘဲ၊ သူမှလွဲ၍ အခြားမည်သူကိုမှ မရှာဘဲ၊ သူ၏ပြည့်ဝခြင်း၊ ပြည့်စုံခြင်းအားဖြင်သာ ကျွေးမွေးခြင်းကို ခံယူကြပါမည်။ သူ့ကျေးဇူးတော်ကြောင့် လန်းဆန်းလာလျှက်၊ ယျှဘဝကိုထားခဲ့ပြီး ခမည်းတော်၏အိမ်တော်တွင် သူပြင်ပေးသောနေအိမ်၌ သူနှင့်အတူ ရှိသည့်အချိန်တွင် ရရှိကြမည့်အရသာကို ယျှကတည်းက ခံစားကြပါမည်။

## မိမိကိုယ်ကိုစမ်းစစ်ခြင်းနှင့်သခင်ဘုရား၏ညစာပွဲတော်

(Self-examination and the Lord's Super)

ကျမ်းစာက လုံးလဝီရိယနှင့် မိမိကိုယ်ကိုစမ်းစစ်ခြင်းအကြောင်းအား သခင်ဘုရား၏ညစာပွဲတော်နှင့်ဆက်နွယ်၍ အမိန့်ပေးထားပါသည်။ ၁ကော ၁၁း၂၈-၂၉ တွင် "သို့သော် တစုံတဦးသည် မိမိကိုယ်ကို စစ်ဆေးစေ၊ ထို့နောက်မှ ထိုမုန့်ကို စားစေ၊ ထိုခွက်ကိုသောက်စေ။ အဘယ့်ကြောင့်ဆိုသော် မထိုက်တန်ဘဲ စားသူ၊ သောက်သူသည် မိမိကိုယ်ကို ဒုက္ခရောက်စေသူဖြစ်သည်၊ သခင်ဘုရား၏ ကိုယ်ခန္ဓာကို ချင့်ချိန်နားလည်နိုင်စွမ်း မရှိ၍ဖြစ်သည်"ဟု ပြောပါသည်။ ထိုသို့ မိမိကိုယ်ကို စစ်ဆေးခြင်းသည် ပွဲတော်မင်္ဂလာ ကျင်းပချိန်မှသာမဟုတ်ပါ၊ အမြဲတမ်းပြုရမည့် ကျွန်တော်တို့၏တာဝန်ဖြစ်ပါသည်(ယေမြည် ၃း၄၀၊ ၂ကော ၁၃း၅)။ ထို့ကြောင့် မိမိကိုယ်ကိုစစ်ဆေးခြင်းဆိုသည်မှာအဘယ်နည်းဟု သေချာသိရန် လိုပါသည်။

ပထမအနေနှင့် ကျွန်တော်တို့သည် မိမိကိုယ်ကို စစ်ဆေးခြင်းအကြောင်း ပြောနေကြသည်ကို သတိပြုရပါမည်။ အခြားသူများ၏အသက်တာများကို စစ်ဆေးရမည်ဟု ပြောနေခြင်းမဟုတ်ပါ။ မိမိ၏အသက်ရှင်ပုံကို စစ်ဆေးရမည်ဖြစ်သည်။ တခြားသူများကိုစစ်ဆေးကြလျှင် မိမိကိုယ်ကိုဖြောင့်မတ်သူများဟု ထင်မှတ်မှားနေကြပါမည်။ မိမိကိုယ်ကို စစ်ဆေးခြင်းကသာ စစ်မှန်သောနောင်တနှင့် ဘုရားသခင်အားစစ်မှန်စွာယုံကြည်ခြင်းသို့ ရောက်စေနိုင်ပါသည်။ အခြားသူများကို စစ်ဆေးချင်ခြင်းသည်၊ အများအားဖြင့် မိမိကိုယ်ကို စစ်ဆေးခြင်းကို ရှောင်လို၍ဖြစ်လေ့ရှိပါသည်။

ဒုတိယ၊ မိမိကိုယ်ကိုစစ်ဆေးခြင်းဆိုသည်မှာ မိမိ၏အတွင်းသို့ စစ်ဆေးခြင်းဖြစ်သည်။ ကျွန်တော်တို့သည် မိမိတို့ကိုယ်ကို တရားစီရင်ကြလျှင် တရားစီရင်ခံခြင်းမှလွတ်မည်ဖြစ်သည် (၁ကော ၁၁း၃၁)။ ဘုရားသခင်ကိုယ်တိုင်နှင့် သူ

**၏နုတ်တော်ထွက်သည် ကျွန်တော်တို့ကို စစ်ဆေးမည့်သူများ ဖြစ်ကြပါသည်(၅ရာ ၂၈:၉၊ ဆာလံ ၂၆:၂၊ ၄၄:၂၁)။ ကျွန်တော်တို့ ဆုတောင်းရမည့်စကားလုံးများသည် ဆာလံ ၁၃၉:၂၃-၂၄ အတိုင်းဖြစ်ရပါမည်၊** “အိုဘုရားသခင်၊ အကျွန်ုပ်ကိုစစ်ကြော၍၊ အကျွန်ုပ်၏နှလုံးကို သိမှတ်တော်မူပါ။ စုံစမ်း၍ စိတ်အထင်များကိုလည်း သိမှတ်တော်မူပါ။ ဆိုးသောလမ်းသို့ အကျွန်ုပ် လိုက်သည် မလိုက်သည်ကို ကြည့်ရှု၍၊ ထာဝရလမ်းထဲသို့သွေးဆောင်တော်မူပါ။” **မိမိကိုယ်ကိုစစ်ဆေးခြင်းဆိုသည်မှာ ဘုရားသခင်၏အစစ်ဆေးကို ခံယူခြင်းဖြစ်ပါသည်။**

တတိယ၊ မိမိကိုယ်ကိုစစ်ဆေးခြင်း၏ရည်ရွယ်ချက်သည် ကျွန်တော်တို့ ကယ်တင်ခြင်းရသလား၊ ယုံကြည်ခြင်းရှိသလားနှင့် မဆိုင်ပါ။ ထိုသို့ဆိုလျှင် ဖြစ်နိုင်မည်မဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော် ယုံကြည်ခြင်းမရှိသူက မိမိကိုယ်ကိုစစ်ဆေးဖို့ မတွေးတတ်ပါ။ ယုံကြည်ခြင်းရှိသူသည် သံသယမဖြစ်ရပါ၊ (သို့) မိမိရပြီးသောကယ်တင်ခြင်းကို သံသယဖြစ်ဖို့ မတွေးသင့်ပါ၊ ထိုသို့တွေးခြင်းကို အားမပေးသင့်ပါ(၂ကော ၁၃:၅)။ ဘုရားတရားကြောက်ရွံ့ရိုသေခြင်း၌ ရိုးသားစွာ နေထိုင်လျှက်၊ ဘုရားသခင့်ရှေ့တွင် ယုံကြည်ခြင်းဖြင့် ဆက်လက်နေထိုင်ရပါမည်။

ထိုအချက်များကို စိတ်တွင်ထားလျှက်၊ မိမိကိုယ်ကိုစစ်ဆေးခြင်းတွင် အကြောင်းအရာသုံးမျိုးအား နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးခြင်းဖြစ်သည်ကို သိရပါမည်။ (၁) ကျွန်တော်တို့၏အပြစ်များခြင်းအဖြစ်၊ (၂) ကျွန်တော်တို့အတွက်လုပ်ပေးသော၊ ကျွန်တော်တို့အထဲ၌လုပ်ပေးသော ဘုရားသခင့်ကျေးဇူးတော်၏လုပ်ပေးခြင်း၊ (၃) ဘုရားသခင်ကိုနာခံ၍အသက်ရှင်ရန်သည် ကျွန်တော်တို့၏ တာဝန်ဖြစ်ခြင်း၊ ဘုရားသခင်အား သန့်ရှင်းသောကျေးဇူးတင်ခြင်းနှင့်ကျေးဇူးတင်ခြင်း စသည်တို့ဖြစ်သည်။ ကျွန်တော်တို့သည် မိမိတို့၏အပြစ်ရှိခြင်းအဖြစ်ကို စစ်ဆေးရခြင်းမှာ ကျွန်တော်တို့၏ ယိုယွင်းပျက်စီးနေခြင်း၏ နက်ရှိုင်းမှုကို ပြန်သိမြင်ရန်ဖြစ်သည်၊ ထို့နောက် ကျွန်တော်တို့၏နှလုံးသားက ကျွန်တော်တို့ကို မညာကြောင်းသေချာကြရန်ဖြစ်သည် - ဆိုလိုသည်မှာ မိမိတို့၏အပြစ်များကို မိမိကိုယ်ကိုသို့ ဖုံးကွယ်ထားခြင်း မရှိဖို့ဖြစ်သည်(သုတ္တံ ၂၈:၁၃) - ထိုသို့ဖြင့် ကျွန်တော်တို့သည် အပြစ်များကို ပို၍မုန်းကာ၊ အပြစ်တို့ကိုစွန့်ပစ်၍ လက်ဝါးကပ်တိုင်သို့ ပြေးကြမည်ဖြစ်သည်။ ကျွန်တော်တို့သည် မိမိတို့ထံ ဘုရားသခင် လုပ်ပေးသောကျေးဇူးတော်၏ လုပ်ပေးခြင်းကို စစ်ဆေးကြသည်၊ ထိုသို့ဖြင့် ကျွန်တော်တို့သည် ကျေးဇူးတော်သက်သက်ကြောင့်သာ အသက်ရှင်ကြလျှက်၊ လှုပ်ရှားကြလျှက်၊ မိမိတို့၏ဝိညာဉ်ရေးဖြစ်တည်မှုအား ရကြသည်ကို ပို၍နားလည်သဘောပေါက်ကြမည်ဖြစ်သည်။ ထို့အပြင် ကျေးဇူး တော်ကိုသာ ပို၍အားကိုးကြမည်ဖြစ်သည်။ ကျွန်တော်တို့သည် မိမိတို့တာဝန်ကို စစ်ဆေးကြပါသည်၊ ထိုသို့ဖြင့် တာဝန်ကျေခြင်းသည် ဝမ်းမြောက်ဖို့ဖြစ်သည်ကို သိလာနိုင်ကြရန်ဖြစ်သည်။ ထိုသို့ဖြင့် တာဝန်ကျေရန် ပို၍ပြင်းထန်စွာ ကြိုးစားကြမည်ဖြစ်သည်။ ထိုသို့ဖြင့် ဘုရားသခင်၏လမ်းတို့တွင် ဆက်လက်လျှောက်လှမ်းကြမည်ဖြစ်သည်။ ထို့နောက် ကျွန်တော်တို့သည် ခရစ်ယာန်ဘဝတခုလုံးကို စစ်ဆေးဖို့ရန်ဖြစ်ပါသည်။ ခရစ်ယာန်တဦးအနေနှင့်ပြုမူလှုပ်ရှားမှု၊ တွေ့ကြုံခံစားမှုများကို ဘုရားသခင်၏နုတ်တော်ထွက်ဖြင့် စစ်ဆေးကြရပါမည်။

ဘုရားသခင်၏နုတ်တော်ထွက်မှ ဖေါ်ပြသောပုံစံနှင့် ကျွန်တော်တို့၏ဘဝ၊ တွေ့ကြုံခံစားမှုတို့ မကိုက်ညီဘဲရှိလျှင်၊ ထို့အတွက် နောင်တရကြရမည်၊ ခရစ်တော်ထံ ပြေးဝင်ခိုလှုံရပါမည်၊ ကျေးဇူးတော်ကိုတောင်းခံရပါမည်။ ထိုအခါ မိမိကိုယ်ကိုစစ်ဆေးခြင်းသည် မိမိကိုယ်ကို ပြုပြင်ပြောင်းလဲခြင်း ဖြစ်လာပါမည်။ ထိုသို့ပြုခြင်းသည် ဘုရားသခင့် ဘုန်းတော်ထင်ရှားရန် အသီးအပွင့်များစွာ ရလာစေပါသည်။ ထို့အပြင် ကျွန်တော်တို့ကို ကျေးဇူးတော်နှင့်အသိပညာထဲ၌ ပို၍ကြီးပွားတိုးတက်လာစေပါသည်။